www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ကြိုးကြာ

## ဖကြောင်တစ်ရာမျက်ရှင်

ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄– လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း– ၂၉၆၁၁၀

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

ပန်းတစ်ပွင့်ကို နှစ်သက်မြတ်နိုးသူသည် ထိုပန်းကို ပန်ဆင်ဖို့ရန်သာ စိတ်ကူးပြီး နင်းခြေဖျက်ဆီးဖို့ စိတ်ကူးမည် မဟုတ်ပေ။

ဘဝကို တန်ဖိုးထားသူသည် ဘဝကို တိုးတက်အောင် ကြိုးစားပြီး ပျက်စီးအောင် ဖျက်ဆီးဖို့ စိတ်ကူးမည် မဟုတ်ပေ။

ဂိုးသွင်းကောင်းသော တိုက်စစ်မှူးတစ်ယောက်သည် သူတစ်ယောက်တည်း ရှိရုံနှင့်နဲ့တော့ ရည်ရွယ်ချက် ပြည့်မည် မဟုတ်ပေ၊ ဂိုးသွင်းဖို့ရန် အကူအညီပေးမည့်သူ ရှိမှ သူ့အတွက် အခွင့်အရေးရပေမည်၊ ထို့အတူ ဘဝခရီးလမ်းမှလည်း ရည်မှန်းချက်ပန်းတိုင်ရောက်ရန် အဖော်ကောင်းတစ်ယောက်တော့ လိုပါသည်၊

ကံနှင့်အလုပ်သည် အချိန်ကျလျှင် သူ့ဟာသာ ယှဉ်တွဲလေ့ရှိသည်။ သင်ကသာ သူတို့နှစ်ခုကို ယုံကြည်ပြီး ဘာမှ မလုပ်ဘဲ မနေပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

- မွေးဖွားမှုပန်းတိုင်မှ အစပြု၍ ခရီးထွက်ခဲ့သော ဘဝသည် သေဆုံးမှုပန်းတိုင်ရောက်သည်အထိ သူ့အလုပ်ကိုသာ သူ လုပ်လေ့ရှိသည်။ သင့်အလိုကျ ဘယ်သောအခါမှ မလုပ်ပေ။

- လူအတွက် အာဟာရ ကျွေးပေးရတယ်။
ဒီအထဲမှာ စိတ်ကိုကျွေးတဲ့ အာဟာရများရင်တော့ အသက်မသေရင်တောင် တစ်သက်လုံး နာလန်မထူတော့ဘူး။

- ချစ်သူရဲ့ မျက်နှာပြင်ပေါ်မှာ နေရောင်ခြည်လာမှ ပွင့်တဲ့ နေကြာပန်းရှိသလို လရောင်လာမှ ပွင့်တဲ့ နှင်းကြာပန်းလည်း ရှိပါတယ်။
ရေသောက်မြစ် လာရာလမ်းကတော့ အသည်းနှလုံး တစ်ခုတည်းပဲ ရှိပါတယ်။

- အတွင်းစိတ် ဖြူစင်လှပသူတွေရဲ့ အလှဟာ ...
အပြင်ပန်း ပြင်ဆင်ခြယ်သထားတဲ့ အလှအပတွေထက် တာရှည်ခံလေ့ရှိတယ်။

- အလှအပတစ်ခုပေါ်မှာ မှီပြီး တည်ဆောက်ထားတဲ့ အချစ်နန်းတော်ဟာ ထိုအလှပျက်စီးသွားတာနဲ့ တစ်ပြိုင်နက် နေရောင်ခြည်နဲ့တွေ့တဲ့ ရေခဲနန်းတော်လို တဖြည်းဖြည်း အရည်ပျော်သွားလေ့ရှိပါတယ်။



BURMESE CLASSIC .com

## ဒဿနလက်ဆောင်

- ဝေဒနာနဲ့ နာကြည်းမှုတွေဟာ လွမ်းဆွတ်ဖွယ်ကောင်းတဲ့ တေးသွားသံစဉ်များ ဖြစ်နိုင်သလို ခံစားချက်ပြည့်ဝသည့် ကဗျာတစ်ပုဒ်လည်း ဖြစ်နိုင်ပါတယ်။ ထိုအရာကို ခွန်အားအဖြစ် ပြောင်းလဲနိုင်သူသာ အောင်မြင်သူတစ်ယောက် ဟု သတ်မှတ်နိုင်ပါတယ်။

- အပူရှိန်ရှိတဲ့ နေရောင်ကို ရဲရဲဝံ့ဝံ့ မျက်နှာချင်းဆိုင်ဝံ့တဲ့အခါ အရိပ်က သင့်နောက်မှာပဲ နေရတယ်။
အပူရှိန်ကို ရင်မဆိုင်ဝံ့လို့ ကျောခိုင်းလိုက်တဲ့အခါ ထိုအရိပ်က သင့်ရှေ့ကို ရောက်သွားလိမ့်မယ်။

ကြင်နာမှုဟာ ... နိုင်ထက်စီးနင်း လုယူမှုထက် အချစ်စစ်ကို ပိုပြီး ရလွယ်နိုင်တယ်။

- အချစ်ဆိုတာ သူတစ်ပါးဆီက ယူတော့မယ်ဆိုရင် ကိုယ့်ဆီက အချစ်ကိုလည်း ပြန်ပေးရတယ်။ များများလိုချင်ရင် များများပေးရတယ်။ ဒါ့ကြောင့် တုံ့ပြန်မှုအရ ကြေကွဲဝမ်းနည်းရတော့မယ်ဆိုရင်လည်း အတူတူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သော အခန်းများ


အခန်း (၁) – လှေနံပေါ်က လက်တစ်ဖက်

အခန်း (၂) – ထူးဆန်းသော ကြောင်နက်အမြီးတော

အခန်း (၃) – ကြောင်တံဆိပ်နှင့် ငွေဒင်္ဂါးများ

အခန်း (၄) – ပိုက်တိုးမိနေသော ထူးဆန်းသည့်လူနာ

အခန်း (၅) – နီမောင်နှင့် ဆန်းကြယ်သော အိပ်မက်

အခန်း (၆) – မြနှင်းဖြူနှင့် လျှို့ဝှက်သော မျက်နှာများ

အခန်း (၇) – အမှောင်တွင်းမှ ကြောင်နက်ရန်စွယ်

အခန်း (၈) – ရွာသစ်သချိုင်း၌ ဆရာမြနှင့် တွေ့ရခြင်း

အခန်း (၉) – မေတ္တာစစ်နှင့် ချစ်မည့်သူ

အခန်း (၁၀) – ဦးဇန်ကောင်းပြောပြသည့် ပရလောကသားများ အကြောင်း

အခန်း (၁၁) – မပဟောဂနီရွာ၏ နိဂုံး

အခန်း (၁၂) – အချစ်နှင့် ဝေ့ဝါးနေသည့် ပုံရိပ်များ

အခန်း (၁၃) – ကြောင်နက်အမြီးတောနှင့် သစ္စာဖောက်အန္တရာယ်

အခန်း (၁၄) – လောဘသားတို့၏ ကံကြမ္မာနိဂုံး

အခန်း (၁၅) – ချစ်ကံဆုံသည့် ချစ်သူများ

အခန်း (၁၆) – အရှေးရခက်သည့် ငွေကြိုး






### အခန်း (၁)

### လှေနံပေါ်က လက်တစ်ဖက်

မိုးကုန်ပြီးစရာသီ၏ ညနေဆည်းဆာရောင်များက မြစ်ရေပြင်ပေါ်သို့ ဖြာဆင်းလျက်ရှိသည်။

ဆောင်းဝင်စ ညနေဆည်းဆာသည် မြူနှင်းငွေများဖြင့် ရစ်သိုင်းလျက်ရှိသည်။ မြစ်ရေပြင်တစ်လျှောက်တွင် ငွေရောင်လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ်ထနေသည်။ မြူနှင်းမှုန်များကြောင့် အလင်းရောင်က မှုန်မှုန်မှိုင်းမှိုင်းမျှသာ ရှိကြသည်။

ဂုံညှင်းတန်းမြစ်ရိုး၏ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် အုန်းပင်၊ ကွမ်းသီးပင်တောများက မှိုင်းမှိုင်းညိုညို့ ရှိနေကြသလို အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်၌ ရှိသော ကိုင်းတောကြီးများကလည်း လေအဟီတွင် တအိအိနှင့် ရှိနေကြသည်။

ဂုံညှင်းတန်းမြစ်သည် ဗိုလ်ကလေး (ဘိုကလေး) နယ်အတွက် အဓိကကျသော မြစ်တစ်စင်းဖြစ်သည်။ ဒေးဒရဲ၊ ဖျာပုံဘက်ရှိ ရွာ



www.burmeseclassic.com

ဝတီမြစ်မှ ခွဲထွက်လာကာ ဗိုလ်ကလေးမြို့သို့ရောက်သောအခါ မော်လမြိုင်ကျွန်း၊ ကျိုက်ပိဘက်မှ ဆင်းလာသော ကျိုက်ပိမြစ်နှင့် ပေါင်းဆုံပြီးနောက် ပျဉ်ဒရယ်သစ်တောများကို ဖြတ်သန်းကာ ပင်လယ်ထဲအထိ စီးဆင်းသွားသော မြစ်တစ်စင်းဖြစ်သည်။

မြစ်သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိရာ ယခုလို မိုးအကုန် ဆောင်းအကူး ရာသီမျိုးတွင် သာယာလှပသော ရှုခင်းများဖြင့် တင့်တယ်စွာ ရှိလေသည်။

ဗိုလ်ကလေးမြို့၏ အောက်ပိုင်း၌ လူနေရွာများ သိပ်မရှိလှသေးဘဲ သစ်တောများကသာ နေရာယူဖုံးကွယ်ထားလေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစအချိန် ၁၉၅၀ ခုနှစ်ဝန်းကျင်ပေမို့ ကျွန်းညိုကြီးအထက်ပိုင်းလောက်သာ ကျေးရွာငယ်များရှိပြီး ကျွန်းညိုကြီးမှ အောက်ဖက်တကြောမှာတော့ ကနစိုသစ်တောများသာရှိပေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များ မတရားသိမ်းပိုက်ထားစဉ်ကာလက သစ်တောကြီးများကို 'ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း' ဟု အမည်သတ်မှတ်ကာ ထင်းလုပ်စခန်းများ ဖွင့်လှစ်ခြင်း၊ သစ်ခုတ်သမားများကို လိုင်စင်များချပေးပြီး သစ်ထုတ်ယူခွင့်များ ပြုခဲ့လေသည်။

အထက်ဘက်ရှိ ကျွန်းနှင့် ပျဉ်းကတိုးသစ်များကိုတော့ ၎င်းတို့က စိတ်ကြိုက်ထုတ်ယူကာ နိုင်ငံခြားသို့ တင်ပို့ကြသည်။ သစ်ချောထည်အဖြစ် အသုံးမတည့်လှသော ကနစိုသစ်များကိုတော့ ထင်းအဖြစ် အသုံးပြုရန် လိုင်စင်များ ချပေးခဲ့သည်။





သစ်ကို မယူတော့ဘဲ အခွန်ငွေများကိုသာ အလုပ်သမားများထံမှ ကောက်ယူလေသည်။

ဒီရေတက်ရာ သစ်တောကြီးများ၌ အဓိ ကပေါက်သောသစ်မှာ ကနစိုသစ်ဖြစ်ပြီး အခြားသစ်များကတော့ လမု၊ လဗ၊ ဗျူး၊ ကျနု၊ မဒမ၊ သရော၊ သင်ပေါင်း၊ ယမနေ အစရှိသော သစ်အမျိုးအစားများပင် ဖြစ်၏။

သစ်ခုတ်သမားများက အဓိကခုတ်ယူသော သစ်အမျိုးအစားကတော့ ထင်းအဖြစ်သုံးသည့် ကနစိုသစ်ပင် ဖြစ်လေသည်။

၁၉၅၀ ခုနှစ်မတိုင်ခင် အချိန်ကာလလောက်က ဗိုလ်ကလေးမြို့ အောက်ပိုင်း ကျွန်းညိုကြီးလောက်မှာပင် ကနစိုသစ်များ ပေါပေါများများရသော်လည်း အင်္ဂလိပ်များ နှိပ်စက်သွားမှုဒဏ်ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလများမှာတော့ ကျွန်းညိုကြီးလောက်မှာတင် ကနစိုသစ်ကောင်းကောင်း မရနိုင်တော့ဘဲ ဖောင်ဝင်မြစ်ကိုကျော်၍ မိန်းမလှကျွန်း အစရှိသည့် ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း နယ်နိမိတ်အထိရောက်အောင်သွားမှ ကနစိုသစ်များ ရနိုင်ပေတော့သည်။

ကျွန်းညိုကြီးနှင့် အရှေ့ဘက်ကမ်း၊ အနောက်ကမ်းများမှာတော့ လယ်ရိုင်းတိုးသူများ တစ်စတစ်စ ရောက်လာကြရာမှ တဲစုများမှသည် ရွာငယ်အဖြစ်သို့လည်းကောင်း၊ ရွာငယ်များမှ တဖြည်းဖြည်းနှင့် ရွာကြီးများအဖြစ်သို့ ရောက်လာတော့သည်။

လယ်ရိုင်းတိုးသောနေရာများမှာ ရှေးယခင်က သစ်တောများ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သဖြင့် မြေဆီမြေသြဇာ ကောင်းလှသည်။ ထို့ကြောင့် တကူးတက ထွန်ယက်စိုက်ပျိုးစရာမလိုဘဲ စပါးမိုက်၍ ရနိုင်လေသည်။

ကနစိုပင်များ မရှိတော့သော်လည်း ကနစိုသစ်ငုတ်များကြား၌ စိုက်ပျိုးသော စပါးများမှာ ဖြစ်ထွန်းလှသည်။ သို့သော်လည်း ဂထာန်းညှော်သည့်ဒဏ်နှင့် တောထဲမှ ဆင်းလာသော မျောက်အုပ်များ၏ အန္တရာယ်၊ စပါးမှည့်ချိန်ရောက်လျှင် ရောက်လာတတ်သည့် ကြက်ဟုရွေးအုပ်များ၏ အန္တရာယ်များကိုတော့ ခံကြရသည်။

တောပြုန်းသွားသည်ဆိုသော်လည်း အသုံးမတည့်သော သစ်ပင်ကြီးများနှင့် သစ်ပင်များက နေရာအနှံ့အပြား၌ ကျန်နေသေးသဖြင့် လယ်ကွင်းချည်းသက်သက်တော့ မဖြစ်သေးချေ။

တောတစ်ဝက်၊ လယ်တစ်ကွက် အနေအထားမျှသာ ရှိသေးသဖြင့် မိန်းမလှကျွန်းဘက်မှ ကူးလာသည့် တောဆင်ရိုင်းများနှင့် တောကောင်ကြီးများ၏ အန္တရာယ်ကလည်း ရှိနေသေးသည်။

လယ်ရိုင်းတိုးကာစက မိမိတို့လယ်ကွက်များအနီး၌သာ ယာယီတဲများ ထိုး၍ နေကြသော်လည်း နောက်ပိုင်း တောကောင်များ၏ အန္တရာယ်များ ရှိလာသောကြောင့် တစ်ဦးချင်း မနေဝံ့ကြတော့ဘဲ နီးစပ်ရာအချင်းချင်း စုပေးနေထိုင်ကြရာမှ တဖြည်းဖြည်းနှင့် တဲစုကလေးများ ဖြစ်လာကြသည်။

နောက်တော့ တဖြည်းဖြည်းနှင့် များလာကာ ရွာဖြစ်လာသည်။ ထိုရွာကို ကျွန်းညိုကြီးကို အစွဲပြုလျက် ကျွန်းညိုကြီးရွာဟုပင် အလွယ်တကူ ခေါ်ခဲ့ကြရာမှ နောက်တော့ ထိုအမည်တွင်ခဲ့လေသည်။





ရှေးအခါက ဗိုလ်ကလေးမြို့ အောက်ပိုင်းတွင် တောရိုင်းမြေများ၊ လယ်ကွက်များကို အမှီပြုလျက် ပေါ်ပေါက်လာသော ကျေးရွာများထဲတွင် ကျွန်းညိုကြီးရွာမှာ အစော ဆုံးပေါ်ပေါက်ခဲ့သည့် ရွာတစ်ရွာဖြစ်ခဲ့လေသည်။

သို့သော်လည်း ရှေးဦးပိုင်းက နေထိုင်ကြသူများမှာ အသိပညာ ဖွံ့ဖြိုးမှု မရှိလှသေးဘဲ ရှေးရိုးအယူအဆဖြစ်သော စုန်း၊ နတ်၊ ကဝေ အစရှိသည့် အစွဲအလမ်းများကလည်း ရှိနေသေးသည်။

ကျွန်းညိုကြီးရွာမှာ တည်ထောင်စက အိမ်ခြေတစ်ရာမျှသာ ရှိသော်လည်း အောက်ပိုင်းနယ်မှာတော့ စည်ကားသော ရွာတစ်ရွာအဖြစ် ရှိခဲ့လေသည်။

ရွာတည်စက မြစ်ကမ်းနှင့် အတော်ဝေးသော ကုန်းပိုင်း၌ ဖြစ်သည်။ ကမ်းစပ်တကျောမှာတော့ ဗိုလ်တဲအချို့နှင့် သစ်တောများ ရှိလေသည်။

ဂုံညင်းတန်းမြစ်အရှေ့ဘက်မှာတော့ သကန်၊ ဓားမြချောင်း အစရှိသည့် ရွာစုများက စည်ကားလျက်ရှိနေချိန် ဖြစ်သည်။ အထက်ဘက်မှ အညာကုန်များ တင်ဆောင်လာသော အညာလှေကြီးများက ထိုရွာများအထိရောက်အောင် စုန်ဆင်းလာကြကာ ဈေးရောင်းကြသည်။

ငင်းတို့တွင် အညာဒေသထွက်ကုန်များဖြစ်သော ပဲမျိုးစုံ၊ ဆီ၊ ထန်းလျက်၊ ငရုတ်သီး၊ ကြက်သွန်၊ ခရမ်းချဉ်သီး၊ ဖရဲသီး၊ ဖရုံသီး၊ ခရမ်းသီး အစရှိသည်တို့ကို တင်ဆောင်လာကာ တောရွာများသို့



www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်ရောင်းချကြလေသည်။

ငင်းတို့ဆောင်လာသည့် ကုန်ပစ္စည်းများ ကုန်စင်အောင်
ရောင်းချပြီးပါက အောက်ဒေသထွက်ကုန်များဖြစ်သော ဆန်၊ ငါးပိ၊
ငါးခြောက်၊ ငံပြာရည်၊ ထင်းပေါက်ခြမ်း အစရှိသည့် ကုန်ပစ္စည်းများ
ကို တစ်ဖန်တင်ဆောင်၍ အညာအရပ်သို့ ပြန်ကြလေသည်။

အညာကုန်သည်များသည် လှိုင်းလေပြင်းထန်သော မိုးရာသီ၌
လာရောက်လေ့မရှိကြဘဲ မိုးလေကင်းစင်သော ရာသီဥတုအချိန်
ရောက်မှ ကုန်ရောင်းကုန်ဝယ်အလို့ငှာ အောက်အရပ်သို့ ဆင်းလာ
ကြလေသည်။

ငင်းတို့သည် တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်ရောင်းချ
ရင်းဖြင့် နောက်ဆုံး ငါးပိ၊ ငါးခြောက် ပေါလှသည့် ထင်းပွဲစခန်းများ
အထိ ရောက်အောင် ဆင်းကြလေသည်။

ထိုအချိန်က ဖောင်ဝင်မြစ်၊ မြောက်ဘက်ကမ်းလောက်မှာသာ
ရွာများရှိပြီး တောင်ဘက်ဖြစ်သော မိန်းမလှကျွန်း အပါအဝင် ပျဉ်
ဒရယ်သစ်တောကြိုးဝိုင်းအတွင်းမှာတော့ ရွာများမရှိသေးဘဲ ရေ
ကျော်ကြီး၊ ချောင်းမြကြီး၊ လဗတစ်ပင် အစရှိသည့် ချောင်းများ
အတွင်း၌ အစိုးရက လိုင်စင်ချပေးထားသည့် ထင်းပွဲစခန်းကြီးများ
ရှိကြလေသည်။

သစ်တောများအတွင်း၌ ဖြစ်စေကာမူ ထိုထင်းပွဲစခန်းများမှာ
ရွာတန်းများသဖွယ် စည်ကားလှသည်။

အထက်အရပ်မှ ဆင်းလာကြသည့် ဈေးရောင်းသော အညာ





လှေကြီးများက ရွာများသာမကဘဲ ထိုထင်းပွဲစခန်းများရောက်
အောင် ဆင်းကြလေသည်။ ထိုစခန်းများမှာမှ မိမိတို့ တင်ဆောင်
လာသည့် ကုန်ပစ္စည်းများ မကုန်လျှင်ပေ‌ ့ အောက်သို့ဆက်ဆင်း
ကာ ပင်လယ်ကမ်းခြေမှ ရွာများဖြစ်ကြသည့် ကန်၊ ဧရာ၊ ကမာ
အစရှိသည့် ရွာများရောက်အောင် ဆင်း၍ ရောင်းချကြသည်။

ထိုရွာများမှာ ငါး၊ ပုစွန် ဖမ်းသော အဓိကလုပ်ငန်းများ လုပ်ကိုင်
ကြသောကြောင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည် အစရှိ
သော ဒေသထွက်ကုန်များ ပေါပေါများများ ရရှိနိုင်ကြလေသည်။

အောက်အရပ်ဒေသရှိ ရွာများသို့ ဈေးရောင်းဈေးဝယ် လာကြ
သော ကုန်သည်လှေကြီးများထဲတွင် ဗိုလ်ကလေးမြို့နယ်ဘက်သို့
အမြဲတစေ လာရောက်လေ့ရှိသည့် ကုန်သည်လှေကြီးတစ်စင်း ရှိ
လေသည်။

ငင်းအညာဆန်လှေကြီးသည် အခြားအရပ်ဒေသများသို့သာ
နှစ်စဉ် မရောက်သည်ရှိသော်လည်း ဗိုလ်ကလေးမြို့နယ်ဘက်ရှိ
တောရွာများဘက်ကိုတော့ တစ်နှစ်တစ်ခေါက် မှန်မှန်ရောက်လာ
လေ့ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ...

ဗိုလ်ကလေးနယ်ဘက်တွင် ငါးပိ၊ ငါးခြောက် အစရှိသည့် ပင်
လယ်ငါး ငါးပိများ အဓိကထွက်သည့်နေရာများ ရှိသောကြောင့်ပင်။

ထိုအညာဆန်လှေကြီး၏အမည်မှာ 'နဒီမင်းသား' ဟု အမည်
ပေးထားကာ လှေပိုင်ရှင်လှေသူကြီး၏ အမည်ကတော့ဦးပန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဖြစ်လေသည်။

ဦးဗန်ကောင်းသည် အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိပြီး အသားညိုညို၊ အရပ်ဂင်တိုတိုနှင့် ကတုံးကို ပြောင်အောင် ရိပ်ထားလေသည်။ ကွမ်းကြိုက်သူမို့ ပါးစပ်ထဲမှာ ကွမ်းယာကို တမြုံ့မြုံ့ ဝါးနေလေ့ရှိပြီး သဘောမနောကောင်းလှသော လှေသူကြီးတစ်ဦးလည်း ဖြစ်သည်။

လှေပေါ်တွင် လှေထိုးသား ခြောက်ယောက်ပါပြီး သူနှင့် အကူအဖြစ် လိုက်လာသူ နီမောင်နှင့်ဆိုလျှင် အားလုံးခုနစ်ယောက်ပါသည်။ ရှေ့တွင် နှစ်ယောက်၊ နောက်တွင် တစ်ယောက်က လှေခတ်ပြီး ကျန်တစ်ယောက်က တက်မစင်ပေါ်မှ ပဲ့ကိုင်ပေးသည်။

ကျန်သုံးယောက်က လှေပက်သူပက်၊ ထမင်းချက်သူချက်နှင့် နီမောင်ကတော့ စာရင်းအင်းတွက်သော တာဝန်ကို ယူရလေသည်။

နီမောင်မှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိပြီး ညောင်တုန်းမြို့မှ ဖြစ်သည်။ ဦးဗန်ကောင်းနှင့် တစ်မြို့တည်းလည်းဖြစ်၊ ရပ်ဆွေရပ်မျိုးလည်း ဖြစ်သောကြောင့် အောက်အရပ်သို့ ကုန်ရောင်းကုန်ဝယ်ထွက်တိုင်း အဖော်အဖြစ် ခေါ်သွားလေ့ရှိသည်။

လှေတစ်ခေါက် ပြန်ရောက်တိုင်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက်၊ ငါးပိ စသည်တို့အပြင် လစာအဖြစ် ငွေကြေးကိုလည်းပေးသဖြင့် နီမောင်တို့မိသားစုအတွက်လည်း အဆင်ပြေလှသည်။

နီမောင်မှာ လူငယ်ပီပီ သွက်လက်ဖျတ်လတ်သူ ဖြစ်သောကြောင့် အားကိုးရသည်။ လှေဖြင့် ခရီးထွက်ရာတွင် လမ်းခရီး၌





တွေ့ကြုံရသော အန္တရာယ်များအပြင် ရေကြောင်း၊ လေကြောင်းများနှင့် ရာသီဥတုအခြေအနေပါ ကျွမ်းကျင်သူမို့ တော်ရုံကိစ္စများဆိုလျှင် ဦးဗန်ကောင်းအနေနှင့် ပြန်မကြည့်ရဘဲ နီမောင်နှင့်သာ မျက်နှာလွှဲထားလေ့ရှိသည်။

အထက်အရပ်မှ အောက်အရပ်သို့ ကုန်ရောင်းဆင်းသူများမှာ မိုးလေဝသကင်းသည့် ဆောင်းဦးတက်ရာသီများမှ အစပြုကာ နောက်တစ်နှစ် မိုးမကျမီ တစ်နွေလုံး ကုန်ရောင်းကုန်ဝယ်ထွက်လေ့ရှိသည်။

အထက်က ပါလာသော ကုန်များကို အောက်အရပ်မှာရောင်း၊ အောက်အရပ်မှ ပါလာသည့် ကုန်ပစ္စည်းများကို အထက်မှာ ပြန်ရောင်းဖြင့် အစုန်အဆန် သွားလာလေ့ရှိကြသည်။

မိုးကုန်သွားသည်နှင့် ဧရာဝတီမြစ်ရေက အထက်မှ အောက်အရပ်သို့ အစုန်သာရှိပြီး အဆန်မရှိတော့ပေ။ ထိုအခါ အထက်မှ အောက်သို့ စုန်ဆင်းရသည်မှာ သက်သာ၍ မြန်ဆန်သလောက် အောက်မှ အထက်သို့ ပြန်ဆန်တက်ရသောအခါ ခရီးလမ်းတစ်လျှောက်လုံး ရေဆန်ချည်းပဲ ဖြစ်သောကြောင့် ထိုအခါ ခတ်တက်ချည်း အားကိုး၍မရတော့ဘဲ လေကြောင်းသင့်လျှင် ရွက်ဖွင့်တက်ကြပြီး လေမလာလျှင်တော့ ထိုးဝါးနှင့် ထိုးတန်သည့်နေရာ ထိုး၊ ကြိုးဖြင့်ဆွဲ၍ တက်တန်တက်ဖြင့် ခရီးဆက်ကြရသည်။

ထိုအခါ ခွန်အားကို အစွမ်းကုန်သုံးကြရပြီး ထိုးဝါးထိုးကောင်းသူ၊ ပဲ့ကိုင်ကောင်းသူများပါမှ ခရီးတွင်လေသည်။ 'လှေထိုး၊ လှေလိုက်၊



www.burmeseclassic.com

လူမိုက်အလုပ်’ ဟူသော စကားရှိသည့်အတိုင်း ခွန်အားကို အစွမ်းကုန်အသုံးချကာ ပင်ပန်းကြီးစွာ လုပ်ရသော အလုပ်များပင်ဖြစ်၏။

ဒီတစ်ခေါက်မှာ ဦးဗန်ကောင်းတို့အတွက် ပွဲဦးထွက်ခရီးစဉ်ဆိုက မမှားပေ။

မိုးရာသီကတည်းက စုဆောင်းသိုလှောင်ထားသော ကုန်ပစ္စည်းများကို လှေဝမ်းအပြည့်တင်ကာ ညောင်တုန်းမှ ဧရာဝတီမြစ်ရိုးအတိုင်း စုန်ဆင်းခဲ့ကြသည်။

ရေစုန်ခရီးမို့ သက်တောင့်သက်သာ စုန်ဆင်းကြရသောကြောင့် လှေသမားများမှာ လှေခတ်ရင်းနှင့် သီချင်းတကြော်ကြော်နှင့် ပျော်နေကြသည်။

မော်ကျွန်းသို့ရောက်သောအခါ ကျိုက်ပိမြစ်ဘက်မှ ပတ်ကာ ဗိုလ်ကလေးမြို့သို့ ရောက်အောင် ခရီးဆက်သည်။

ဗိုလ်ကလေးမြို့သည် အရှေ့ဘက်မှ စီးဆင်းလာသော ဂုံညင်းတန်းမြစ်နှင့် အနောက်ဘက်မှ စီးဆင်းလာသည့် ရာဇူတိုင်မြစ်တို့ပေါင်းဆုံရာ ချွန်းအငူပေါ်တွင် တည်ရှိလေသည်။

ရာဇူတိုင်မြစ်နှင့် ဂုံညင်းတန်းမြစ်တို့သည် ဗိုလ်ကလေးမြို့တွင် ပေါင်းဆုံကြပြီး တောင်ဘက်အရပ်၌ ရှိသော ပင်လယ်ဘက်သို့ ဆက်လက်စီးဆင်းသွားလေသည်။

ဦးဗန်ကောင်းတို့သည် ညနေပိုင်းအချိန်တွင် ဗိုလ်ကလေးမြို့သို့ ရောက်လာကြသဖြင့် ချွန်းအငူထိပ်တွင် တစ်ညအိပ်နားကြပြီး နောက်တစ်နေ့ နေ့လည်ဘက် ရေကျချိန်ရောက်မှ အောက်ဘက်





သို့ ဆက်လက်စုန်ဆင်းကြသည်။

လမ်းခရီး၌ ရွာအတော်များများကို ဖြတ်သန်းခဲ့ပြီး ညနေစောင်းအချိန်လောက်တွင် ကျွန်းညိုကြီးသို့ ရောက်ခဲ့ကြလေသည်။

မှောင်ရီသမ်းစအချိန်ဖြစ်သောကြောင့် သစ်တောများဖြင့် ညို့နေသော ကျွန်းညိုကြီးကို အဝေးမှ လှမ်းမြင်ရကတည်းက လွမ်းသလိုလို ခံစားကြရသည်။

“ငါတို့ ဒီဘက်ကိုလာတာ တစ်ခေါက်မကတော့ဘူး၊ ဒီကျွန်းကြီးကို လှမ်းမြင်ရတိုင်း ဘယ်ကိုလွမ်းမှန်း မသိဘူး၊ စိတ်ထဲမှာ လွမ်းလာသလိုပဲကွ”

လှေခတ်နေရင်းနှင့် တစ်ယောက်က ပြောသည်။ ထိုအခါ ဘေးနားမှာရှိနေသော အခြားတစ်ယောက်က ..

“မင်းကလဲကွာ၊ အိမ်ကထွက်လာတာမှ ဆယ်ရက် မပြည့်သေးဘူး။ အိမ်က မိန်းမနဲ့ကလေးတွေကို သတိရနေပြီ မဟုတ်လား”

ဟု ပြောလိုက်သည်။

“အဲဒီလိုမဟုတ်ဘူးကွ၊ ရှေ့က ကျွန်းကြီးကိုကြည့်ပြီး အလိုလိုနေရင်းနဲ့ကို လွမ်းချင်သလိုလိုဖြစ်လာတာကွ”

“ဒီကျွန်းက ကိုယ်နဲ့ဘာဆိုင်လို့ မင်းက လွမ်းချင်ရတာလဲ”

“အဲဒါတော့ ငါလဲ မသိဘူး၊ လှေသူကြီး ပြောဖူးတာကတော့ ကျွန်းညိုကြီးဆိုတော့ သမိုင်းဝင်နေရာဟာစ်ခုဖြစ်လို့ နတ်ကြီးတယ်လို့ ပြောတယ်၊ အမှားအယွင်းတစ်ခုခု လုပ်မိတာနဲ့ ချက်ချင်းဒုက္ခတွေ့တာပဲတဲ့”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားကွာ"

"ဟုတ်မှာပေါ့၊ ဒီကျွန်းက ဦးရှင်ကြီးနတ်ကို ရေစာချကျွေးခဲ့တဲ့နေရာလေ၊ တောင်ဘက်ကျွန်းထိပ်ဘက်မှာ ရေစာကျွေးတဲ့ လှေဝမ်းဗိုက်ရာကြီးတောင် အနုထိရှိသေးတယ်၊ အဲဒါကြောင့် ဒီကျွန်းနားကို ညနေပိုင်း နေဝင်ရီတရော ရောက်လာတဲ့လှေသမားတိုင်း လွမ်းချင်သလိုလို ဘာလိုလို ဖြစ်လာတာနေမှာပေါ့"

ဟု ပြောဆိုကာ လှေကိုခတ်လာကြရာ ကျွန်းထိပ်ပိုင်းသို့ ဝင်ရောက်လာကြသည်။

ရှေးယခင်က တောမှာ ညို့နေအောင် ကောင်းလှပြီး ဆင်ရိုင်း၊ ကျားရိုင်း ပေါလှသောကြောင့် ယခုကဲ့သို့ နေဝင်ရီတရောအချိန်မျိုးဆိုလျှင် ဘယ်သူမှ ကျွန်းနားသို့ မကပ်ဝံ့ကြတော့ပေ။

သစ်ခုတ်လှေများ ရောက်နေကြလျှင်လည်း နေမစောင်းခင် တောပေါ်မှ ပြန်ဆင်းကာ လှေကို ကမ်းမှခွာ၍ မြစ်လယ်မှာ ထွက်နေကြရလေသည်။

ယခုတော့ တောလည်း ပါးသွားပြီး လယ်မြေအချို့ဖြစ်ကာ လူများလည်း ရောက်လာကြပြီမို့ ယခင်ကလောက် မဆိုးတော့ပေ။ ဦးဗန်ကောင်းတို့ စီးနင်းလိုက်ပါလာသော လှေကြီးမှာ ကျွန်းညိုကြီး ကျွန်းထိပ်သို့ ရောက်သည်နှင့် ဆည်းဆာရောင်များ ပျောက်ကာ တဖြည်းဖြည်းနှင့် အမှောင်ရိပ်များ သမ်းလာလေတော့သည်။

"အဘ၊ ကျွန်တော်တို့ ဘယ်နေရာမှာ စခန်းချရင် ကောင်းမလဲ"

နီမောင်က ပဲ့စင်ပေါ်မှာ တက်မကိုင်ပေးနေရင်း ပေါင်းမိုး





အပေါက်ဝနားမှာ ထိုင်ကာ ကွမ်းစားနေသော ဦးဗန်ကောင်းကို လှမ်းမေးလိုက်သည်။

"တန်ဆောင်မုန်း၊ တောင်ကတုံးမှာ မအိပ်နဲ့ လို့ ရှေးက လှေသမားတွေ စာရှိတယ်၊ လေကွယ် မိုးကွယ်ရတဲ့နေရာမှာ ဝင်အိပ်ကြတာပေါ့"

"ဒီလိုဆိုရင် တောစပ်တစ်နေရာရာမှာ ဝင်အိပ်ကြတာပေါ့"

"လှနေတဲ့ တဲလေးဘာလေးနဲ့ နီးရင်တော့ ပိုကောင်းတာပေါ့"

"ဒီကျွန်းပေါ်မှာရှိတဲ့ ရွာက ကမ်းစပ်နဲ့ အဝေးကြီးမှာ၊ ဒါပေမယ့် ကမ်းစပ်မှာရှိတဲ့ ဗိုလ်တဲကလေးဘာလေး တွေ့ရင်တော့ ကောင်းမှာပဲ"

ဟု ပြောဆိုနေစဉ် လှေဦးနှင့် တည့်တည့်လောက်ရှိ တောစပ်တစ်နေရာလောက်ဆီမှ အမှောင်ထဲတွင် မီးလုံးကဲ့သို့ အရောင်တစ်ခုက ကောင်းကင်ပေါ်သို့ ပျံတက်လိုက်၊ အောက်သို့ကျလိုက်နှင့် ဖြစ်နေသည်ကို လှမ်းမြင်ရသည်။

"ရှေ့မှာတော့ မီးရောင်တစ်ခု လှမ်းမြင်ရတာ အဘရေ၊ ဒါပေမယ့် မီးရောင်က အပေါ်တက်လိုက်၊ အောက်ပြန်ကျသွားလိုက်နဲ့ အတော်ကလေးဆန်းတယ်"

"ဟော ...ဘယ်မှာလဲဟ"

ဦးဗန်ကောင်းက ကပျာကရာနှင့် ပေါင်းမိုးထဲမှ ထွက်လာသည်။ နီမောင်က တက်မကိုင်နေရင်းမှ မီးရောင်မြင်နေရသော ကမ်းဘက်သို့ လက်ညှိုးထိုးပြသည်။ သူ ညွှန်ပြသော တောဘ



www.burmeseclassic.com

www.burmeseclassic.com



၌ မီးလုံးကြီးက အပေါ်တက်လိုက်၊ အောက်ပြန်ကျလိုက်နှင့် လှုပ်ရှားလျက်ရှိသည်။

"အဘ၊ အဲဒီမီးလုံးက ဘာလဲ"

"ငါလဲ အတပ်မပြောနိုင်ဘူး၊ တို့လှေကို အဲဒီကမ်းစပ်မှာပဲ ကပ်ကွာ၊ ဒီည အဲဒီမှာပဲ တစ်ညနားကြမယ်"

ဟု ဦးဇန်ကောင်းက ပြောသဖြင့် နီမောင်က တက်မကိုဆွဲ၍ လှေဦးကို ကမ်းစပ်ဘက်သို့ ဦးတည်ပေးလိုက်လေသည်။ ကျွန်းညို ကြီးကမ်းခြေတစ်လျှောက်မှာ အမှောင်ရိပ်ကြောင့် မြင်ကွင်းများမှာ ဝိုးတဝါးသာ မြင်နိုင်တော့သည်။

ချောင်းကမ်းစပ်သို့ ကိုင်းကျနေသော သစ်ပင်ကြီးများ၏ အရိပ်များက မကောင်းဆိုးဝါးသဏ္ဌာန်များကဲ့သို့ အမျိုးမျိုးပြောင်းလဲလျက် ရှိကြသည်။

သူတို့လှေ ကမ်းစပ်သို့ ကပ်မိပြီး အတန်ကြာသောအခါ စောစောက လှမ်းမြင်နေရသော မီးလုံးကြီးမှာ ပျောက်ကွယ်သွားလေတော့သည်။ လှေသမားများက လှေကြိုးချည်ခြင်း၊ ထိုးဝါးကန်ခြင်း၊ ကျောက်ချခြင်းများ ပြုလုပ်ကာ လှေကို နေသားတကျ ပြုလုပ်ပြီးသောအခါ မောမောပန်းပန်းနှင့် ညစာ စားသောက်ကြလေတော့သည်။ လှေဝမ်းအလယ်၌ မီးဖိုရှိပြီး မီးဖိုပေါ်တွင် လက်ဖက်ခြောက်များများခပ်ထားသော ရေနွေးအိုးကို တည်ထားလေသည်။

လှေသမားအားလုံး ထိုမီးဖိုအနီး၌ ဝိုင်းထိုင်ကာ ထမင်းစားကြလေသည်။ ဗိုလ်ကလေးဆိပ်ကမ်း၌ရှိစဉ် ပိုက်လှေတစ်စင်းမှ ဈေး





ချို့ချို့ဖြင့် ဝယ်၍ ချက်ထားသော ငါးသလောက်ဟင်းနံ့မှာ မွှေးကြိုင်နေလေသည်။

လှေသမားအားလုံးမှာ တစ်နေ့ကုန် ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ကြသောကြောင့် ယခုလို အနားယူစားသောက်ချိန်မှာ တနင့်တပိုးဖြစ်သည်အထိ စားကြသောက်ကြလေသည်။

အားလုံး ထမင်းစားကောင်းနေကြစဉ် မလှမ်းမကမ်းဆီမှ တဒေါက်ဒေါက်နှင့် လှော်လာသော လှေသံကို ကြားရသည်။ ပေါင်းမိုးအတွင်းမှ လှမ်းကြည့်လိုက်တော့လည်း အမှောင်ထုက ဖုံးလွှမ်းထားသောကြောင့် ကောင်းစွာမမြင်ရပေ။

ကောင်းကင်ပေါ်၌ လရောင်မှုန်ပျပျ ရှိနေသဖြင့် လှေအနီးပတ်ဝန်းကျင်သို့ ဝိုးတဝါးတော့ လှမ်းမြင်ရသည်။ ကြားနေရသော လှေတက်သံက တဖြည်းဖြည်းနှင့် နီးလာလေသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

လှေတက်သံက တစ်ယောက်တည်း လှော်လာသောတက်သံမှို့ နိုးရိမ်စရာတော့ မရှိလှပေ။ ခဏကြာတော့ လှေကြီးနံဘေးသို့ 'ဒုန်းခနဲ' ဝင်တိုက်လိုက်သော အသံကြီးကို ကြားရလေသည်။

ထို့ကြောင့် နီမောင်က ပေါင်းမိုး၌ ချိတ်ဆွဲထားသော မီးအိမ်ကို ဖြုတ်၍ ဘေးသို့ထွက်ကာ ငုံ့ကြည့်လိုက်သည်။ ဦးစွာ လှေ၏ လက်ရန်းကို လှမ်းကိုင်ထားသော လက်တစ်ဖက်ကို မြင်ရသည်။

"ဟင် ..."

လှေလက်ရန်းကို ကိုင်ထားသောလက်မှာ အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလှသော အဖွားအိုတစ်ယောက်၏ လက်မျိုးကဲ့သို့ အကြောပြိုင်းပြိုင်း၊ အရိုးပြိုင်းပြိုင်းထကာ ပိန်ကပ်လျက်ရှိသည်။

နီမောင်က မီးအိမ်ကို မြှောက်၍ အောက်သို့ ငုံ့ကြည့်လိုက်သည်။ လှေကြီးနံ့ဘေးမှာ လှေငယ်တစ်စင်း ယှဉ်၍ ကပ်ထားသည်။ လှေဝမ်းအလယ်လောက်မှာ အဖွားအိုတစ်ဦး ထိုင်နေသည်။ ခေါင်းက မော့မကြည့်သဖြင့် ကျိုးတို့ကျဲတဲ ဆံပင်ဖြူအချို့ကိုသာ မီးရောင်ဖြင့် မြင်ရသည်။

"အဖွား ... ဘာလိုချင်လို့လဲ"

"ထမင်းမစားရသေးလို့ထမင်းရှိရင် နည်းနည်းလောက်ပေးပါကွယ်"

ဟု အောက်မှ ဦးခေါင်းမော့မကြည့်ဘဲ အသံကတုန်ကရင်ဖြင့် လှမ်းတောင်းသဖြင့် နီမောင်က လှေသမားတစ်ယောက်ကို ထမင်းနှင့်ဟင်း ထည့်ပေးရန် လှမ်းပြောလိုက်သည်။

"ဘာတဲ့လဲ"

ဦးဗန်ကောင်းက ထမင်းစားရင်း လှမ်းမေးသည်။

"အောက်မှာ အဖွားကြီးတစ်ယောက် ထမင်းတောင်းနေလို့ အဘ"

"တို့ရဲ့လှေကြီးလက်ရန်းကို လှမ်းဆွဲထားတာ သူ့လက်လား"

"ဟုတ်တယ် အဘ"

"ဒီလောက်အမြင့်ကြီးကို သူ့လက်နဲ့လှမ်းဆွဲထားတာတောင်မှ မင်းက မရိပ်မိသေးဘူးလား"

"ဟင် ..."

"သူ လှေထဲမှာ ထိုင်နေတာလား၊ မတ်တတ်ရပ်နေတာလား"





"ထိုင်နေတာ အဘ"

"တို့လှေအမြင့်က လေးတောင်လောက်ရှိတယ်၊ သူ့လက်က တစ်တောင်ကျော်ကျော်ပဲ ရှိတာ၊ ဘာ့ကြောင့် လှမ်းဆွဲထားနိုင်တယ်ဆိုတာ ကြည့်ပါဦးလား"

ဦးဗန်ကောင်းက ထမင်းစားနေရင်းမှ လှမ်းပြောလိုက်သောအခါမှ နီမောင်က အောက်သို့ ငုံ့ကြည့်လိုက်ပါသည်။ ဦးဗန်ကောင်းပြောသကဲ့သို့ပင်။

လှေငယ်ထဲမှာ ထိုင်နေသောအဖွားကြီးက သာမန်ထက် ပို၍ရှည်နေသော လက်တစ်ဖက်ဖြင့် လှေကြီးအပေါ်မှ လက်ရန်းကို လှမ်းဆွဲကိုင်ထားခြင်းဖြစ်၏။

"ကောင်လေး၊ မင်း အောက်ကို ငုံ့ကြည့်မနေနဲ့၊ သူက မော့ကြည့်လိုက်ရင် ကြောက်စရာကောင်းတဲ့ မျက်နှာကို တွေ့ရမှ လန့်နေဦးမယ်"

"ဒါ ... ဒါဖြင့် ဘယ်လိုလုပ်ရမလဲ အဘ"

"ပရိတ်ကလေးဘာလေး ရွတ်ပြီး နှင်ပစ်လိုက်ပေါ့ကွ"

ထိုအခါမှ နီမောင်က သူ ရထားသော ဂုဏ်တော်နှင့် ပရိတ်များကို စပ်တိုးတိုး ရွတ်ဖတ်လေသည်။ သူ ပရိတ်ရွတ်နေစဉ် ကျန် လှေသမားများကလည်း ထမင်းဆက်မစားကြဘဲ အခြေအနေကို လှမ်းကြည့်နေသည်။

အချို့ကလည်း ရရာပရိတ်များကို ရွတ်နေကြသည်။ ထိုသို့ ပရိတ်များ ရွတ်ဖတ်လိုက်သောအခါ လှေကြီးနံ့ဘေး၌ ယှဉ်၍ကပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော လှေကလေးမှာ တဖြည်းဖြည်းနှင့် ကွာသွားလေသည်။

သို့သော် ရှည်လျားသောလက်တံကြီးက လှေနံကို ဆွဲမြဲ ဆွဲထားလေသည်။

"ထွက်သွားပလား"

ဦးဗန်ကောင်းက လှမ်းမေးသည်။

"လှေက ကွာသွားပြီ၊ လက်က ဆွဲထားတုန်းပဲ၊ ခတ်တက်တိုင်နဲ့ ရိုက်လိုက်ရမလား အဘ"

"အဲသည်လိုရိုက်လို့ ဘယ်ပြုတ်မလဲ၊ တခြားဂုဏ်တော်တွေ ရွတ်လို့ မခွာရင် သမ္ဗုဒ္ဓေဂါထာတော်ကိုသာ ရွတ်လိုက်၊ ဒင်း ပြေးလိမ့်မယ်၊ ကဲ အားလုံး ဝိုင်းရွတ်ကြဟေ့"

ဟု ပြောလိုက်သဖြင့် နီမောင်ရော၊ လှေသားများပါ သမ္ဗုဒ္ဓေဂါထာတော်ကို သံပြိုင်ရွတ်လိုက်တော့မှ သမ္ဗုဒ္ဓေဂါထာတစ်ပုဒ်ဆုံးသွားသည်နှင့် လှေနံကို ဆွဲကိုင်ထားသော လက်တံရှည်ကြီးမှာ ပြုတ်ကျသွားပြီးနောက် လှေကလေးမှာလည်း ရေစီးအတိုင်း တရွေ့ရွေ့ မျောပါသွားလေတော့သည်။ ထိုအခါမှပင် အားလုံး သက်ပြင်းချနိုင်တော့သည်။

"အဲဒါ ဘာလဲ အဘ"

"နာနာဘာဝတွေ ဖြစ်မှာပေါ့ကွာ"

"ဒီနေရာတွေက နယ်မြေကြမ်းပုံရတယ်၊ ရောက်တောင် မရောက်သေးဘူး၊ အခြောက်အလှန့် ခံနေရပြီ"

"အခု တော်သေးတာပေါ့၊ အရင်ကဆိုရင် ကျွန်းရဲ့အနားကို





တောင် ကပ်လို့ရတာ မဟုတ်ဘူး၊ ဒါပေမယ့် ဘာမှ ကြောက်စရာမရှိဘူး။ ငါတို့မှာ လုံခြုံစိတ်ချရတဲ့ ပရိတ်တော်၊ ဂုဏ်တော်တွေ ရှိတာပဲ၊ အကြောင်းရှိရင် အားကိုးလို့ရတာပဲ၊ နာနာဘာဝဆိုတဲ့ ဝိညာဉ်လောကသားတွေကတော့ ကိုယ့်မျက်စိနဲ့သာ မမြင်ရတာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ အများကြီးရှိတာပဲ"

"ဒါဖြင့် ကျွန်တော်တို့ စောစောက နာနာဘာဝကို မြင်လိုက်ရတာ ဘာကြောင့်လဲဟင်၊ ကုသိုလ်ကံ နိမ့်လို့လား"

လှေသားတစ်ယောက်က မေးသည်။

"ကံနိမ့်တိုင်းသာ ပရလောကသားတွေကို မြင်နေရရင် လူအတော်များများက ပရလောကသားတွေကို မြင်နေရမှာပေါ့။ အဲဒီလို မဟုတ်ပါဘူး၊ ပရလောကသားတွေကို မြင်ရတယ်ဆိုတာ အကြောင်းဆက်တစ်ခုရှိလို့ ဖြစ်မှာပါ"

"ဘယ်လိုအကြောင်းဆက်လဲ အဘ"

"အဲဒါတော့ အခုလောလောဆယ် ဘယ်သိမှာလဲ၊ နောက်တော့မှ သိချင်သိရမှာပေါ့။ ကဲ ... ကဲ မင်းတို့လဲ တစ်နေကုန် ပင်ပန်းလာကြတယ်၊ စားသောက်ပြီး အိပ်ကြပေတော့၊ မအိပ်ခင်တော့ ဘုရားစာ၊ တရားစာလေးတွေ ရွတ်ဆိုပြီးမှ အိပ်ကြ"

"ဟုတ်ကဲ့ လှေသူကြီး"

ထို့နောက် လူစုခွဲကာ အသီးသီးအိပ်ရာဝင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

### ထူးဆန်းသော ကြောင်နက်ကလေး

အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်ထားလေသည်။ အပြင်ဘက်မှ လရောင်အနည်းငယ်ရှိသော်လည်း မိမိတို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ အမှောင်ထုက ပိန်းပိတ်အောင် ကာဆီးထားလေသည်။

အိပ်ပျော်နေရာမှ နားထဲမှာ ကြားလိုက်ရသော အသံအချို့ကြောင့် လန့်နိုးလာသည်။ ကြည့်လိုက်တော့ သူ့နံဘေးမှာ အိပ်နေကြသော လှေသမားများမှာ တစ်ယောက်မှ မနိုးကြပေ။

အချို့ဆိုလျှင် ဟောက်သံများထွက်နေသည်အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြသည်။ ရေကျချိန်ဖြစ်သောကြောင့် ရေစီးသံများကို အတိုင်းသား ကြားနေရသည်။ နှင်းမှုန်နှင်းငွေ့များကို သယ်ဆောင်လာသော လေက လှေပေါင်းမိုးမှ အတွင်းသို့ တိုးဝင်လာရာ ချမ်းစိမ့်စိမ့်ဖြစ်နေသည်။





စောစောက အိပ်ပျော်နေစဉ်မှာ အမှတ်တမဲ့ကြားလိုက်ရသော အသံမှာ ကမ်းစပ်ဘက်ဆီမှ ဖြစ်သည်။ လှမ်းကြည့်လိုက်တော့ သစ်တောများသာ တွေ့ရပြီး အခြား ဘာမှမမြင်ရပေ။

သို့သော်လည်း စိတ်ထဲမှာ မသင်္ကာသောကြောင့် နေရာမှ ထကာ စောစောက အသံကြားရာဘက်သို့ ဇဝေဇဝါဖြင့် လှမ်းကြည့်သောအခါ တောစပ်ရှိ သစ်ပင်တစ်ပင်ပေါ်မှ ဝင်းလက်နေသော အရာနှစ်ခုကို သတိပြုမိလေသည်။

ကမ်းစပ်၌ ပေါက်နေသော သစ်ပင်မှာ ကမ္ဗလာပင်တစ်ပင် ဖြစ်ပြီး ရေစပ်သို့ ကိုင်းကျနေလေသည်။ နီမောင်လှမ်းမြင်နေရသော ဝင်းလက်တောက်ပြောင်နေသည့် အရာက ထိုသစ်ပင်ကြားထဲမှ ဖြစ်သည်။

နီမောင်က အမှောင်ထဲမှာမို့ အသေအချာ ကြည့်နေစဉ် ထိုအရာက တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားသွားလာလျက်ရှိသည်။

"တောသတ္တဝါ တစ်ကောင်ကောင်ဖြစ်မယ် ထင်တယ်"

ဟု တွေးကာ အိပ်ရာနံဘေးနားမှာ ချထားသော နှစ်တောင့်ထိုးလက်နှိပ်ဓာတ်မီးကို ယူ၍ ထိုနေရာသို့ ထိုးကြည့်လိုက်သည်။

အလင်းရောင်ဖြင့် ထိုးကြည့်လိုက်တော့လည်း သစ်ပင်ခွကြား၌ ဘာမှ မတွေ့ရပြန်ပေ။ သို့ကြောင့် လက်နှိပ်ဓာတ်မီးကို ပြန်မှိတ်၍ ကြည့်ပြန်တော့ စောစောက သစ်ပင်ခွကြားမှာ လှုပ်ရှားသွားလာနေသော အလင်းရောင်နှစ်ခုကို မြင်တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဦးဗန်ကောင်းက ချောင်းဟန့်၍ အိပ်ရာမှ ထလာသည်။

"နီမောင်၊ ဘာထိုင်လုပ်နေတာလဲ"

"ဟိုသစ်ပင်ပေါ်မှာ ဘာလဲမသိဘူး အဘ"

နီမောင် လက်ညှိုးထိုးပြရာသို့ ဦးဗန်ကောင်းက လှမ်းကြည့်သည်။ ဝင်းလက်နေသည့် အရာနှစ်ခုကို တွေ့သောအခါ ...

"မီးရောင်နဲ့ လှမ်းထိုးကြည့်စမ်းကွာ"

ဟု ပြောသဖြင့် နောက်တစ်ကြိမ် မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်ပြန်တော့လည်း ထိုနေရာမှာ ဘာမှ မတွေ့ရပြန်ပေ။

"မီးစုန်းခုတ်တွေများလား"

ဦးဗန်ကောင်းက တိုးတိုး ရေရွတ်သည်။

"မီးစုန်းခုတ်ဆိုရင် လေထဲမှာ လွင့်မျောနေမှာ မဟုတ်ဘူးလား အဘ၊ အခု မြင်နေရတာက မီးစုန်းခုတ်မျိုး မဟုတ်ဘူး၊ သတ္တဝါတစ်ကောင်ကောင်ရဲ့ မျက်လုံးနဲ့တူတယ်"

မကျေနပ်သဖြင့် နောက်တစ်ကြိမ် မီးရောင်ဖြင့် လှမ်းထိုးကြည့်တော့လည်း သစ်ပင်ပေါ်မှ အလင်းရောင်က ပျောက်သွားသည်။

"အင်း ... ဒါဟာ ရိုးရိုးမီးစုန်းခုတ် မဟုတ်နိုင်ဘူး၊ သတ္တဝါတစ်ကောင်ကောင်နဲ့ သက်ဆိုင်တဲ့ မီးစုန်းခုတ်ပဲ ဖြစ်မှာပဲ၊ ငါထင်တာမှန်ရင်တော့ ဟန်ကျပြီ"

ဟု ပြောဆိုရေရွတ်ကာ ပေါင်းမိုးအတွင်းပိုင်းသို့ ပြန်ဝင်သွားသည်။ ခဏကြာတော့ သူ သွားလေရာ အမြဲယူဆောင်လေ့ရှိသော





ဆေးလွယ်အိတ်ကြီးကို ယူလာသည်။

"နီမောင်၊ မီးထိုးပြစမ်း"

ဟု ပြောသဖြင့် နီမောင်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြသည်။ ဦးဗန်ကောင်းက လွယ်အိတ်အတွင်းမှ ဆေးကွမ်းအစ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ဆေးကွမ်းအစ် အလယ်ဆင့်မှ အဝတ်စအနက်တစ်ခုကို ထုတ်ယူလိုက်ပြီး နီမောင်ကို လှမ်းပေးသည်။

"ရော့ ဒီဆေးပဝါကို မင်းမျက်လုံးမှာ ပိတ်စည်းပြီးတော့ စောစောကနေရာကို လှမ်းကြည့်လိုက်စမ်း"

ဟု ပြောသဖြင့် နီမောင်က ထိုပဝါနက်ကို မျက်လုံးနေရာ၌ ပိတ်စည်း၍ စောစောက နေရာသို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ စောစောက လှမ်းမြင်ရသည့် အလင်းရောင်နှစ်ခုပျောက်သွားပြီး အံ့ဩဖွယ်ကောင်းလှသည့် မြင်ကွင်းကို မြင်ရလေသည်။

အခြားမဟုတ်ပေ။ ခန္ဓာကိုယ်တစ်ခုလုံး အရိုးစုဘဝရောက်နေပြီး ဦးခေါင်းက အကောင်းပကတိအတိုင်းရှိနေသော ကြောင်နက်တစ်ကောင်ကို တွေ့မြင်ရသောကြောင့် ဖြစ်သည်။

ကြောင်မှာ ကိုယ်ခန္ဓာကသာ အရိုးစုဘဝရောက်နေသော်လည်း ဦးခေါင်းပိုင်းကတော့ သက်ရှိကြောင်တစ်ကောင်အလားလှုပ်ရှားလျက် ရှိနေသေးသည်။

"ဟင် .."

"ဘာမြင်ရသလဲ နီမောင်"

"ကြောင်နက်တစ်ကောင်ကို တွေ့ရတယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးသလဲ"

"ထူးတယ် အဘ၊ ခန္ဓာကိုယ်တစ်ခုလုံး အရိုးကျနေပြီး ခေါင်းက အကောင်းအတိုင်းပဲ ရှိသေးတယ်"

"ဟေ ..."

"ကိုယ်ကသာ အရိုးကျနေပေမယ့် မျက်လုံးတွေက အကောင်းအတိုင်းပဲ ရှိနေသေးတယ်၊ သူ သစ်ပင်ပေါ်တက်ပြီး ကျွန်တော်တို့လေကို လှမ်းကြည့်နေတယ်"

"ဒါ အမှန်ပဲလား၊ မင်းမျက်နှာပေါ်က စည်းထားတဲ့ပဝါကို ငါ့ကို ခဏပေးစမ်း"

ဟုပြောကာ ဦးဇန်ကောင်းက နီမောင့်မျက်နှာပေါ်မှာ စည်းထားသောပဝါကို ယူပြီး သူ့မျက်နှာပေါ်သို့ စည်းကာ စောစောက အလင်းရောင်မြင်ရသောနေရာသို့ လှမ်းကြည့်လိုက်သည်။

သူ ကြည့်သောအချိန်မှာ သစ်ပင်ပေါ်မှာ ဘာမှမရှိတော့ပေ။

"ဟင် ..."

"တွေ့ရသလား အဘ"

"ငါ ကြည့်တော့ သစ်ပင်ပေါ်မှာ ဘာမှ မတွေ့ရတော့ဘူး"

"သူ သစ်ပင်ပေါ်က ပြန်ဆင်းသွားပြီ အဘ"

ဟု နီမောင်က ပြောလိုက်သဖြင့် ဦးဇန်ကောင်းက မျက်နှာပေါ်မှ အဝတ်နက်ကို ပြန်ဖြုတ်ပြီးနောက် ဆေးကွမ်းအစ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"အဘ၊ စောစောက မြင်လိုက်ရတာ ဘာလဲဟင်"





"စောစောက မင်းမြင်လိုက်ရတာ ကြောင်နက်အမြုတေပဲ ဖြစ်ရမယ်"

"ကြောင်နက်အမြုတေဆိုတာ ဘယ်လိုဟာမျိုးလဲ အဘ"

"ကြောင်နက်ဆိုတော့ မူလဓာတ်ကိုက သိဒ္ဓိရှိတဲ့ သတ္တဝါမျိုးပဲ၊ သို့သော်လည်း 'အနက်' ဆိုတဲ့ အဓိပ္ပာယ်ကတော့ မကောင်းတဲ့ဘက်မှာ အကျိုးပြုလေတော့ အများအားဖြင့်တော့ ကြောင်နက်တွေကိုလဲ မကောင်းဆိုးဝါးတွေရဲ့ စေတမန်အဖြစ် အားလုံးက သတ်မှတ်ထားကြတယ်"

"ကြောင်နက်နဲ့ အမြုတေက ဘယ်လိုပတ်သက်တာလဲ"

"ကြောင်နက်ရဲ့ မူလသဘောက တနင်္လာ (၂) ဂဏန်းနဲ့ စနေနံ (၇) ဂဏန်းနှစ်ခု ပေါင်းထားတော့ နဝင်းဓာတ်ဖြစ်ပြီး ဂမ္ဘီရဆန်တဲ့ သတ္တဝါတွေထဲမှာ ပါတယ်၊ ကြောင်နက်ရဲ့ မူလသဘောကိုက လျှို့ဝှက်နက်နဲခြင်းကို ဆောင်တယ်၊ အမြုတေဆိုတာကတော့ ကြောင်အကောင်တစ်ရာ၊ တစ်ထောင်မှာတောင် တစ်ကောင်ပါဖို့ ခဲယဉ်းတဲ့ သိဒ္ဓိရှိတဲ့ အရာမျိုးပေါ့"

"ဟုတ်ကဲ့"

"အခု လူတွေအသုံးပြုနေတဲ့ ပုလဲဆိုတာ ကမာကောင်ကဖြစ်တဲ့ အမြုတေဓာတ်တစ်မျိုးပဲ၊ အဲဒီလို အမြုတေဓာတ်ဖြစ်နိုင်တဲ့ အခြားအရာတွေလဲ ရှိသေးတယ်"

"ဘာတွေလဲ အဘ"

"အမြုတေဓာတ်ဆိုတာ သက်ရှိသတ္တဝါတွေမှာဖြစ်တဲ့လို



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေ၊ တိမ်တိုက်တွေ၊ ကောင်းကင်ယံမှာလဲ ဖြစ်နိုင်တယ်"

"အဆန်းပါလား"

"ဆင်းဦးကင်းမှာ ဖြစ်တဲ့ အမြုတေဓာတ်၊ ဝက်စွယ်မှာဖြစ်တဲ့ အမြုတေဓာတ်၊ မြွေဦးခေါင်းမှာ ဖြစ်တဲ့ အမြုတေဓာတ်၊ ကြောင်မျက်လုံးမှာ ဖြစ်တဲ့ အမြုတေဓာတ်၊ ခရုသင်းမှာဖြစ်တဲ့ အမြုတေဓာတ်၊ ငါးဦးခေါင်းထဲမှာဖြစ်တဲ့ အမြုတေဓာတ်အပြင် ဝါးပင်ကဖြစ်တဲ့ အမြုတေဓာတ်နဲ့ ကောင်းကင်ယံ တိမ်တိုက်တွေမှာ ဖြစ်တဲ့ အမြုတေဓာတ် ဆိုပြီး အားလုံး ကိုးမျိုးရှိ ပါတယ်"

"အများကြီးပါလား"

"အဲဒီကိုးမျိုးမှာ ကျန်တဲ့ရှစ်မျိုးက လူတွေနဲ့ ထိုက်ရင် သုံးစွဲခွင့်ရနိုင်ပေမယ့် ကောင်းကင်ယံမှာ ဖြစ်တဲ့ အမြုတေဓာတ်ကတော့ လူတွေ သုံးစွဲခွင့်မရဘဲ နတ်ဒေဝတာတွေကသာ ယူငင်သုံးစွဲခွင့် ရှိတယ်"

"ဒါဖြင့် ကျန်တဲ့အမြုတေတွေကရော အားလုံးသိဒ္ဓိရှိတာပဲလား အဘ"

"အမြုတေဓာတ်တိုင်းမှာတော့ သိဒ္ဓိရှိတာချည်းပါပဲ၊ ဒါကြောင့် လူတွေသုံးစွဲခွင့်ရတဲ့ ပုလဲကိုတောင်မှ ရတနာ (၇) ပါး၊ ရတနာ (၁၀) ပါး၊ နဝရတ် (၉) ပါးတို့မှာ ထည့်သွင်းအသုံးပြုကြတာပေါ့"

"ဟုတ်ကဲ့"

"ရတနာကိုးပါးကို သူ့အဆင့်နဲ့သူ ခွဲလိုက်ရင် စိန်က အမြတ်ဆုံးအမျိုးအစားထဲမှာပါပြီး မြ၊ ပုလဲ၊ ပတ္တမြား သုံးမျိုးက အမြတ်စားမှာ





ပါတယ်၊ နီလာ၊ ဥဿဖယား၊ ကြောင်က အလတ်စားထဲမှာ ပါပြီး ဂေါ်မုဒ်နဲ့ သန္တာက အညံ့စား ရတနာအမျိုးအစားမှာ ပါတယ်၊ ပုလဲဆိုတာ အမြုတေဓာတ်ပဲ၊ ဒါကို အမြတ်စားထဲမှာ ထည့်သွင်းအသုံးပြုတာကို ကြည့်ရင် ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ သိနိုင်လောက်တယ်"

"ဒါဖြင့် ကြောင်နက်မှာရှိတဲ့ အမြုတေဓာတ်ကရော အဲသလိုပဲ တန်ဖိုးရှိတာပဲလား အဘ"

"ရှိတာပေါ့၊ ဒါပေမယ့် စောစောက ပြောသလိုပဲ၊ ကြောင်အကောင်တစ်ထောင်မှာတောင် တစ်ကောင်မရှိနိုင်ဘူး"

"ကျွန်တော် ကြားဖူးတာကတော့ ရှေးအခါတုန်းက ကြောင်နက်အမြုတေကို ကိုယ်ပေါ်မှာ ထိုးမိလို့ သူခိုးဘဝရောက်ခဲ့ရတဲ့ သူခိုးကြီးတွေက်ပြားဆိုတာ ရှိခဲ့ဖူးသတဲ့၊ ကြောင်နက်အမြုတေက အဲဒီလို သူခိုးဖြစ်တတ်သလားဟင်"

"အဲဒါက ကြောင်နက်အမြုတေကြောင့် သူခိုးဘဝရောက်ရတာ မဟုတ်ပါဘူး၊ ကောင်းကင်မှာ စောရနက္ခတ် မွန်းတည့်ချိန်နဲ့ ကြုံကြိုက်သွားလို့ သူခိုးဘဝရောက်သွားရတာပါ"

"ဒါဖြင့် အမြုတေဓာတ်ဆိုတာ အတော်ဆန်းကြယ်တ ာပဲပေါ့နော်"

"ကျောက်ပဲဖြစ်ဖြစ်၊ အမြုတေဓာတ်ပဲဖြစ်ဖြစ် သိဒ္ဓိရှိ ြ တယ်၊ မြေမှာဖြစ်တဲ့ ကျောက်မျက်ရတနာတွေဟာ တေဇောဓာတ် ပွန်းကဲတဲ့အတွက် မီးကဲ့သို့ အလင်းရောင်ရှိကြတယ်၊ ပတ္တမြားပ ၊ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ် လွှန်ကဲတဲ့အတွက် အနီရောင် တောက်ပခြင်းဖြစ်တယ်"

"ဟုတ်ကဲ့"

"ရေမှာဖြစ်တဲ့ ကျောက်မျက်ရတနာတွေက အာပေါဓာတ်လွှန်ကဲတဲ့အတွက် တောက်ပတဲ့ အရောင်အဆင်းနဲ့ အလွှန်အေးမြတဲ့ဓာတ် ရှိကြတယ်၊ ကောင်းကင်မှာဖြစ်တဲ့ ကျောက်မျက်ရတနာတွေကတော့ အာကာသဓာတ် ဆောင်လို့ အပူ အအေး မျှတမှု ရှိကြတယ်၊ မီးရေ နှစ်ပါးစလုံးကိုလဲ အကျိုးပြုကြတယ်။ အဲဒီရတနာတွေဟာ သိဒ္ဓိရှိပြီး ကောင်းကင်မှာ ပျံနိုင်တာမို့ နတ်တို့ကသာ ယူငင်သုံးစွဲလေ့ရှိကြတယ်"

"ဒါဖြင့် ကောင်းကင်မှာဖြစ်တဲ့ ကျောက်မျက်ရတနာတွေက မြေပေါ်ကို မရောက်နိုင်ဘူးလား အဘ"

"ရောက်နိုင်ပါတယ်၊ ကောင်းကင်ယံမှာ ပျံနေတဲ့ ရတနာတွေက အရောင်နည်းပြီး ကွဲကြေပျက်စီးတဲ့အခါ အချို့က ရေထဲ၊ အချို့က မြေပေါ်ကို ကျလေ့ရှိပါတယ်၊ ဒါပေမယ့်မူလအရောင်မရှိတော့တဲ့အတွက် တွေ့လဲ မသိနိုင်ကြပါဘူး"

"ဘာ့ကြောင့်လဲ အဘ"

"လူတွေနဲ့မထိုက်လို့ မသုံးဆောင်ရတာလဲ ဖြစ်မှာပါ၊ ကောင်းကင်ပျံရတနာတွေဟာ မူလက ကြယ်ရောင်ပမာ ဝင်းလက်တောက်ပနေလေ့ရှိတယ်၊ မြေပေါ်ရောက်တော့ အဲဒီလိုအရောင်မျိုး မရှိနိုင်တော့ဘူး၊ ဒါကြောင့် မသိတာလဲ ဖြစ်မှာပါ၊ အဲဒီကျောက်မျက်ရတနာတွေကိုလဲ လောကုတ္တရာကျမ်းတွေက အမြုတေဓာတ် လို့ပဲ သတ်





မှတ်ကြတယ်"

"အဘ ရှင်းပြမှပဲ အမြုတေဓာတ်တွေအကြောင်း သိတန်သလောက် သိရတော့တယ်၊ ဒါဖြင့် စောစောက လှမ်းမြင်လိုက်ရတဲ့ ကြောင်နက်မျက်လုံးနှစ်ဖက်ဟာ အမြုတေဓာတ် ကိန်းနေတာပေါ့နော်"

"အမှန်ပေါ့"

"ဒါပေမယ့် သူက သိဒ္ဓိရှိနေတော့ ဘယ်လိုလုပ်မလဲ"

"ဒီနှားတစ်ဝိုက်မှာသာ တကယ်ရှိရိုးမှန်ရင် စိတ်ရှည်ရှည်နဲ့ မေးမြန်းစုံစမ်းရင် ရနိုင်ပါတယ်"

ဟု ပြောဆိုနေကြစဉ် အရှေ့ဘက်ဆီမှ အလင်းအရုဏ် ရောင်ခြည်များ တက်လာပြီဖြစ်သောကြောင့် လှေသမားများ နိုးလာကြကာ လှေရေပက်သူက ပက်၊ ထမင်းချက်သူက ချက်နေကြစဉ် နီမောင်နှင့် ဦးဗန်ကောင်းတို့က ညက အိပ်ရေးပျက်သောကြောင့် တစ်ရေးတစ်မော ပြန်အိပ်ကြသည်။

နံနက်ပိုင်း ရေတက်နေချိန်ဖြစ်သောကြောင့် အောက်သို့ စုန်ဆင်း၍ မရသေးပေ။ ရေကျချိန်ရောက်မှ အောက်အရပ်သို့ စုန်ဆင်းကာ မိမိတို့ ပါလာသော ကုန်ပစ္စည်းများကို ရောင်းချကြပေမည်။

နေအတန်မြင့်သည်အထိ အိပ်ပျော်နေစဉ် နားထဲမှာ ဆူဆူညံညံ အသံများကြောင့် အိပ်ပျော်ရာမှ ပြန်နိုးလာကြသည်။

နားစွင့်ကြည့်လိုက်တော့ လှေသမ္ဗန်များ အုပ်စုလိုက်ခတ်လာသော အသံများဖြစ်ကြောင်း သိရသဖြင့် ထကြည့်လိုက်သည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



လှေနှင့် မနီးမဝေးဆီမှ အောက်ဖက်မှ တက်လာသော လှေသမ္ဗန် အများအပြားကို တွေ့ရသဖြင့် နီမောင်က လှမ်းမေးလိုက်သည်။

"ဘာဖြစ်လာကြတာလဲဗျို့"

"အောက်ဖက်မှာ တိုက်ပွဲတွေဖြစ်နေကြတယ်ဗျ၊ ထော်ပိုင်ဘက်မှာရော၊ ဖော့င်ဝင်တကြောမှာရော အကြီးအကျယ်ပဲ၊ ရောင်စုံသော်င်းကျုန်းသူတွေကို စစ်တပ်က လိုက်တိုက်နေတာဗျ၊ ထင်းခုတ်တဲ့လှေ၊ ငါးဖမ်းတဲ့လှေ၊ ဈေးရောင်းတဲ့လှေတွေကို နှင်ထုတ်လိုက်လို့ ထွက်ပြေးလာရတာဗျို့"

ဟု အချို့က အော်ပြောသွားကြသည်။

"အဘ၊ အောက်ဖက်မှာ တိုက်ပွဲတွေ ဖြစ်နေတယ်တဲ့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"တိုက်ပွဲတွေ ဖြစ်နေတာတော့ ဆက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီနားတစ်ဝိုက်က ရွာတွေမှာပဲ ပါတဲ့ကုန်တွေ လှည့်ရောင်းရမှာပေါ့၊ ကံတရားပေါ့ကွယ်"

ဟု ပြောဆိုကာ ထိုနေရာမှာပင် ဆက်နေကာ အခြေအနေကို စောင့်ကြည့်ကြသည်။

နောက်တစ်နေ့ည အချိန်မှာ အခြားသူများ အိပ်သော်လည်း နီမောင်မှာ မအိပ်ဘဲ ပဲ့စင်မှထွက်ကာ မနေ့ညက အလင်းရောင်မြင်ရသောနေရာသို့ စောင့်ကြည့်နေလေသည်။

ဦးဗန်ကောင်းကတော့ လူကြီးမို့ "အခြေအနေထူးရင် ငါ့ကိုနှိုး" ဟုပြောကာ အိပ်လေသည်။





ညဦးပိုင်း အမှောင်ထုများ ဖုံးလွှမ်းလာသောအခါ မနေ့ညက လှေနံကို လာဆွဲသောလက်ကြီးတစ်ဖက်ကို သတိရမိသဖြင့် နည်းနည်းတော့ စိုးရိမ်စိတ်ရှိနေသည်။

လူနေအိမ်ခြေနှင့် မနီးသောနေရာမို့ ညဦးပိုင်း လွန်လာသည်နှင့် ကမ်းစပ်ဘက်က အော်နေသော ပုရစ်သံ၊ ဖားသံများလောက်သာ ကြားရပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုးဝါးတိုင်ကို ရေတိုးသဖြင့် လှေနံကို တဒေါက်ဒေါက် ခေါက်နေသံကတော့ နရီစည်းဝါးချက်ပမာ မှန်မှန်ပေါ် ထွက်လျက် ရှိနေသည်။

နီမောင်သည် နံဘေးနားမှာ လက်နှိပ်ဓာတ်မီးကို ချထားကာ ပတ်ဝန်းကျင်ကို မျက်ခြေမပြတ် စောင့်ကြည့်နေလေသည်။ တစ်ခါ တစ်ရံ အဝေးဆီမှ ရေစီးနှင့် မျောပါလာသော ဗေဒါဒိုက်ပုံများ၊ သစ်ချုံများက လှေဆီသို့ ဦးတည်လာပါက လှေတစ်စင်း လှော်လာသည်အထင်နှင့် လက်နှိပ်ဓာတ်မီးရောင်ဖြင့် ထိုးကြည့်ရလေသည်။

ညဉ့်နက်ပိုင်းရောက်လာသောအခါ အအေးဓာတ်က ဝင်လာသဖြင့် အိပ်ငိုက်လာသည်။ ထိုအခိုက်မှာပင် သူတို့လှေနံဘေးသို့ အခြားလှေတစ်စင်း ကပ်လာသည်ကို အမှတ်တမဲ့နှင့် သတိမပြုလိုက်မိပေ။

သူ ထိုင်နေသော ပဲ့၏နေရာမှ လှမ်းကြည့်လျှင် လှေပေါင်းမိုးကွယ်နေသောကြောင့် လှေဘေးသို့ ကောင်းစွာ မမြင်ရပေ။ ခဏကြာတော့ လှော်တက်နှင့် လှေနံကိုခေါက်သော တဒေါက်ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



အသံကို ကြားရလေသည်။

ထိုအသံကြောင့် အနည်းငယ်လန့်သွားပြီး အသံကြားရာသို့ လှမ်းကြည့်လိုက်တော့ လှေနံကို ကိုင်ထားသော လက်တစ်ဖက်ကို အရင်မြင်ရသည်။

"ဟင်"

ထိုလက်ကို မြင်လိုက်ရသည်နှင့် မနှေညက တွေ့လိုက်ရသော မြင်ကွင်းကို သတိရကာ ခေါင်းနပန်းကြီးသွားမိသည်။ ထိုနေရာသို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်သောအခါ လက်တစ်ဖက်က လှေနံကို ဆွဲထားပြီး ကျန်လက်တစ်ဖက်က ကမ်းစပ်သို့ လက်ညှိုး ထိုးပြနေသည်ကို တွေ့ရသဖြင့် ထိုနေရာသို့ လှမ်းကြည့်လိုက်သော အခါ မနှေညက မြင်ရသော ဝင်းလက်သောအရာနှစ်ခုကို လှမ်းမြင် ရသည်။

သို့ကြောင့် ဝမ်းသာသွားကာ လှေဝမ်းထဲမှာ အိပ်ပျော်နေသော ဦးဗန်ကောင်းကို သွားနှိုး၍ အကျိုးအကြောင်း ပြောပြသည်။ ဦးဗန် ကောင်းက ယူနေကျ ဆေးလွယ်အိတ်ကြီးကို ယူလာပြီး အပြင်သို့ လိုက်လာသည်။

လှေပဲ့ပိုင်းသို့ ရောက်သောအခါ လှေနံကို ဆွဲထားသော လက် တစ်ဖက်လည်း မရှိတော့။ ကမ်းပေါ်မှ လှမ်းမြင်ရသော အလင်း ရောင်နှစ်ခုလည်း ပျောက်ကွယ်သွားလေပြီ။





အခန်း (၃)

ကြောင်တံဆိပ်နှင့် ငွေဒင်္ဂါးများ

တကယ်တော့ အောက်နယ်ဘက်သို့ဆင်းရန် အခြေအနေ မပေးသေးခိုက်တွင် သူတို့ရောက်နေသော ကျွန်းကြီးတစ်ပိုက်တွင် ပါလာသော ကုန်ပစ္စည်းများကို လှည့်လည်ရောင်းချကြရန် တိုင်ပင် ကြသော်လည်း ထိုကျွန်း၏ အတွင်းပိုင်းရှိ ရွာများကိုတော့ တစ် ခေါက်မှ မရောက်ဖူးကြပေ။

နံနက်ပိုင်းအချိန်ရောက်သောအခါ အဝေးဆီမှ "ပဲပြုတ်၊ စတော်ပဲပြုတ်ပါတယ်" ဟူသော ဈေးသည်အော်သံကို ကြားရ သည်။ နှင်းမကွဲသေးသော မြစ်ရေပြင်ပေါ်မှာ ခရီးသွားလှေကြီးလှေ ငယ်အချို့ သွားလာနေကြပြီ။

"ပဲပြုတ်၊ စတော်ပဲပြုတ် ပါတယ်"

ဟူသော အော်သံက မိမိတို့လှေနှင့် တဖြည်းဖြည်းနီးလာသော ကြောင့် နီမောင်က လှေပေါင်းမိုးအတွင်းမှ အပြင်သို့ ထွက်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်သည်။

"ပဲပြုတ်သည်၊ ဒီကိုလာပါဦးဗျို့"

ခဏကြာတော့ နှင်းမှုန်ကြားထဲမှာ သူတို့လှေရှိရာဘက်သို့ လှော်လာသော လှေငယ်တစ်စင်းကို လှမ်းမြင်ရသည်။ ဈေးရောင်းသူက ခမောက်ဝိုင်းတစ်ချပ်ကို ဆောင်းထားပြီး စောင်ကြားတစ်ထည်ကို ကိုယ်ပေါ်မှာ ပတ်ခြုံထားသည်။

လှေနားသို့ ကပ်လာတော့ နီမောင်က လှမ်းမေးလိုက်သည်။

"ပဲပြုတ် ဘယ်လိုရောင်းသလဲ"

"တစ်ဆယ်သားကို ကိုးဆယ့်ငါးပြား၊ နှစ်ဆယ်သားယူရင် တစ်မတ်"

အသံက အဖွားအိုတစ်ယောက်၏ အသံမျိုးဖြစ်သည်။

"ကျွန်တော်တို့က လှေသားတွေများတော့ တစ်ဆယ်သား နှစ်ဆယ်သားနဲ့တော့ လောက်မှာမဟုတ်ဘူး။ တစ်ခါတည်း လေးဆယ်သားပြည့်အောင်သာ ပေးပေတော့"

ဟု အပေါ်မှ ပြောလိုက်ရာ ဈေးသည်က အလေးနှင့်ချိန်ခွင်ကို ထုတ်၍ ပဲပြုတ်လေးဆယ်သားကို ချိန်ပြီး နီမောင် ကမ်းပေးသော ဇလုံထဲသို့ ထည့်သည်။

"အဖွားက ဘယ်ရွာကလဲ"

"ဟိုဘက်ကုန်းတွင်းပိုင်း ရွာတစ်ရွာကပါကွယ်"

"အဲဒီရွာကို ကုန်ရောင်းဖို့လာရင် အဆင်ပြေနိုင်ပါ့မလား အဖွား"

"အဆင်ပြေနိုင်ပါတယ်၊ ကျုပ်တို့ရွာက နည်းနည်းခေါင်တော့





ဈေးသည်လာတော့ အဆင်ပြေတာပေါ့၊ ပါလာတဲ့ကုန်တွေ ချက်ချင်း မကုန်ရင်တောင် ရက်ဆိုင်းပြီး တဖြည်းဖြည်းချင်း ရောင်းရင် ကုန်နိုင်ပါတယ်"

"ကျေးဇူးပါပဲ၊ ရွာရဲ့နာမည်က ဘာတဲ့လဲ အဖွား"

"မဟော်ဂနီ"

အဖွားအိုက ဒါပဲပြောပြီး ပဲပြုတ်ထည့်ထားသော ဇလုံကို လှမ်းပေးသည်။ ထိုအခါမှ သူ့မျက်နှာကို လှစ်ခနဲ မြင်လိုက်ရလေသည်။ ဈေးသည်အဖွားကြီး၏ မျက်နှာကို တစ်နေရာမှာ တွေ့ဖူးမြင်ဖူးသည်အထင်နှင့် အပြေးအလွှား စဉ်းစားကြည့်နေစဉ်မှာပင် အဖွားကြီးက ပဲပြုတ်ဖိုးငွေကိုယူပြီး လှေကို ပြန်ခွာသွားသည်။

"မောင်ရင်လေးတို့ လာမယ်ဆိုရင် ကျုပ် ရွာကလူတွေကို ပြောထားလိုက်ပါ့မယ်၊ လာဖြစ်အောင် လာခဲ့ကြ"

"ဘယ်က လာရသလဲ အဖွား"

"ဟို အောက်ဖက်နားက လမုတောကိုကျော်ရင် ချောင်းပေါက်တစ်ခု တွေ့လိမ့်မယ်၊ အဲဒီချောင်းအတိုင်း ဝင်လာရင် ချောင်းဖျားဘက်ရောက်တဲ့အခါ ကျုပ်တို့ရွာကို ရောက်ပါလိမ့်မယ်"

ဟု အော်ဟစ်ပြောဆိုကာ လှေကို လှော်ထွက်သွားလေရာ ခဏကြာတော့ နှင်းမှုန်ကြားထဲမှာ ပျောက်ကွယ်သွားတော့သည်။

နီမောင်တို့လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပဲပြုတ်နှင့် ထမင်းကို ဆီနှင့်ဆား အနည်းငယ်စီထည့်ကာ ထမင်းဝအောင် စားသောက်ကြပြီးနောက် ရေပြည့်သောအချိန်တွင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်၊ ကျောက်ဆူးနှုတ်ကာ အဖွားအိုပြောသွားသည့် ချောင်းဝ ဘက်သို့ လှေကို ခတ်လာကြသည်။

လမုတောများ အုပ်ဆိုင်းနေသော ဈွန်းတစ်ခုကို လွန်သော အခါ ချောင်းပေါက်ဝကျယ်ကျယ်တစ်ခုကို တွေ့ကြရသဖြင့် ထို ချောင်းထဲသို့ ဝင်လာကြသည်။

ချောင်းမှာ အတန်ငယ်ကျဉ်းသောကြောင့် ခတ်တက်ဖြင့် ခတ် ဝင်၍မရသောကြောင့် ထိုးဝါးဖြင့် ထိုးဝင်ကြရသည်။ ချောင်းရိုးတစ် လျှောက် ကမ်းနံဘေးတစ်ဖက်တစ်ချက်မှာတော့ လမုတောနှင့် သစ်တောများကိုသာ တွေ့ရပြီး လူနေအိမ်ဟူ၍ တစ်လုံးတစ်လေမှ ပင် မတွေ့ကြရပေ။

နေမွန်းတည့်ချိန်ရောက်သောအခါ ချောင်းတွင်းပိုင်း အတော် ရောက်နေကြပြီ။ ထိုအချိန်တွင် ချောင်းရေက ပြန်ကျနေပြီဖြစ်သော ကြောင့် အချို့နေရာများမှာ ရေနည်းသွားပြီဖြစ်သဖြင့် လှေဝမ်းဗိုက် ပင် သိပ်မလွတ်ချင်တော့ပေ။

သို့သော်လည်း တိုးဝါးဖြင့် ထောက်ကာ ထိုးကာဖြင့် သွားကြ ရာ မွန်းလွဲပိုင်းအချိန်သို့ရောက်သောအခါ လူသံသူသံများ ကြားရ သောနေရာသို့ ရောက်ကြလေသည်။

"အတွင်းပိုင်းမှာ လူသံတွေ ကြားရတယ်၊ ရွာကို ရောက်တော့ မယ်ထင်တယ်"

ဟု ပြောဆိုကာ ဆက်ဝင်ခဲ့ကြရာ နောက်ဆုံး ချောင်းကမ်းရိုး တစ်လျှောက်တွင် တည်ထားသော ရွာကြီးတစ်ရွာကို လှမ်းမြင်ရ





လေသည်။ ရွာမှာ အတော်ကြီးဟန်ရှိသည်။

ချောင်းရိုးတစ်လျှောက်တွင် အိမ်ကြီးအိမ်ငယ်များကို အတန်း လိုက် တည်ဆောက်ထားလေသည်။ သူတို့လှေကြီး ဝင်လာသည် ကို မြင်သောအခါ ကလေး၊ လူကြီးအတော်များများက တံတားထိပ်၊ ကမ်းစပ်ထိပ်မှ ထွက်ကြည့်ကြသည်။

"ရွာကတော့ အတော်ကြီးတာပဲ၊ ဒီအတွင်းဘက်ကို တစ်ခေါက်မှ မရောက်ဖူးတော့ ဒီလောက်ကြီးတဲ့ရွာကြီး ဒီချောင်းထဲ မှာ ရှိနေတာကို မသိရဘူး"

"ဒီလောက်ကြီးတဲ့ ရွာမှာသာ ရောင်းလိုက်ရရင် ကျွန်တော်တို့ လှေပေါ်မှာပါတဲ့ ကုန်ပစ္စည်းတွေ တစ်နေရာတည်း ကုန်သွားနိုင် ဘယ်"

"ကုန်တော့လဲ ကောင်းတာပေါ့ကွာ၊ ငါ စုံစမ်းချင်တာကို အေး အေးဆေးဆေး စုံစမ်းလို့ရတာပေါ့"

"အဘက ဘာကို စုံစမ်းချင်တာလဲ"

"ကြောင်နက်အမြဲတောအကြောင်းကို စုံစမ်းရမှာပေါ့၊ ဒီရွာက လူတွေကို မေးကြည့်ရင် ဒီအကြောင်းကို သိချင်သိကြမှာပေါ့"

ဟု ပြောဆိုကာ တဖြည်းဖြည်းနှင့် ဝင်လာကြရာ နောက်ဆုံး တော့ ရွာထိပ်သို့ ရောက်ကြလေတော့သည်။

"ဒါ ဘာရွာလို့ ခေါ်ပါသလဲ"

ဦးဗုန်ကောင်းက လှေဦးမှ ထွက်ကာ ကမ်းစပ်မှ ရပ်ကြည့်နေ ကြသော လူကြီးတစ်ယောက်ကို လှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာက မပော်ဂနီရွာလို့ ခေါ်ပါတယ်၊ ဒါ့ထက် မိတ်ဆွေတို့က ဘယ်အတွက် ဒီရွာကို ရောက်လာကြတာလဲဗျ"

"ကျွန်တော်တို့က ဈေးလှေပါ၊ အထက်အညာကုန်ပစ္စည်းတွေ ရောင်းချဖို့ ပါလာပါတယ်"

"အခန့်သင့်လိုက်လေဗျာ၊ ကျုပ်တို့ရွာက လူတွေလဲ အပြင်မထွက်နိုင်ကြလို့ ဈေးလှေမျှော်နေတာနဲ့ အတော်ပဲ၊ ကိုင်း ... တံတားဆိပ်သာ ကပ်ပေရော့ဗျို့"

ဟု ကမ်းပေါ်မှ လူကြီးက လှမ်းပြောသဖြင့် ဦးစွာတွေ့ရသော သစ်သားတံတားရှိရာသို့ လှေကို ဝင်ကပ်ကာ ကြိုးချည်ထားလိုက်သည်။ ထိုလူကြီးက တံတားထိပ်အထိ ဆင်းလာသည်။

"ကျုပ်တို့ရွာက ပဲပြုတ်ထွက်ရောင်းတဲ့ အဖွားကြီးတစ်ယောက်က ခင်ဗျားတို့လှေ ရောက်လာမယ်လို့ ရွာထဲမှာ ကြိုပြောထားလို့ ထွက်မျှော်နေကြတာဗျ၊ ကိုင်း ... လှေသူကြီးတို့ အပေါ်တက်ပြီး အခါးရည်လေး ဘာလေး သောက်ကြပါဦး"

ဟု ဖော်ဖော်ရွေရွေနှင့် ဖိတ်ခေါ်သဖြင့် ဦးဗန်ကောင်းနှင့် နီမောင်တို့က အပေါ်သို့ တက်သွားကြသည်။ ရွာခံလူကြီးက သူ့အိမ်ထဲသို့ ခေါ်သွားသဖြင့် လိုက်သွားကြသည်။

အိမ်ကြီးမှာ အတော်အတန် ကျယ်ဝန်းပြီး ရေနံချေးအထပ်ထပ် သုတ်ထားသော သစ်များဖြင့် ဆောက်ထားလေသည်။ အိမ်တွင်းသို့ ရောက်တော့လည်း နီညိုရောင်သစ်သားများဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးမှာ တောအရပ်၌နေသော သူများနှင့်ပင် မလိုက်





အောင် ခန့်ညားထည်ဝါလှသည်။

အိမ်ပေါ်ရောက်တော့ နေရာထိုင်ခင်းပေးပြီး ကွမ်းဆေးလက်ဖက် စသည်တို့ဖြင့် ဧည့်ခံသည်။

"ကျုပ်ရဲ့ အမည်က ဦးသီလလို့ ခေါ်ပါတယ်၊ ဒီရွာရဲ့အကြီးအကဲတစ်ယောက်ပါပဲ"

"ဟုတ်ကဲ့၊ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က ဦးဗန်ကောင်းလို့ ခေါ်ပါတယ်၊ လှေတစ်စင်းနဲ့ ကုန်အရောင်းအဝယ်သွားရင်း ကြုံရင် ဆေးလေးဘာလေးလဲ ကုပေးပါတယ်"

"အေးဗျာ၊ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ မိတ်ဆွေကြီးတို့ရဲ့ ပါလာတဲ့ကုန်ပစ္စည်းတွေ ဒီရွာမှာတင် ကုန်စင်သွားအောင် ကျုပ် တာဝန်ယူပြီး ရောင်းပေးပါ့မယ်၊ ဘာမှ စိတ်မပူပါနဲ့"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"အခုလဲ မိတ်ဆွေကြီးတို့ ရောက်လာမယ်ဆိုတာ ကြိုတင်သိလို့ ကျုပ်ရဲ့အိမ်သူနဲ့ သမီးနှစ်ယောက်ကို ရွာထဲလွှတ်ပြီးတော့ ဈေးလှေရောက်တော့မယ့်အကြောင်း အပြောခိုင်းလိုက်ပါတယ်"

ဦးသီလ၏စကားကြောင့် အနည်းငယ် အံ့သြသွားကြလေသည်။ သူတို့က အခုမှ လှေဆိုက်လာကြသည်။ ဘယ်လိုကြောင့် ကြိုတင်သိနေရပါလိမ့်ဟု ဇဝေဇဝါ ဖြစ်သွားကြသည်။

"ကျွန်တော်တို့က အခုမှ ရောက်တယ်၊ ဦးကြီးတို့က ဘယ်လိုများ ကြိုသိနေတာပါလိမ့်"

ဟု နီမောင်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရွာက မြစ်ဘက်ကို ပဲပြုတ်ထွက်ရောင်းတဲ့ ဒေါ်မင်းဓာ ပြောပြလို့ သိရတာပါ၊ ဒါကြောင့် တစ်ရွာလုံးက ထွက်ကြည့်နေကြတာပေါ့"

ထိုအခါမှပင် သဘောပေါက်သွားကြသလို တစ်ရွာလုံးက မိမိတို့ ဈေးလှေကို စိတ်ဝင်စားနေသည်ဆိုသောကြောင့် ပါလာသောကုန်ပစ္စည်း မကြာခင် ကုန်စင်အောင် ရောင်းရမည်ကိုသိသဖြင့် ကြိတ်၍ ဝမ်းသာသွားကြလေသည်။

ခဏကြာတော့ အိမ်ကြီးအတွင်းသို့ အသက်လေးဆယ်ကျော် အမျိုးသမီးကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်နှင့် ဆယ့်ရှစ်နှစ်ဝန်းကျင်အရွယ်ခန့် မိန်းကလေးနှစ်ယောက်တို့ ဝင်လာကြသည်။

"ဟော ... ကျုပ် အိမ်သူတောင် ပြန်လာပြီ၊ မိတ်ဆက်ပေးရဦးမယ်၊ ကဲ ...သမီးတို့၊ ဒီနားလာကြပါဦး၊ ဧည့်သည်တွေနဲ့ မိတ်ဖွဲ့ရအောင်"

ဟု ဦးသီလက ခေါ်သဖြင့် မိန်းမကြီးနှင့် မိန်းကလေးနှစ်ယောက်တို့က မလှမ်းမကမ်းမှာ ဝင်ထိုင်ကြသည်။

"ဒါက ကျုပ်ရဲ့အိမ်သူ မနှင်းကြူလို့ ခေါ်ပါတယ်၊ ဟိုမှာ ထိုင်နေတဲ့ သမီးအကြီးက မြနှင်းဖြူ၊ ဒီမှာထိုင်နေတဲ့ သမီးအငယ်က မြသင်းကြူလို့ ခေါ်ပါတယ်၊ ဒါ ကျုပ်တို့မိသားစုလေးယောက်ပါပဲ"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြရင်း ...

"အခုလို မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က ဦးဇန်ကောင်းလို့ ခေါ်ပါတယ်၊ ဒါကတော့ ကျုပ်ရဲ့တူတော်မောင်၊





နာမည်က နီမောင်လို့ ခေါ်ပါတယ်"

ဟု အသီးသီး မိတ်ဆွေဖွဲ့ကြလေသည်။

လူကြီးများက အလ္လာပ၊ သလ္လာပ စကားများပြောဆိုနေကြစဉ် အနားမှာ ထိုင်နေသော နီမောင်က လူငယ်လူရွယ်ပီပီ ဦးသီလအနီးမှာ ထိုင်နေကြသော မြနှင်းဖြူနှင့် မြသင်းကြူတို့ နှစ်ယောက်၏ အလှကို စိတ်ဝင်စားနေမိလေသည်။

နှစ်ယောက်စလုံးမှာ အရွယ်သိပ်မကွာလှဘဲ ချောမောလှပသူများ ဖြစ်ကြလေသည်။ နက်မှောင်ရှည်လျားသော ဆံပင်၊ သွယ်တန်းသော မျက်ခုံး၊ ကြည်လင်တောက်ပသော မျက်လုံး၊ ပေါ်လွင်သော နှာတံနှင့် နီထွေးလှပသော နှုတ်ခမ်းသားတို့မှာ ညီအစ်မနှစ်ယောက်စလုံး ခပ်ဆင်ဆင်တူကြလေသည်။

ကိုယ်လုံးကိုယ်ထည်ကလည်း မပိန်လွန်း၊ မဝလွန်းဘဲ တင့်တယ်သော ကိုယ်နေဟန်ရှိလေသည်။

နီမောင်က မိန်းကလေးနှစ်ယောက်ကို မသိမသာ စိတ်ဝင်စားနေသလို မြနှင်းဖြူနှင့် မြသင်းကြူတို့ ညီအစ်မနှစ်ယောက်ကလည်း ယောကျ်ားပီသသော နီမောင့်ကို အကဲခတ်နေကြသည်။ ထိုအခါ ဦးသီလက ...

"သမီးတို့က ကိုယ့်ရပ်ကိုယ့်ရွာကို လာတဲ့ ဧည့်သည်တွေကို ရွာခံတွေရဲ့ ဝတ္တရားအတိုင်း လိုအပ်တာရှိရင် အကူအညီပေးလိုက်ကြပါကွယ်"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ အဘ”

ထိုအချိန်မှာပင် ရွာထဲမှာ ဈေးဝယ်မည့်သူများ ရောက်လာကြသောကြောင့် နီမောင်ရော ဦးဖန်ကောင်းပါ လှေထဲသို့ ပြန်ဆင်းကာ ဈေးရောင်းကြရလေသည်။

ဈေးဝယ်လာသူများမှာ တစ်ယောက်ပြီးတစ်ယောက် အဆက်မပြတ် ရောက်လာကြသည်။ အချို့က ရွာထဲမှ ခြေလျင်လျှောက်လာပြီး လာဝယ်ကြသည်။ ခရီးဝေးသူများက လှေငယ်များဖြင့် လာဝယ်ကြရာ ဈေးချိန်သူက ချိန်၊ ပစ္စည်းရွေးသူက ရွေး၊ ကျသင့်ငွေတွက်သူကတွက်နှင့် အလုပ်ရှုပ်နေကြလေသည်။

ညနေဂိုင်း နေဝင်ရီတရောအချိန်လောက် ရောက်သောအခါ လှေနံဘေးမှ အသံတစ်သံ ထွက်လာသည်။

“ဈေးဝယ်ချင်လို့ပါ”

အသံကြားသဖြင့် နီမောင်က ပေါင်းမိုးအတွင်းမှ ခေါင်းထွက်ကြည့်လိုက်တော့ လှေနံကိုကိုင်ထားသည့် လက်တစ်ဖက်ကို မြင်လိုက်ရသောအခါ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

နောက်မှ သေချာအောင် အပြင်ထွက်၍ ငုံ့ကြည့်လိုက်သောအခါ မနက်ပိုင်းက ပဲပြုတ်ရောင်းသွားသော အဖွားကြီးဖြစ်နေပြီး သူ့လှေငယ်ပေါ်မှ မတ်တတ်ရပ်ကာ လှေကြီး၏ လက်ရန်းကို ဆွဲကိုင်ထားလေသည်။ သည်တော့မှ သက်ပြင်းချနိုင်တော့သည်။

“အဖွား၊ ဘာလိုချင်လို့လဲ”

“စတော်ပဲ လိုချင်လို့၊ မင်းတို့လှေမှာ စတော်ပဲများ ရောင်းဖို့





မပါဘူးလား”

အသံ ကတုန်ကရင်ဖြင့် လှမ်းမေးသည်။

“စတော်ပဲ ပါပါတယ်၊ အဖွား ဘယ်လောက်ယူမလဲ”

“လောလောဆယ် ပိုက်ဆံမလွယ်လို့၊ တစ်ခွက်လောက်ပဲ ယူသွားပါ့မယ်၊ ဘယ်လိုရောင်းသလဲကွယ်”

“ပဲတစ်ပြည်ကို တစ်ကျပ်ရောင်းပါတယ်”

“အဖွားမှာ ငွေ သုံးမတ် ပါလာတယ်၊ နို့ဆီ ခြောက်လုံး ထည့်ပေးလိုက်ပေါ့”

“ကျွန်တော် တစ်ပြည်ပဲ ထည့်ပေးလိုက်ပါ့မယ်၊ ကျန်တဲ့ တစ်မတ်ကို အဖွား ဈေးရောင်းကပြန်လာတော့ ဝင်ပေးပေါ့”

“ကျေးဇူးပါပဲ ငါ့မြေးရယ်”

နီမောင်က ပဲတစ်ပြည်ကို ချင်ခိုင်းပြီး အဖွားအိုလှမ်းပေးသော ပုဆိုးစုတ်ကလေးထဲသို့ ထည့်ကာ အသေအချာထုတ်၍ ပေးလိုက်သည်။ အဖွားအိုက မတ်စေ့သုံးစေ့ကို ကမ်းပေးပြီးနောက် လှေကို ခွာ၍ ပြန်ထွက်သွားလေသည်။

“မနက်ကတွေ့တဲ့ ပဲပြုတ်သည်အဖွားကြီးလား”

ဦးဖန်ကောင်းက လှမ်းမေးသည်။

“ဟုတ်တယ် အဘ၊ သူပေးခဲ့တဲ့ ပိုက်ဆံကိုလဲ တဆိတ်လောက် ကြည့်ပါဦး”

ဟု ပြောကာ အဖွားကြီး ပေးသွားသော ပိုက်ဆံသုံးမတ်ကို ဦးဖန်ကောင်းကို ကမ်းပေးလိုက်သည်။ ဦးဖန်ကောင်းက ခေါင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက် ပန်းတစ်ဖက်ပါသော မတ်စေ့သုံးစေ့ကို ဖင်ပြန်ခေါင်းပြန် ကြည့်သည်။ ပါးစပ်ဖြင့် ကိုက်ကြည့်သည်။ ပြီးမှ မှတ်ချက်ချသည်။

"ဒါ ငွေအစစ်တွေပဲ"

"ပဲပြုတ်သည်တောင် ငွေအစစ်သုံးနိုင်တယ်ဆိုတော့ ဒီရွာက အဆန်းပဲ"

"မင်းပြောမှ သတိရတယ်၊ ဒီကနေ့ ဈေးရောင်းလို့ရတဲ့ငွေတွေကို စစ်ကြည့်ပါဦးဟ"

ဟုပြောကာ တစ်နေ့လုံး ဈေးရောင်းရသမျှ ငွေများကို အမှုမဲ့ အမှတ်မဲ့ ထည့်ထားရာမှ ပြန်စစ်ကြည့်သောအခါ သာမန်ငွေအကြွေများအကြား၌ ငွေဒင်္ဂါးအစစ်များ ပါနေသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။

ထို့ထက် အံ့သြဖို့ကောင်းသည်မှာ ...

ထိုငွေဒင်္ဂါးပြားများမှာ ခေါင်းတစ်ဖက် ပန်းတစ်ဖက် ပါပြီး ပန်းဘက်မှာ သာမန်ပန်းခက်များသာ ပါသော်လည်း ခေါင်းဘက်၌ ပါသောအရုပ်မှာ သုံးနေကျ ငွေအကြွေများ၌ တွေ့ရသောပုံမျိုး မဟုတ်ဘဲ ကြောင်နက်တစ်ကောင်၏ ဦးခေါင်းပိုင်းပုံများကို တွေ့ရသောကြောင့် ဖြစ်ပေသည်။





## အခန်း (၄)

### ပိုက်တိုးမိနေသော ထူးဆန်းသည့်လူနာ

နီမောင်တို့တတွေ မဟော်ဂနီရွာသို့ ရောက်သွားသောအချိန်မှာ နေ့လည်ဘက် ရေပြည့်ချိန်ဖြစ်သည်။ ထို့နောက် ရေပြန်ကျသွားပြီး တဖြည်းဖြည်းနှင့် ရေပြန်ကျသွားသောအခါ ချောင်းတွင်းမှာ ရေအတော်နည်းသွားလေသည်။

ညဦးပိုင်းအချိန်လောက်တွင် ရေစစ်သွားပြီး လှေကြီးများ သွားလာ၍ မရတော့ဘဲ လှေငယ်ကလေးများသာ သွားလာ၍ ရနိုင်တော့သည်။

လှေသမားများမှာ တစ်နေကုန်ဈေးရောင်းကြရပြီး ညဦးပိုင်းအချိန်လောက်တွင် ညစာ စားသောက်ကြပြီးနောက် အိပ်ရာဝင်ကြလေသည်။ လှေသမားအချို့ကတော့ ...

"တို့တတွေ ဒီရွာမှာ ကြာမယ်ဆိုရင် နောက်ရက်တွေမှာ ရွာထဲကလူတွေနဲ့ အသိမိတ်ဆွေဖွဲ့ပြီး အလည်အပတ်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ရွာထဲမှာ အပျိုချောတွေ တွေ့ရင်လဲ ရလိုရငြား ပိုးပန်းချင်သေးတယ် မဟုတ်လား"

"ဒါပေ့ါကွာ၊ ရေလဲ ချိုးရင်း၊ ငါးလဲ ဖမ်းရင်းပေ့ါ"

"အေး ...ငါးဖမ်းတာက အရေးမကြီးဘူး၊ တော်ကြာမှ ငါးမရဘဲ တစ္ဆေနဲ့တွေ့နေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

သူတို့လှေပေါ်မှာ လူငယ်လူရွယ်များ ပါလာသောကြောင့် နေ့လည်က ဈေးဝယ်လာသူများထဲမှာ အပျိုချောများ ပါလာလေရာ စိတ်ဝင်စားနေကြခြင်းဖြစ်၏။

အလုပ်သမားများ အိပ်ရာဝင်သွားကြသော်လည်း နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်ကမူ ဈေးရောင်းရသမျှ ငွေအကြေစေ့များကို လေ့လာကြည့်ရှုနေကြသည်။

ငွေအကြေစေ့များမှာ သာမန်အကြေစေ့များနှင့်မတူဘဲ ရှေးခေတ်ကာလက အသုံးပြုခဲ့သော အကြေစေ့များနှင့် ပုံသဏ္ဍာန်တူလေသည်။

"ကြည့်ရတာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က အသုံးပြုခဲ့တဲ့ ငွေဒင်္ဂါးတွေနဲ့ အတော်ကလေးတူတယ်"

"အဲဒီအချိန်တုန်းက ဘယ်လိုဒင်္ဂါးမျိုးတွေ ထုတ်ခဲ့တာလဲ အဘ"

"မြန်မာနိုင်ငံမှာ မင်းတုန်းမင်းအုပ်စိုးနေစဉ်က (၁၈၆၅) ခုနှစ် နိုဝင်ဘာလ (၁၁) ရက်နေ့မှာ မန္တလေးနေပြည်တော်မှာ မြန်မာပြည်မှာ အသုံးပြုခဲ့ ပထမဆုံး ငွေဒင်္ဂါးပြားတွေကို သွန်းလုပ်ခဲ့တယ်"





"ဒီလိုပုံစံတွေပဲလား အဘ"

"မဟုတ်ဘူး၊ တစ်ပတ်မှာ ဒေါင်းတံဆိပ်ပါလို့၊ ဒေါင်းဒင်္ဂါးပြားတွေလို့ ခေါ်ကြကယ်၊ မြန်မာနိုင်ငံမှာ ငွေဒင်္ဂါး အသုံးပြုတာ အဲဒီအချိန်က စခဲ့တာပဲ"

"ဒါဖြင့် နှစ်ပေါင်းတစ်ရာလောက် ကြာခဲ့ပြီပဲ"

"ဟုတ်တယ်၊ အဲဒီအချိန်တုန်းက ဟို မြန်မာနိုင်ငံမှာ စက်မှုလက်မှုအတတ်ပညာတွေ၊ စတင်ထွန်းကားခဲ့တဲ့အချိန်လို့ ပြောရင် ရတယ်၊ သက္ကရာဇ် (၁၂၄၀) ခုနှစ်လောက်မှာ ကနောင်မင်းသားကြီးက အောင်ပင်လယ်ကန်ထဲမှာ ရေမြုပ်ဗုံးကိုတောင် စမ်းသပ်ဖောက်ခွဲနိုင်တဲ့အဆင့်အထိ ရောက်ခဲ့တယ်"

"ဒါဖြင့် အခုတွေ့နေရတဲ့ ဒင်္ဂါးတွေက အဲဒီအချိန်တုန်းက အသုံးပြုခဲ့တဲ့ ဒင်္ဂါးတွေများ ဖြစ်နေမလား အဘ"

"မဟုတ်ဘူး၊ ဟိုတုန်းက မျက်နှာပြင်မှာ ဒေါင်းတံဆိပ်ပါတယ်၊ အခုက ကြောင်နက်ခေါင်းတံဆိပ်တွေ ပါတယ်၊ ဒီဒင်္ဂါးမျိုးတော့ ငါ တစ်ခါမှ မမြင်ဖူးသေးဘူး"

"ငွေသားအစစ်တွေရော ဟုတ်ရဲ့လား အဘ"

"မသင်္ကာလို့ ကွမ်းညှပ်နဲ့ ထက်ပိုင်းပြတ်အောင် ညှပ်ကြည့်ပြီးပြီ၊ အားလုံး ငွေသားအစစ်တွေချည်းပဲ"

"ဒါဖြင့် ဘယ်ခေတ်ကသုံးတဲ့ ငွေဒင်္ဂါးပြားတွေဖြစ်မလဲ"

"ငါလဲ အတပ်မသိသေးဘူး၊ တစ်ခုတော့ ပြောနိုင်တယ်၊ အခု ငါတို့ရထားတဲ့ ငွေတွေက အခုခေတ်ကာလသုံးငွေတွေတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ သေချာတယ်"

ဦးဗန်ကောင်းက ငွေအကြွေစေ့များကို စကောပိုင်းထဲတွင် ပိသာလေးကို ချကာ ထိုအလေးပေါ်သို့ တစ်စေ့ချင်း ပစ်ချနေလေသည်။

"ချွင် ... ချွင် ... ချွင်"

ဟူသော အသံများက အဆက်မပြတ် ပေါ်ထွက်နေသည်။ ရှေးအခါက စပါးဝယ်ယူရာတွင် စပါးတစ်တင်းကို ငွေဒင်္ဂါးတစ်ပြား ပေးရသည်။ စပါးတစ်တင်း ချင်ပြီးတိုင်း တစ်ကျပ်တန် ငွေဒင်္ဂါးတစ်ပြားကို ပေးသည်။

ထိုအခါ စပါးရောင်းသူက စကောထဲတွင် ပိသာလေးခံကာ ငွေဒင်္ဂါးပြားများကို ပစ်ချလေ့ရှိသည်။ ငွေဒင်္ဂါးစစ်လျှင် "ချွင်" ဟူသော အသံမြည်၍ ငွေဒင်္ဂါး အနေလျှင် အသံမမြည်ပေ။ အသံမမြည်သော ငွေဒင်္ဂါးကို စပါးရောင်းသူက မယူပေ။

ယခုလည်း ဦးဗန်ကောင်းက ရထားသော ငွေပြားများကို ပိသာလေးပေါ်သို့ တစ်စေ့ချင်း ပစ်ချနေသည်။ ငွေအကြွေစေ့များမှာ ပိသာလေးပေါ်သို့ ကျသွားတိုင်း တချွင်ချွင်နှင့် အသံမြည်လျက်ရှိသည်။

"အားလုံးက ငွေအစစ်တွေချည်းပဲ၊ တစ်ခုမှ အတုမပါဘူး၊ ဟန်ကျတာပဲ"

"ကျွန်တော်ကတော့ စိတ်ထဲမှာ ထင်နေတယ်"

"မင်းက ဘယ်လိုထင်လို့လဲ"





"လမ်းမှာ နားနေတုန်းက ညဘက်မှာတွေ့ခဲ့တဲ့ ကြောင်နက်ကြီးနဲ့များ ပတ်သက်နေမလားလို့၊ နောက်ရက်တွေရောက်ရင် ဒီအကြောင်းတွေကို ဦးသီလကို မေးမြန်းကြည့်ရရင် မကောင်းဘူးလား အဘ"

"အင်း ... အခွင့်သင့်တော့လဲ မေးတန် မေးကြည့်ရမှာပေါ့"

ဟု ပြောဆိုနေကြစဉ် ညဦးပိုင်းအချိန်သို့ ရောက်လာချေသည်။ ချောင်းရိုးတစ်လျှောက်မှာတော့ လှေအသွားအလာ မရှိသလောက်ဖြစ်သွားပြီး အသံများ တိတ်ဆိတ်သွားလေသည်။

ရွာထဲမှာတော့ မီးရောင်အချို့ လှမ်းမြင်နေရသေးသည်။ ခဏကြာတော့ တံတားပေါ်မှ မီးအိမ်တစ်လုံးကိုင်ကာ ဆင်းလာသော လူအချို့ကို လှမ်းမြင်ရသည်။

လှေထဲမှာ လှမ်းကြည့်လိုက်တော့ ရှေ့ဆုံးမှ မီးအိမ်ကိုင်ကာ ဆင်းလာသူမှာ ဦးသီလဖြစ်နေသောကြောင့် နီမောင်က ပေါင်းမိုးဒေါက်ကို အနည်းငယ် မြှင့်တင်လိုက်သည်။ ထိုအခါမှ တံတားပေါ်မှ လူက လှေထဲမှလူကို လှမ်းမြင်ရသည်။

"မိတ်ဆွေကြီးတို့၊ အိပ်ကြပလားဗျ"

ဦးသီလက လှမ်းမေးလိုက်သည်။

"မအိပ်ကြသေးပါဘူး၊ ဘာကိစ္စများ ရှိလို့လဲ ဦးသီလ"

"အားတော့ နာပါရဲ့ဗျာ၊ ဒီမှာ ရွာထဲက လူတစ်ယောက် ညနေပိုင်းကမှ ကောက်ကာငင်ကာနဲ့ ရောဂါတစ်ခု ရလာလို့ တဆိတ်လောက် လိုက်ကြည့်ပေးနိုင်မလားလို့၊ ဆရာ လာပင့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဦးဗန်ကောင်းက နီမောင့်မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

"သူ့ကို ကူညီထားတာတွေကလဲ ရှိနေတော့ လိုက်သွားကြမှ သင့်မယ်တင်တယ် အဘ"

"ဒီလိုဆိုလဲ လိုက်သွားကြရုံပေါ့ကွာ"

ဟု ပြောဆိုတိုင်ပင်ကာ ဦးဗန်ကောင်းက စကောထဲမှာငွေများကို ပြန်လည်သိမ်းဆည်း၍ သေတ္တာထဲသို့ ထည့်ကာ သော့ခတ်ထားလိုက်ပြီး ပေါင်းမိုး၌ ချိတ်ဆွဲထားသည့် ဆေးလွယ်အိတ်ကို ဖြုတ်ယူလိုက်သည်။

"မင်းက ဒီတောင်ဝှေးကို ယူခဲ့"

ထိုတောင်ဝှေးမှာ တောင်ဝှေးအဖြစ် အသုံးပြုနိုင်သလို အလယ်မှ ဆွဲချွတ်လိုက်ပါက ဓားရှည်နှစ်လက်အဖြစ် အသုံးပြုနိုင်သည့် လျှို့ဝှက်လက်နက်တစ်ခုပင် ဖြစ်၏။

ဦးဗန်ကောင်းက ထိုတောင်ဝှေးကို ကိုင်၍ နီမောင်က ဆေးလွယ်အိတ်ကို လွယ်လျက် အခြားလှေထိုးသားများအား လှေကို ကောင်းစွာ စောင့်ရှောက်ကြရန် အတန်တန်မှာကြားပြီးနောက် တံတားပေါ်သို့ တက်ခဲ့ကြသည်။

"မိတ်ဆွေကြီးတို့ကို ဒုက္ခပေးသလိုဖြစ်တာ အားနာပါရဲ့ဗျာ"

"အားနာစရာ မလိုပါဘူးဗျာ၊ တစ်ယောက်အကြောင်းရှိရင် တစ်ဦးက အကူအညီပေးရမှာပေါ့၊ ကဲ ...လူနာရှိတဲ့ နေရာကိုသာ ခေါ်သွားပါရော့"





ဟု ပြောလိုက်ရာ ဦးသီလအပါအဝင် လာခေါ်သောလူများက ရှေ့မှ မီးပြ၍ ခေါ်သွားရာ နီမောင်တို့လည်း နောက်မှ လိုက်ကြရလေသည်။

မပော်ဂနီရွာမှာ ချောင်းရိုးအတိုင်း သွယ်တန်းတည်ထားသော ရွာတန်းရှည်ဖြစ်သည်။ အလယ်၌ ရွာလမ်းအဖြစ် အသုံးပြုသော မြေသားတာလမ်းရှိပြီး ချောင်းဘက်မှာရော၊ ကွင်းဘက်မှာပါ အိမ်များရှိကြသည်။

အများအားဖြင့်တော့ ခြံကျယ်များဖြစ်ပြီး ကိုယ့်ခြံ ကိုယ့်စည်းရိုးဖြင့် နေထိုင်ကြသည်။ ချောင်းကမ်းပါးတစ်လျှောက်မှာ ဓနိတောများရှိပြီး ခြံဝန်းများအတွင်းမှာတော့ ရေငန်အရပ်၌ ဖြစ်ထွန်းလေ့ရှိသော အုန်းပင်၊ ကွမ်းသီးပင်နှင့် ငှက်ပျောတောများ ရှိကြသည်။

အချို့ခြံဝန်းများထဲတွင် တောလက်ကျန်ဖြစ်သော ကနစိုပင်၊ လဗပင်၊ ကမ္ဘလာပင်ကြီးများ တစ်ပင်တလေ ရှိကြသေးသည်။ အိမ်အတော်များများမှာတော့ သစ်သားအိမ်များဖြစ်ကြပြီး ပျဉ်ကာ ဓနိမိုးအိမ်များ ဖြစ်ကြသည်။ ဆောက်ထားပုံလက်ရာများက ပုံသဏ္ဌာန်တူလှပြီး ရေနံချေးများ မည်းမှောင်နေအောင် လုပ်ထားကြသည်။

ရွာအစွန်ပိုင်းတစ်နေရာရောက်သောအခါ ရှေ့မှ လမ်းပြပေးသူများက ခြံဝန်းတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်သွားကြလေသည်။ ခြံဝန်း၏အလယ်လောက်တွင် အိမ်တစ်လုံးရှိပြီး မီးအိမ်တစ်လုံး ထွန်းထားသည်။

ခြံဝန်းထဲရောက်သည်နှင့် အိမ်တွင်းမှ အော်ဟစ်ညည်းညူသံ



www.burmeseclassic.com

www.burmeseclassic.com



များကို ဦးစွာ ကြားကြရသည်။ အိမ်ဝသို့ရောက်သောအခါ အိမ်ထဲမှ မိန်းမကြီးတစ်ယောက်၏အသံကို ကြားရသည်။

"ရွာလူကြီး ဆရာပင့်လာတယ်ဟေ့၊ နေရာပြင်ထားကြ"

အိမ်ပေါ် သို့ ရောက်သောအခါ ခြင်ထောင်တစ်လုံးချထားသည်ကို တွေ့ရပြီး အော်ဟာစ်ညည်းညူသံများမှာ ထိုခြင်ထောင်အတွင်းမှ ပေါ် ထွက်နေခြင်းဖြစ်သည်။

ခြင်ထောင်နံဘေးမှာတော့ မိန်းမကြီးနှစ်ယောက်နှင့် အသက် (၁၈) နှစ်ခန့် မိန်းမပျိုတစ်ဦးတို့ ထိုင်နေကြသည်။

"ကြွပါရှင်၊ ခေါင်းရင်းဘက်ကို ကြွပါ"

နီမောင်က ဧည့်ခန်းမှာ ကျန်ရစ်ခဲ့ပြီး ဦးဖန်ကောင်းက နီမောင့်ဆီမှ ဆေးလွယ်အိတ်ကို ယူ၍ ခေါင်းရင်းဘက်သို့ သွားသည်။ ခြင်ထောင်အတွင်းမှ အော်ဟစ်ညည်းညူသံများ ပေါ် ထွက်နေရာ ဦးဖန်ကောင်းက ညည်းသံကို နားထောင်ရင်း ရောဂါအခြေအနေကို ခန့်မှန်းသည်။

ညည်းသံမှာ ရက်ရှည်ခံစားနေရသည့် တိုးညှင်းသောအသံမျိုး မဟုတ်။ အတွင်းအပူကြီးနေသည့် ပြင်းထန်သော ညည်းသံလည်း မဟုတ်။ အအေးပတ်ဖွဲ့သဖြင့် တုန်ရင်နေသော အသံမျိုးလည်း မဟုတ်။ ဝါယောဓာတ်လွန်ကဲသောကြောင့် လေဆန်နေသော လက္ခဏာမျိုးလည်း မဟုတ်ပေ။

ကြားနေရသော ညည်းညူသံမှာ တစ်စုံတစ်ခု အကျဉ်းအကျပ် ရောက်နေသဖြင့် ညည်းညူနေသော အသံမျိုးဖြစ်သည်။





"ရောဂါဖြစ်တာ ကြာပြီလား"

"မကြာသေးပါဘူး ဆရာကြီးရယ်၊ ညနေပိုင်း အလုပ်ကပြန်လာပြီးမှ ကောက်ကာငင်ကာ ဆိုသလို အ...ပုံ ဖြစ်လာတာပါပဲ"

"အရင်က ၄က်ဖျားရောဂါ အခံရှိခဲ့ဖူးလား"

"တစ်ခါမှတော့ မဖြစ်ဖူးပါဘူး"

"သူ ထိခိုက်ဒဏ်ရာတစ်ခုခု ရထားသလား"

"အဲဒီလိုလဲ မတွေ့ရပါဘူး"

ဦးဖန်ကောင်းက အတန်ကြာအောင် စဉ်းစားနေသည်။ အတန်ကြာမှ ...

"ကျုပ် လူနာကို ကြည့်ပါရစေ"

ဟု ပြောလိုက်ရာ လူနာရှင်များက ခြင်ထောင်စကို မတင်ပေးကြသည်။ လူနာက အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိသော အမျိုးသားတစ်ဦးဖြစ်ပြီး အိပ်ရာပေါ် မှ လဲနေပြီး ၄က်ဖျားတက်သကဲ့သို့ တုန်နေလေသည်။

"အီးဟီးဟီး၊ အီးဟီးဟီး"

ဦးဖန်ကောင်းက အသေအချာ ကြည့်သော်လည်း ခြင်ထောင်ရိပ်ကြောင့် အလင်းရောင် ကောင်းစွာမရသဖြင့် သဲကွဲစွာ မမြင်ရပေ။

"နီမောင်၊ ဒီနားကို လာကြည့်စမ်းကွယ်"

ဟု ခေါ်သဖြင့် နီမောင်က အနားသို့ကပ်သွားကာ အသေအချာ ငုံ့ကြည့်လေသည်။ ထိုအခါ လူနာကိုယ်ပေါ်၌ အံ့သြဖွယ်ကောင်းသော အရာများကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာတွေ့ရသလဲ"

"သူ့ကိုယ်ပေါ်မှာ ပိုက်ကြိုးမျှင်မျှင်လေးတွေနဲ့ ပတ်မိနေတယ် အဘ"

"ဟေ ..."

ဒီတစ်ခါ အံ့သြရသူက ဦးဗန်ကောင်းပင် ဖြစ်သည်။

"သေချာရဲ့လား နီမောင်"

"သေချာတယ် အဘ၊ သူ့ကိုယ်ပေါ်မှာ ပတ်မိနေတဲ့ ပိုက်ကြိုးက မျှင်မျှင်လေးတွေဆိုတော့ တော်ရုံနဲ့ မမြင်ရဘူး၊ အဲဒီပိုက်ကြိုးတွေ ပတ်နေတာကြောင့် သူ အော်နေတာပဲ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက လူနာအခြေအနေကို ကောင်းစွာသဘောပေါက်သွားမိသော်လည်း နောက်ထပ် ဘာမှ ထပ်မပြောတော့ပေ။

"ဆရာကြီးရယ်၊ တတ်နိုင်ရင် လူနာကို ရောဂါပျောက်ကင်းအောင် ကုပေးခဲ့ပါ၊ ကျွန်မတို့ အသက်ဖိုးအတွက် ထိုက်တန်အောင် ကန်တော့ပါမယ်"

ဟု လူနာရှင်ဖြစ်ဟန်တူသော မိန်းမကြီးက တောင်းပန်ပြောဆိုလေသည်။

"ဒီလောက်လဲ စိတ်မပူပါနဲ့လေ၊ လူနာကို ကျုပ် ကြည့်ပေးပါ့မယ်"

ဟုပြောကာ အိပ်ရာထဲမှာ တအီးအီး တအဲအဲ အော်ဟစ်ညည်းညူနေသော လူနာကို ထူပွေ့စေပြီး အသေအချာကြည့်သည်။ အမှန်





ပင် ကိုယ်ပေါ်မှာ ပိုက်ကြိုးမျှင်ကလေးများ အထပ်ထပ်ရစ်ပတ်နေသည်ကို မြင်ရသည်။

သို့ကြောင့် လူနာကို အိပ်ရာပေါ်မှာ ပြန်လှဲနေစေပြီး ဆေးကွမ်းအစ်ထဲမှာ သေးငယ်လှသည့် ဓားတစ်လက်ကို ထုတ်ယူလိုက်သည်။ ထိုဓားငယ်သည် ဆေးကုရာတွင် အသုံးပြုသည့် မိုးကြိုးသွားဖြင့် ပြုလုပ်ထားသော ဓားငယ်ဖြစ်သည်။

ဦးဗန်ကောင်းက လူနာကို ငြိမ်အောင် ကိုင်ထားစေပြီးနောက် ဆေးဓားဖြင့် လူနာ၏ကိုယ်ပေါ်မှ ပိုက်ကြိုးမျှင်များ တစ်စချင်း ဖြတ်ထုတ်ပစ်လေသည်။ အတန်ကြာအောင် ဖြတ်ထုတ်လိုက်သောအခါ လူနာကိုယ် ပေါ်မှ ပိုက်ကြိုးမျှင်ကလေးများမှာ နံဘေးသို့ ပုံကျသွားလေသည်။

"နီမောင်၊ တုတ် ခပ်ရှည်ရှည်တစ်ချောင်း ယူလာခဲ့"

ဟု ပြောသဖြင့် နီမောင်က လူနာရှင်များထံမှ တုတ်ရှည်တစ်ချောင်း တောင်းယူကာ အနီးသို့လာသည်။

"အဲဒီပိုက်ကြိုးမျှင်တွေကို လက်နဲ့မထိမိစေနဲ့၊ တုတ်အဖျားနဲ့ ကော်ယူပြီး အပြင်ကို ယူသွား၊ အပြင်ကိုရောက်ရင် "မကောင်းတဲ့ ဥပါဒ်အန္တရာယ် သွားပါရော့" လို့ပြောပြီးတော့ မီးရှို့ပစ်လိုက်"

ဟု မှာကြားသဖြင့် နီမောင်က တုတ်တစ်ချောင်းနှင့် ပိုက်ကြိုးမျှင်များကို ကော်ယူလာပြီး အိမ်အပြင်သို့ ထုတ်ယူလာသည်။ အပြင်ဘက် ကွက်လပ်သို့ရောက်သောအခါ ရေနံဆီလောင်းကာ မီးရှို့ပစ်လိုက်သည်။



www.burmeseclassic.com

"မကောင်းတဲ့ဥပါဒ်အန္တရာယ်တွေ အားလုံးပါရော့ဟယ်"

ဟုလည်း ပါးစပ်မှလည်း ရေရွတ်ပြောဆိုလိုက်သည်။ ထိုသို့ ပြုလုပ်လိုက်သောအခါ အိမ်ထဲမှာ ကျန်နေခဲ့သောလူနာမှာ ချက်ချင်းဆိုသလို အော်ဟစ်ညည်းညူသံများ ပျောက်သွားလေတော့သည်။ ထမင်းနင်နေတာကို ရေသောက်ချလိုက်သကဲ့သို့ ချက်ချင်း သက်သာရာရသွားပြီး သူ့အလိုလို ထထိုင်လေတော့သည်။

တစ်ကိုယ်လုံးမှာလည်း ချွေးသီးချွေးပေါက်များ ကျဆင်းလျက်ရှိနေသည်။ ထိုအခါမှ စောစောက စိုးရိမ်ပူပန်ဟန်ရှိနေကြသည့် လူနာရှင်များရော၊ ဆရာပင့်လာသည့် ဦးသီလတို့တတွေပါ စိတ်သက်သာရာရသွားဟန်ဖြင့် ပြုံးနိုင်ရယ်နိုင်လာကြသည်။

ဦးသီလဆိုလျှင် "တော်ပါပေတယ်" ဟု ရေရွတ်ပြောဆိုနေကြလေသည်။ ချက်ချင်းဆိုသလို ကျန်းမာရွှင်လန်းလာသော လူနာက မျက်နှာပေါ်မှ ချွေးများသုတ်ရင်း …

"ကဲ … ကဲ၊ ဆရာကြီးရဲ့ကျေးဇူးကတော့ ကြီးလှပါပေတယ်၊ ဆရာကြီးနဲ့သာ မတွေ့ရင် သူတစ်ပါးနှိပ်စက်တဲ့ဒဏ်ကြောင့် ဒီကနေ့ည မှချသေမှာအမှန်ပဲ၊ ဆရာကြီးကို ကန်တော့ရအောင် ငွေယူခဲ့ကြ"

ဟု ပြောလိုက်သောအခါ စောစောက ခြင်ထောင်နံဘေးမှာ ထိုင်နေသော မိန်းမတစ်ယောက်က နေရာမှထကာ အခန်းထဲသို့ ဝင်သွားလေသည်။ ပြန်ထွက်လာသောအခါ ကွမ်းအစ်အံတစ်ခုနှင့် ငွေပြားများ ထည့်၍ယူလာကာ ဆရာကို ပေးသည်။

"ဒါက ဆရာကြီးအတွက် အသက်ဖိုးကန်တော့တာပါ"





ဟုပြောဆိုကာ ကန်တော့ကြသည်။ ထို့နောက် …

"ဟော့ ဆရာကြီးနဲ့ ညှိသည်တွေကို ပြန်ပို့ဖို့ လှည်းအဆင်သင့်ဖြစ်ပလားကွယ့်"

ဟု လှမ်းမေးလိုက်ရာ နေအိမ်အပြင်ဘက်မှ …

"အဆင်သင့်ဖြစ်ပါပြီ"

ဟူသောအသံကို ကြားရလေသည်။ ကိစ္စအားလုံးပြီး၍ အောက်သို့ပြန်ဆင်းလာသောအခါ အိမ်ရှေ့တွင် နွားနှစ်ကောင်တပ်ထားသော လှေတစ်စင်းကို တွေ့ကြရသည်။

လူနာအတွက် ဆရာလာပင့်သူများထဲမှ ဦးသီလတစ်ယောက်သာ ပြန်လိုက်ပြီး ကျန်လူများက နေရစ်ခဲ့ကြရာ လှည်းပေါ်တွင် ဦးဗန်ကောင်း၊ ဦးသီလနှင့် နီမောင်တို့ သုံးယောက်သာ ပါတော့သည်။ လှည်းလမ်းကြောင်းက ရွာအပြင်ဘက်မှ မောင်းသောလမ်းဖြစ်ကာ ခဏချင်းမှာပင် လှေဆိပ်သို့ ပြန်ရောက်လာကြသည်။

ထို့နောက် ဦးသီလကို နှုတ်ဆက်ကာ လှေထဲသို့ ပြန်ဆင်းကြလေသည်။ လှေထဲပြန်ရောက်သောအခါမှ နှစ်ယောက်သား သက်ပြင်းချနိုင်ကြပြီး လူနာရှင်ပေးလိုက်သော ငွေများကို မီးရောင်ဖြင့် ကြည့်လေရာ ကြောင်နက်ဦးခေါင်းတံဆိပ်ပါသည့် ငွေများဖြစ်သည်ကို တွေ့ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

## နီမောင်နှင့် ဆန်းကြယ်သောအိပ်မက်

နီမောင် ဟို့ လှေရောက်ပြီး တစ်ပတ်လောက်အကြာမှာပင် လှေပေါ်တွင် ယူဆောင်လာသော ကုန်ပစ္စည်းများ အတော်ကုန် သွားလေသည်။ ထိုသို့ ရောင်းကုန်သွားခြင်းမှာ အခြားကြောင့် မဟုတ်ဘဲ ဦးသီလတို့ မိသားစုများက ဝိုင်းဝန်းကူညီရောင်းချပေး သောကြောင့် ဖြစ်ပေသည်။

မဟော်ဂနီရွာသို့ ရောက်ပြီး တစ်ပတ်ခန့်ကြာသောအခါမှာပင် လှေသားများနှင့် ရွာသူရွာသားများမှာ မျက်မှန်းတန်းမိပြီး ရင်းနှီး ခင်မင်သွားကြသည်။

ရွာသူရွာသားများက ဈေးဝယ်လာရင်းနှင့် ၎င်းနေအိမ်သို့ အလည်အပတ်လာရန် ဖိတ်ခေါ်ကြသဖြင့် ညနေပိုင်းအလုပ်ပြီး၍ ရေမိုးချိုး ထမင်းစားသောက်ပြီးသောအခါ လှေသားများက ဦးဗန်





ကောင်းကို ခွင့်တောင်းကာ အလည်အပတ်သွားကြလေသည်။

နီမောင်တို့မှာလည်း နေ့လည်ပိုင်း ဈေးရောင်းလိုက်၊ ရွာထဲမှာ လူမမာရှိလျှင် ဆေးကုပေးလိုက်နှင့် တစ်ရွာလုံးက အားကိုးအား ထားပြုကာ ခင်မင်ရင်းနှီးနေကြလေပြီ။

အထူးသဖြင့် နီမောင်နှင့် မြနှင်းဖြူ၊ မြသင်းကြူ ညီအစ်မနှစ် ယောက်တို့မှာ လူငယ်တို့သဘာဝ ခင်မင်ရင်းနှီးကြလေရာ နေ့လည် ဘက်ဆိုလျှင် ညီအစ်မနှစ်ယောက်က လှေထဲသို့ဆင်းလာကာ ဈေး ကူရောင်းပေးကြသည်။

ညဦးပိုင်းအချိန်တွင် နီမောင်က အပေါ်သို့ တက်လည်သည်။ ထိုနေ့ညက နီမောင် ရောက်သွားတော့ မြနှင်းဖြူကိုသာ တွေ့ရပြီး မြသင်းကြူကို မတွေ့ရပေ။

"မြသင်းကြူတစ်ယောက်ရော မမြင်ပါလား"

"ညီမလေး ကောင်းကောင်းနေမကောင်းလို့ စောစောအိပ်ရာ ဝင်သွားပြီ၊ လာထိုင်လေ အစ်ကို"

ဟု ဖိတ်မန္တကပြုကာ လက်ဖက်ရည်ကြမ်း၊ ငါးခြောက်ဖုတ်၊ မြေပဲကြော် စသည်တို့နှင့် ဧည့်ခံလေသည်။ နှစ်ယောက်သား အိမ် ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်၍ စကားပြောကြလေသည်။

ထိုနေ့က တန်ဆောင်မုန်းလဆုတ်ရက်ဖြစ်သော်လည်း လ ရောင်က တစ်စွန်းတစ်စ ကျန်နေသေးသည်။ နှင်းမှုန်များက အားယူ ထိုးဖောက်ဆင်းလာသော လရောင်က ကွမ်းသီးတော၊ အုန်းတော များကိုဖြတ်၍ မြေပြင်ပေါ်သို့ ကျဆင်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆားငွေ၊ ဆားနှံ့ ကောက်သင်းနံ့များကို သယ်ဆောင်လာသော ဆောင်းဦးလေက အုန်းလက်ခတ်သံများကို ဖြစ်ပေါ်စေပြီးမှ မြေသို့ ဆင်းသက်လာသည်။

နှင်းမှုန်များနှင့်အတူ ပါလာသော ကောက်သင်းနံ့များက ဆောင်းဦး၏ နိမိတ်အာရုံများကို ထင်ဟပ်လာစေ၏။ နီမောင်က မြနှင်းဖြူ ငှဲ့ထည့်ပေးသော လက်ဖက်ရည်ကြမ်းပန်းကန်ကို ယူသောက်ရင်း ...

"မြနှင်းဖြူတို့ ရွာကလေးက အရမ်းကို အေးချမ်းသာယာတာပဲနော်"

ဟု ပြောလိုက်သည်။

"ကျွန်မတို့ ... အပြင်လူတွေနဲ့လဲ အဆက်အသွယ်မလုပ်ကြတော့ အခုလို သီးသီးသန့်သန့်လေး ဖြစ်နေတာပါ။ အစ်ကိုကတော့ မြို့ကြီးတွေကို အရောက်အပေါက်များလာတော့ ဒီလို တောထဲက ရွာမျိုးရောက်ရင် ပျင်းနေမှာပေါ့နော်"

"မပျင်းပါဘူး။ စိတ်ချမ်းသာစရာကောင်းလို့ နောက်နှစ်တွေလဲ ရောက်အောင်လာဖို့ စိတ်ကူးနေတာ"

"အစ်ကိုတို့ ပါလာတဲ့ ကုန်ပစ္စည်းတွေကုန်ရင် ပြန်ကြရတော့မှာပေါ့နော်"

"ပါလာတဲ့ ကုန်ပစ္စည်းတွေကုန်သွားရင် အပြန်ကုန်အတွက် ဝယ်ဖို့ စီစဉ်ရဦးမယ်"

"အစ်ကိုတို့က ဘယ်လိုကုန်ပစ္စည်းတွေ ဝယ်ချင်တာလဲ"





"အဓိကကတော့ ဆန်ပေါ့။ နောက် ဆား၊ ငပိ၊ ငါးခြောက်စတဲ့ ပင်လယ်ထွက်ကုန်တွေကို ဝယ်ချင်တာ၊ ခက်တာက အခု အောက်ဖက်နယ်တွေမှာ တိုက်ပွဲတွေဖြစ်နေတော့ ဆင်းလို့မရတော့ လိုချင်တဲ့ ကုန်ပစ္စည်းတွေ ဘယ်လိုဝယ်ရမယ်ဆိုတာ မသိသေးပါဘူး၊ လှေခွက်ချည်း ဒီအတိုင်းပြန်လို့တော့ မဖြစ်ဘူး"

ဟု ပြောကာ လက်ဖက်ရည်ကြမ်းကို လက်စသပ်သောက်လိုက်ပြီး ပန်းကန်ကို ပြန်ချထားလိုက်သည်။ နီမောင့်စကားကြားသောအခါ မြနှင်းဖြူက အတန်ကြာအောင် စဉ်းစားနေလေသည်။ အတော်ကြီးကြာမှ ...

"ဒီလိုလုပ်ပါလား၊ ကျွန်းညိုကြီးရဲ့ အောက်ဖက်ထိပ်မှာ ချောင်းတစ်ချောင်းရှိတယ်၊ အဲဒီချောင်းထဲမှာ ရွာတစ်ရွာရှိတယ်၊ အဲဒီရွာက လူတွေက ကျွန်မတို့နဲ့ ဆွေမျိုးသားချင်းတွေပဲ၊ သူတို့က တစ်ရွာလုံး သားငါးရှာကြတော့ အစ်ကိုတို့ လိုချင်တဲ့ ငပိ၊ ငါး ခြောက်တွေ ပေါပေါများများ ရနိုင်တယ်"

ထိုစကားကြားသောအခါ နီမောင်က ဝမ်းသာသွားသည်။

"ဟန်ကျတာပဲ၊ ဒါပေမယ့် အခုရက်က ရေသေရက်ဖြစ်နေတော့ ချောင်းထဲမှာ ရေနည်းနေပြီး လှေကြီးနဲ့ ထွက်လို့မရဘူး၊ ဘယ်လိုလုပ်မလဲ"

"လှေကြီးထွက်မရလဲ မပူနဲ့လေ၊ အစ်ကို လိုချင်တဲ့ပစ္စည်းတွေ ရနိုင်မရနိုင်ဆိုတာ တစ်ခေါက်သွားကြည့်တာပေါ့၊ ဒီကနေသွားရင် နေ့ဝက်လောက်ပဲ သွားရမှာ၊ မဝေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာနဲ့သွားကြမလဲ"

"ခတ်လှေကလေးနဲ့ သွားကြမှာပေါ့"

"ဘယ်သူလိုက်ပို့မှာလဲ"

"ကျွန်မလိုက်ပို့မှာပေါ့ အစ်ကိုရဲ့၊ မနက်စောစော သွားကြတာပေါ့၊ အဲဒီလိုသွားရင်းနဲ့ လမ်းမှာ ထူးဆန်းတာတွေတောင် အစ်ကို မြင်ရဦးမယ်"

"ဘာတွေလဲဟင်"

"ဟိုရောက်တော့ တွေ့ရမှာပေါ့"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် မြနှင်းဖြူ"

"ကျေးဇူးတင်စရာ မလိုပါဘူး ကိုနီမောင်ရယ်၊ ကျွန်မတို့က တောင် အခုလို အကူအညီပေးရတာကို ဝမ်းသာနေကြတာ"

"ဒါဖြင့် ဘယ်နှယောက် သွားကြမှာလဲ၊ အခြားလှေသမားတွေကို အဖော်ခေါ်ခဲ့ရဦးမလား"

"မခေါ်ပါနဲ့တော့ အစ်ကို၊ ခရီးက ဝေးလှတာမှမဟုတ်တာ၊ အစ်ကိုနဲ့ကျမ နှစ်ယောက်ပဲသွားကြတာပေါ့၊ ဘာလဲ၊ အစ်ကိုက ကြောက်နေလို့လား"

"မကြောက်ပါဘူး၊ မြနှင်းဖြူအတွက် အားနာနေလို့ပါ"

ထိုစကားကြားသောအခါ မြနှင်းဖြူက ချစ်စဖွယ် ပြုံးလိုက်လေသည်။

"ဘာမှ အားနာစရာမလိုပါဘူး အစ်ကိုရယ်၊ ကျွန်မကိုယ်တိုင်က ပို့ချင်လို့ လိုက်ပို့တာပါ၊ ကျွန်မတို့ဆီမှာ လှေတစ်စင်းရှိတယ်၊





အဲဒီလှေနဲ့ မနက်စောစော ထသွားကြတာပေါ့"

"ကောင်းပါပြီ"

ထို့နောက် ညဥ့်နက်ပိုင်းရောက်လာသဖြင့် နီမောင်က မြနှင်းဖြူကို နှုတ်ဆက်ကာ လှေထဲသို့ ပြန်ဆင်းလာသည်။ လှေထဲရောက်တော့ အခြားသူများက အိပ်နေကြပြီဖြစ်သော်လည်း ဦးဗန်ကောင်းက မအိပ်သေးဘဲ ဘုရားရှိခိုးပြီး၍ ဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ နီမောင်ဆင်းလာတာမြင်မှ ရွတ်ဆိုမှုများ ရပ်လိုက်သည်။

"မင်း ပြန်လာပလား"

"ဟုတ်ကဲ့၊ ပြန်လာပြီ အဘ၊ အဘ မအိပ်သေးတာနဲ့ အတော်ပဲ၊ ပြောစရာရှိလို့"

"ဘာပြောမှာလဲ၊ ပြောလေ"

"ကျွန်တော် မနက်ကျရင် မြနှင်းဖြူနဲ့ အောက်ဖက်ကို ခဏလိုက်သွားမလို့ အဘ"

"ဘာအတွက်လဲ"

"သူတို့အသိရွာမှာ ကျွန်တော်တို့ လိုချင်တဲ့ ငပိ၊ ငါးခြောက်တွေ ရမယ်ပြောလို့ သွားကြည့်မလို့ပါ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ကွမ်းတစ်ယာယာစားရင်း အတန်ကြာအောင် စဉ်းစားနေသည်။

"လိုက်ချင်လဲ လိုက်သွားပေါ့၊ ဒါပေမယ့် ဘယ်နေရာကိုပဲ သွားသွား၊ ဘုရားဂုဏ်တော်တွေကို ဘယ်တော့မှ မမေ့လေနဲ့၊ အမြဲဆွေ



www.burmeseclassic.com

ဂါထာတော်နဲ့ ပဋ္ဌာန်းဂုဏ်တော်ကို အမြဲရွတ်ဆိုပြီးတော့ သွား"

"စိတ်ချပါ အဘ"

"နောက်တစ်ခု မင်းကို မှာလိုက်ရဦးမယ်၊ ဘယ်နေရာမဆို သတိလက်လွတ်မနေနဲ့၊ ဘယ်အရာကိုမှ စိတ်ချယုံကြည်ပြီး မနေနဲ့၊ အရေးကိစ္စကြုံလာရင် ဘုရားဂုဏ်တော်တွေကပါ ကိုယ့်ကို ကယ်တင်နိုင်တယ်"

"ဟုတ်ကဲ့"

"ငါ မှာချင်တာက လမ်းရောက်ရင် မြနှင်းဖြူကို ကြောင်နက်ကြီးနဲ့ ပတ်သက်ပြီးတော့ မေးကြည့်စမ်းကွာ"

"ဘာကြောင့်လဲ အဘ"

"တို့ ဒီရွာကိုလာတာ ကုန်ရောင်းဖို့ချည်း အဓိကမဟုတ်ဘူးကွ၊ အခု ကုန်ရောင်းလို့ရတဲ့ ငွေတွေနဲ့ ဆေးကုလို့ရတဲ့ငွေတွေကို ပေါင်းလိုက်ရင် ငါတို့အတွက်က လုံလောက်နေပြီ၊ ပြန်မယ်ဆိုရင် ပြန်လို့ရနေပြီ၊ ဒါပေမယ့် ကြောင်နက်အမြဲတောနဲ့ ပတ်သက်တဲ့သတင်းကို သိရလိုသိရငြား စောင့်နေတာကွ၊ ဒီတော့ အခွင့်သာခိုက် မြနှင်းဖြူကို မေးကြည့်ဖို့ မမေ့နဲ့၊ ကြားလား နီမောင်"

"ဟုတ် .. ဟုတ်ကဲ့ အဘ"

ထို့နောက် ဘုရားရှိခိုး၊ ဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး အိပ်ရာဝင်ခဲ့လေသည်။ အိပ်ရာပေါ်ရောက်သော်လည်း တော်တော်နှင့်အိပ်မပျော်ဘဲ မြနှင်းဖြူအကြောင်းများကို တွေးတောနေမိလေသည်။ မြနှင်းဖြူမျက်နှာလေးကို တရစ်ဝဲဝဲ မြင်ယောင်နေမိသည်။





မပေါ်ဂနီရွာကိုရောက်ပြီး ရက်အတန်ကြာလာသောအခါ တစ်ဦးအခြေအနေကို တစ်ဦးက အကဲခတ်မိစ ပြုနေကြသော်လည်း ယခုမှ တွေ့ကြရသူချင်းမို့ ဖွင့်ပြောရမှာ ခက်နေကြသည်။

သို့သော်လည်း မြနှင်းဖြူ၏ ရိုးသားဖြူစင်သောအလှကိုတော့ မျက်စိထဲမှ ဖျောက်ဖျက်မရအောင် စိတ်ဝင်စားနေမိလေပြီ။ အတွေးကောင်းနေသောကြောင့် အတော်ညဉ့်နက်တော့မှ အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်မောကျသွားသည် မသိပေ။ တံတားပေါ်မှ ဆင်းလာသော ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် အံ့သြသွားသည်။ ထိုသဏ္ဌာန်က တံတားပေါ်မှ လှေပေါ်ရောက်အောင် ထိုးခင်းထားသည့် ကုန်းဘောင်တံတားပေါ်မှ နင်းကာ လှေပေါ်ရောက်အောင် ဆင်းလာသည်။

နီမောင်က တအံ့တသြဖြင့် အိပ်နေရာမှ ထထိုင်လိုက်သည်။ ဆင်းလာသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး တစ်ကိုယ်လုံး အဖြူရောင်အဝတ်များကို ဝတ်ဆင်ထားသည်။ အနီးရောက်လာတော့မှ ထိုသဏ္ဌာန်မှာ မြနှင်းဖြူဖြစ်မှန်း သိရလေတော့သည်။

"ဟင် ...မြနှင်းဖြူ"

မြနှင်းဖြူက သူ့ကို ပြုံး၍ ကြည့်နေသည်။

"ညအချိန်မတော်ကြီး ဘာကိစ္စရှိလို့ လာတာလဲဟင်"

"အစ်ကို ကျွန်မကို ပြောစရာရှိတယ် မဟုတ်လား"

"ဟင် ... မင်း ဘယ်လိုသိတာလဲ"

www.burmeseclassic.com



"သိတာပေါ့ အစ်ကိုရဲ့၊ ဒါကြောင့် ကျွန်မ ဆင်းလာခဲ့တာ၊ အစ်ကို ကျွန်မကို စိတ်ထဲက ချစ်နေတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်တယ်၊ ကိုယ် မင်းကို မြင်မြင်ချင်းပဲ ချစ်နေမိတယ်"

"ဒါပေမယ့် အစ်ကို ဖွင့်ပြောရမှာ ခက်နေတယ်မဟုတ်လား၊ နောက်ပြီး ကျွန်မတို့အပေါ်မှာလဲ သံသယစိတ်တွေ ရှိနေတယ် မဟုတ်လား"

"ဒီလိုတော့ မ ... မဟုတ်ပါဘူး"

"ဒီလိုဆိုလဲ ဖွင့်ပြောပေါ့ အစ်ကိုရယ်၊ ကျွန်မက အစ်ကိုဖွင့်ပြောမှာကို စောင့်နေတာ"

"ဟင် ..."

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ အစ်ကို ကျွန်မအချစ်ကို ရပြီးရင်တော့ ကျွန်မတို့နဲ့ အမြဲအတူတူနေရမယ်၊ အစ်ကို တစ်သက်လုံး နေနိုင်ပါ့မလားဟင်"

"ဒါထက် မြနှင်းဖြူတို့က လူအစစ်တွေရော ဟုတ်ပါရဲ့လားဟင်"

"ဟုတ်ပါတယ် အစ်ကိုရဲ့၊ လူတစ်ယောက်လုံး မြင်နေတာတောင် လူအစစ်လားလို့ မေးနေတယ်၊ အစ်ကိုက ဘယ်လိုထင်လို့လဲဟင်"

"ဟို ... ဟို ဘယ်လိုမှ မထင်ပါဘူး၊ ဒါပေမယ့် တစ်မျိုးဖြစ်နေလားလို့ပါ"

"ကျွန်မတို့က လူအစစ်တွေပါ အစ်ကိုရယ်၊ ဒါပေမယ့် ဒီနေရာတွေက မအေးချမ်းလှဘူး၊ ရန်သူတွေက ရှိနေတော့ လျှို့လျှို့ဝှက်





ဝှက် နေကြရတယ်"

နီမောင် စိတ်ထဲမှာ တောထဲမှ သောင်းကျန်းသူတွေကို ပြောနေသည်ဟု ထင်မိလေသည်။

"ဒီနေရာကို တောထဲက သောင်းကျန်းသူတွေ လာကြသလားဟင်"

"သူတို့လဲ တစ်ခါတစ်ရံ လာတယ်၊ တခြားရန်သူတွေလဲ လာကြတယ်၊ တကယ်တော့ ကျွန်မတို့တစ်ရွာလုံးက လူတွေဟာ ပစ္စည်းဥစ္စာတွေ ရှိကြတယ်၊ ဒါပေမယ့် အဲဒီပစ္စည်းဥစ္စာတွေကို ရန်သူတွေ ဖျက်ဆီးမှာစိုးလို့ တစ်နေရာမှာ ဝှက်ထားကြရတယ်၊ ကျွန်မတို့နေတဲ့နေရာကို အစ်ကိုတို့ ကြည့်ချင်တယ်ဆိုရင် ပြပေးမယ်လေ"

"ဟင် ...မြနှင်းဖြူတို့ နေကြတာ ဒီတံတားထိပ်က အိမ်ကြီး မဟုတ်လားဟင်"

"မဟုတ်ဘူး၊ ဒီအိမ်က ဟန်ပြနေကြတာ၊ တကယ်နေတဲ့ နေရာက တစ်နေရာမှာ ရှိတယ်၊ ကျွန်မ လက်ညှိုးထိုးပြတဲ့နေရာကို အစ်ကို ကြည့်လိုက်ပါ"

ဟု ပြောဆိုကာ တစ်နေရာသို့ လက်ညှိုးထိုးပြလေသည်။

ထိုနေရာမှ မီးခိုးငွေ့လိုလို၊ မြူခိုးငွေ့များလိုလို ဝေ့ဝဲရစ်သိုင်းနေသည်။ ထိုမီးခိုးငွေ့များကြားမှာ ကုန်းတန်းတစ်ခု ရှိသည်။ ထိုကုန်းတန်းပေါ်မှာ စေတီပျက်နှင့် အဆောက်အဦ အပြိုအပျက်များ ရှိနေသည်။

ထိုနေရာမှ ဆက်သွားလျှင် ကြောင်မျက်နှာနှင့်သဏ္ဌာန်တူသော ဂူပေါက်ဝကြီးကို မြင်ရသည်။ ထိုအတွင်း၌ ကြီးကျယ်ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



သော တိုက်ကြီးတစ်လုံးရှိသည်။ ထိုတိုက်ကြီး၏ အပေါက်ဝမှာ အလွန်ကြီးမားသော ကြောင်နက်ကြီးတစ်ကောင် ထိုင်နေပြီး မျက်လုံးနှစ်လုံးက ဝင်းလဲ့တောက်ပလျက် ရှိနေသည်။

တိုက်ကြီး၏ ပတ်ဝန်းကျင်မှာတော့ နေရာအနှံ့ သွားလာလှုပ်ရှားနေကြသည့် ကြောင်နက်များစွာတို့လည်း ရှိနေကြသည်။ ထိုတိုက်ကြီးထဲတွင် ရှေးဟောင်းအဝတ်အစားများ ဝတ်ဆင်ထားသော လူကြီးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ ရှိနေကြပြီး ၎င်းတို့မှာ အခြားမဟုတ်ဘဲ ၎င်းတို့ကို အကူအညီပေးနေကြသည့် ရွာလူကြီး ဦးသီလနှင့် သူ၏ဇနီး ဒေါ်နှင်းကြူတို့ ဖြစ်ကြသည်။

ထို့ထက် ထူးဆန်းသည်က ထိုတိုက်ကြီးထဲတွင် မြနှင်းဖြူရောမြသင်းကြူပါ ညီအစ်မနှစ်ယောက်စလုံး ရှိနေကြသည်။

"အဲဒီနေရာက ဘာလဲဟင်"

"အဲဒါ ကြောင်တစ်ရာ မျက်ရှင်တိုက်လို့ ခေါ်တယ်၊ ဒီတိုက်ကြီးကို စောင့်ရှောက်နေတာက တိုက်ပေါက်ဝမှာ ထိုင်နေတဲ့ ကြောင်နက်ကြီးပဲ၊ ကြောင်နက်ကြီးရဲ့ မျက်လုံးက အမြဲတောခတ်ကိန်းနေတော့ သိဒ္ဓိရှိတယ်၊ သူ့ကို ဘယ်သူမှ နှောင့်ယှက်လို့ မရနိုင်ဘူး"

"ဒါ ... ဒါဖြင့် မြနှင်းဖြူတို့က ဥစ္စာစောင့်တွေလားဟင်"

ထိုသို့မေးသောအခါ မြနှင်းဖြူက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ကျွန်မတို့ကတော့ လူအစစ်တွေပါ





ပဲ"

ဟု ပြောဆိုကာ နောက်သို့ပြန်လှည့်ကာ လှေပေါ်မှ တံတားပေါ်သို့ ပြန်တက်သွားလေတော့သည်။ ထိုအခါ စွဲလမ်းမှုကြောင့် ကယောင်ကတမ်းဖြင့် အိပ်မက် မက်နေသော နီမောင်မှာ အိပ်ပျော်နေရာမှ လန့်နိုးလာတော့သည်။ လူက နိုးလာသော်လည်း မျက်စိထဲမှာ အိပ်မက်ပုံရိပ်များက ထင်ဟပ် နေဆဲပင်။

စိတ်ထဲမှာလည်း "ကြောင်တစ်ရာ မျက်ရှင်သိုက်၊ ကြောင်တစ်ရာ မျက်ရှင်သိုက်' ဟု ရေရွတ်နေမိလေသည်။

အိပ်မက်ဟူသည် ...

ပါတိက - လေဓာတ်ပျက်၍ မက်ခြင်း။

ပိတ္တိက - သည်းခြေပျက်၍ မက်ခြင်း။

သေမှိက - သလိပ်ပျက်၍ မက်ခြင်း။

**ဒေဝဒူတ သံဟာရတ - နတ်တို့ လှည့်စားမှုဖြင့်မက်ခြင်း။**

**သမုဒ္ဒါစိဏ္ဏတ - လေ့ကျက်သုံးဆောင်မှု (စွဲလမ်းမှု)ကြောင့်မက်ခြင်း။**

ပုဗ္ဗနိမိတ္တ - ဖြစ်လာမည့် အကြောင်းကို ကြိုတင်မက်ခြင်း

ဟူ၍ (၆) ပါးရှိရာ ယခု မြင်မက်သော အိပ်မက်သည် ဘယ်သို့သော အကြောင်းကြောင့် မက်သည်ကိုတော့ နီမောင်ကိုယ်တိုင်ပင် မဝေခွဲနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

မြနှင်းဖြူနှင့် လျှို့ဝှက်သော မျက်နှာများ

နံနက်ပိုင်းအချိန်ရောက်သောအခါ ချောင်းထဲမှ လှေတစ်စင်း လှော်လာသံ ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ မြနှင်းဖြူ တစ်ယောက်တည်း လှေတစ်စင်းနှင့် လှော်ထွက်လာသည်ကို မြင်ရသည်။

"အစ်ကို၊ ကျွန်မတို့ သွားကြရအောင်"

ဟု ဆိုသဖြင့် နီမောင်မှာ လိုအပ်သော ပစ္စည်းလေးများကို ယူငင်ကာ လှေငယ်ပေါ်သို့ ဆင်းရလေသည်။ လှေထဲသို့ ဆင်းနေစဉ်မှာပင် ဦးဗန်ကောင်းက ...

"ငါမှာတာတွေ မမေ့နဲ့နော် ကောင်လေး"

ဟု လှမ်းမှာလိုက်သေးသည်။ လှေပေါ်မှာ လှော်တက်အပြင် ခတ်တက်တစ်စုံပါ ပါသဖြင့် နီမောင်က လှေပဲ့ပိုင်းသို့ သွားကာ ခတ်





ကွင်း၊ ခတ်တက်များကို ပြင်ဆင်ပြီးနောက် ခတ်ထွက်လာလေသည်။ ခတ်တက်ကို ကျွမ်းကျွမ်းကျင်ကျင် ခတ်နိုင်သော နီမောင့်ကို ကြည့်ပြီး မြနှင်းဖြူက ...

"အစ်ကိုက လှေခတ်တာလဲ အကောင်းသားပဲ"

ဟု ချီးမွမ်းသည်။

"လှေသမားပဲ၊ ဒီလောက်တော့ ခတ်တတ်ရမှာပေါ့"

နီမောင်မှာ လှေခတ်နေရင်းမှပင် ညက အိပ်မက်အကြောင်းကို စဉ်းစားရင်း မြနှင်းဖြူကို ကွက်ကြည့်၊ ကွက်ကြည့် လုပ်နေရာ မြနှင်းဖြူက သတိပြုမိသွားသည်။

"အစ်ကို ဘာကြည့်နေတာလဲ"

"ဩော် ... ဟို ... ဟို ဘာမှမကြည့်ပါဘူး"

လှေကို မှန်မှန်ခတ်လာရာ အတန်ကြာသောအခါ ချောင်းဝ ပိုင်းသို့ ရောက်လာသည်။ ချောင်းဝပိုင်းရောက်တော့ နေအတော် မြင့်နေပြီ။ ချောင်းဝပိုင်း လှေထွက်ခါနီးအချိန်တွင် အပြင်မှ ပြန်ဝင် လာကြသော လှေတစ်စင်းနှင့် ဆုံသည်။ အခြားမဟုတ်ပေ။

ပဲပြုတ်ရောင်းရာမှ ပြန်လာသော ဒေါ်မင်းဇာ၏ လှေပင် ဖြစ်သည်။ မြနှင်းဖြူကို မြင်တော့ ဒေါ်မင်းဇာက တအံ့တသြနှင့် မျက်လုံးပြူးသွားလေသည်။

"ဟင် ... သခင်မလေး၊ ဘယ်သွားကြမလို့လဲ"

ထိုစကားကြားသောအခါ မြနှင်းဖြူမျက်နှာ တင်းခနဲ ဖြစ်သွားသည်။

"ဒေါ်မင်းဇာကလဲ၊ ဘယ်လိုတွေ ခေါ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မှားလို့ မှားလို့ အစ်မလေးတို့ ဘယ်သွားကြမလို့လဲ"

"အောက်ဘက် ခဏသွားမလို့၊ ရွာကို ဂရုစိုက်လိုက်နော် ဒေါ်မင်းဇာ"

"ဟုတ် ... ဟုတ်ကဲ့ သခင်မလေး၊ အစ်မလေးတို့ ဘယ်သွားကြမလို့လဲ"

ဟုပြောဆိုကာ ဒေါ်မင်းဇာက လှေကို ဆက်လှော်သွားသဖြင့် နီမောင်လည်း လှေကို ဆက်ခတ်လာခဲ့သည်။

"ပဲပြုတ်သည်က မြနှင်းဖြူကို သခင်မလေးလို့ ခေါ်တယ်နော်"

"သူက အသက်ကြီးလာတော့ သတိမေ့တတ်တယ်၊ ကျွန်မကို အစ်မလေးလို့ ခေါ်နေကျကို တစ်ခါတစ်ရံ သခင်မလေးလို့ ခေါ်ချင်ခေါ်တာ"

မြနှင်းဖြူက အရေးမကြီးသလို ပြန်ပြောသည်။ ရေစုန်ဖြစ်သောကြောင့် လှေကို သက်တောင့်သက်သာ ခတ်လာနိုင်သည်။ ကမ်းနှင့် မနီးမဝေးမှ မှန်မှန်ခတ်လာရင်း နီမောင်က ပြောသည်။

"ညတုန်းက ကျွန်တော် မြနှင်းဖြူကို အိပ်မက် မက်တယ်"

မြနှင်းဖြူက တစ်ချက်ပြုံး၍ ...

"ဘယ်လိုမက်တာလဲ အစ်ကိုရဲ့"

ဟု မေးသည်။

"ဟို ... အိပ်မက်ထဲမှာ မြနှင်းဖြူကို ရှေးခေတ်က အဝတ်အစားတွေနဲ့ တွေ့ရတယ်၊ နောက်ပြီး မြနှင်းဖြူတို့ နေခဲ့တဲ့ နေရာဟောင်းကိုလဲ တွေ့ရတယ်"





"ကျွန်မတို့ နေရာဟောင်းက ပျော်စရာမကောင်းဘူးလား"

"ပျော်စရာတော့ ကောင်းပါတယ်၊ ဒါပေမယ့် လူတွေကြည့်ရတာ တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲဟင်"

"လူတွေက ဇာတ်ထဲက အဝတ်အစားတွေနဲ့ တွေ့ရတယ်၊ နောက်ပြီး ကြောင်နက်ကြီးတစ်ကောင်နဲ့ ကြောင်တွေအများကြီးလဲ တွေ့ရတယ်၊ အဲဒါ ဘာတွေလဲဟင်"

"အစ်ကို၊ ကြောင်တွေကို အိပ်မက်မက်မှတော့ ကြောင်တွေပဲ ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ အဲဒီကြောင်နက်ကြီးက တခြားကြောင်တွေနဲ့ မတူဘူး။ မျက်လုံးကြီးက ဝင်းနေတာပဲ၊ အဲဒီကြောင်နက်ကြီးက အပြင်မှာ တကယ်ရှိခဲ့သလားဟင်"

ထိုစကား ကြားသောအခါ အတန်ကြာအောင် စဉ်းစားနေသည်။ သူမ၏အကြည့်များက တသွင်သွင်စီးဆင်းနေသော မြစ်ရေပြင်ဆီသို့ ရောက်နေသည်။ အတန်ကြာမှ ...

"ကျွန်မတော့ သိပ်မသိဘူး၊ အဘတို့ပြောသံကြားဖူးတာတော့ ဟိုးရှေးအခါတုန်းက ဒီနယ်တစ်ဝိုက်မှာ ရှေးဟောင်းရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်တဲ့၊ အဲဒီရွာတစ်ဝိုက်မှာ ကြောင်နက်ကြီးတစ်ကောင် ရှိခဲ့တယ်၊ သူ့မျက်လုံးတွေက အမြဲတေဖြစ်နေလို့ ကိုယ်ပျောက်နိုင်တယ်လို့တော့ ပြောတာပဲ"

"နောက်တော့ ဘယ်ရောက်သွားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဘတို့ပြောတာကတော့ အဲဒီကြောင်နက်ကြီး သေသွားတော့ ကိုယ်က အရိုးကျသွားတယ်၊ မျက်လုံးရှိတဲ့ဦးခေါင်းပိုင်းကတော့ အသက်မသေဘဲ ဒီအတိုင်းကျန်နေလို့ ရွာလူကြီးတွေက ဒီနယ်တစ်ဝိုက်မှာ မြေမြှုပ်ထားခဲ့ကြတယ်တဲ့"

"အဲဒီရှေးဟောင်းရွာကြီးရဲ့ နာမည်က ဘာလဲဟင်"

"ကြောင်တစ်ရာရွာလို့ ခေါ်တယ်"

"ကြောင်တစ်ရာ"

နီမောင် စိတ်ထဲမှာ ညကအိပ်မက်မက်ခဲ့သော ကြောင်တစ်ရာ သိုက်ဆိုသောအမည်ကို အမှတ်ရလာသည်။

"အစ်ကိုက ကြောင်တစ်ရာကို ဘာ့ကြောင့်စိတ်ဝင်စားတာလဲ"

နီမောင်‌ ပြောသင့်မပြောသင့် စဉ်းစားနေပြီး အတန်ကြာမှ

"ကျွန်တော်က ထူးထူးဆန်းဆန်းဆိုရင် စိတ်ဝင်စားလို့ မေးတာပါ"

ဟု စကားကို လျှောချလိုက်သည်။ ဤသို့ဖြင့် စကားတပြောပြောနှင့် လာကြရာ ရေစစ်ကာနီးအချိန်လောက်တွင် ကျွန်းညိုကြီးအောက်ဘက် နယ်နိမိတ်သို့ ရောက်လာသည်။

ကွမ်းသီးချောင်း ကျော်လာပြီး အောက်ဘက်သို့ ရောက်လာသောအခါ ရေလယ်ခေါင်နေရာလောက်မှာ ကျွန်းတစ်ကျွန်းကို မြင်ရသည်။

"ဟိုးအရှေ့က လှမ်းမြင်နေရတဲ့ ကျွန်းက မဲလိပ်ကျွန်း လို့ ခေါ်တယ်၊ အဲဒီဘက်ကို သွားကြရအောင် အစ်ကို"





ဟု ပြောသဖြင့် နီမောင်က လှေကို ထိုကျွန်းဘက်သို့ ဦးတည်လိုက်သည်။ ကျွန်းမှာ အတော်အတန်ကြီးပြီး ဗိုလ်ကလေးမြစ်အတိုင်း မြောက်မှတောင်သို့ သွယ်တန်းထားလေသည်။

မြောက်ဘက်ထိပ်တွင် သောင်ခုံကြီးတစ်ခု ပေါ်ထွန်းနေသည်ကို တွေ့ရသဖြင့် လှေကို ထိုသောင်ထိပ်၌ ဝင်ကပ်လိုက်သည်။

"အစ်ကို၊ ဟိုမှာ ကြည့်လိုက်ပါဦး"

ဟု မြနှင်းဖြူက လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်သောအခါ သောင်ခုံအလယ်လောက်တွင် လှေဝမ်းဗိုက်ရာနှင့်သဏ္ဍာန်တူသော အလျားရှည်ရှည်မျောမျောနှင့် ချိုင့်ခွက်ကြီးတစ်ခုကို တွေ့ရသည်။ အလျားမှာ (၁၄) တောင်၊ (၁၅) တောင်ခန့် ရှည်လျားလေသည်။

အလယ်ချိုင့်ခွက်ထဲမှာ ရေအနည်းငယ်ရှိပြီး ဟိုဘက်သောင်ပြန့်ပေါ်ရှိ လမုတောများအောက်မှာတော့ မိကျောင်း နှစ်ကောင် သုံးကောင် တက်နေသည်ကို လှမ်းမြင်ရသည်။

ဖောင်ဝင်မြစ်သည် ရေငန်ချည်းမဟုတ်ဘဲ တစ်ခါတစ်ရံ ရေချိုရောက်သောနေရာမို့ မိကျောင်းအလွန်ပေါသော နေရာဖြစ်သည်။ ထိုအချိန်က ရေကျချိန်ရောက်လျှင် လတာပြင်ပေါ် တက်အိပ်နေသော မိကျောင်းများကို နေရာမရွေး တွေ့ရလေ့ရှိသည်။

"ဟိုလတာပြင်ပေါ်မှာ ပေါ်နေတဲ့ ချိုင့်ခွက်ကြီးကို မြင်လား အစ်ကို"

"အင်း ... မြင်တယ်၊ အဲဒါ ဘာလဲဟင်"

"အဲဒါ လှေဝမ်းဗိုက်ရာကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



"လှေဝမ်းဗိုက်ရာ၊ ဘယ်လို လှေဝမ်းဗိုက်ရာလဲ"

"အစ်ကို ဦးရှင်ကြီးအထုပ္ပတ္တိကို ကြားဖူးတယ်မဟုတ်လား"

"အင်း ... ကြားတော့ ကြားဖူးတယ်"

"ဒီနေရာမှာ ဦးရှင်ကြီးကို ရေစာချကျွေးကြတဲ့ နေရာပဲ"

"ဟာင် ..."

"ဒီလှေဝမ်းဗိုက်ရာကြီးက လှေသူကြီး ဦးတောရဲ့ လောင်းလှေကြီး ထွက်မရဘဲ သောင်ငြိခဲ့တဲ့နေရာပဲ"

"ဒီ လှေဝမ်းဗိုက်ရာကြီးက ဒီလောက် နှစ်ပေါင်းကြာနေတာတောင် သဲနုံးတွေ၊ နွံတွေ ပြည့်မသွားဘူးလားဟင်"

"ဒီနေရာက ဦးရှင်ကြီး အသက်စတေးခဲ့ရတဲ့ နေရာဆိုတော့ ဒီလှေဝမ်းဗိုက် ရာကြီးက ဘယ်တော့မှ ပြည့်တယ်မရှိဘူး၊ အမြဲတမ်း အမှတ်တရဖြစ်အောင် အခုလိုအတိုင်း ရှိနေတာ ဖြစ်မှာပေါ့"

နီမောင် မျက်စိထဲမှာ တစ်မျှော်တစ်ခေါ် မြင်နေရသော သောင်ပြင်ကြီးကို ကြည့်နေရင်း မျက်စိထဲမှာ အတွေးပုံရိပ်များက တစ်ခုချင်း တစ်စချင်း ဝင်လာလေတော့သည်။

ရှေးက ဟံသာဝတီနေပြည်တော်ကြီး ထွန်းကားခဲ့စဉ်အခါက ကဖင်းရွာ (အချို့က စည်တီးရွာ) ၌ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေထိုင်ကြသော မွန်လူမျိုး နာဋိုတ်တော်နှင့်ဇနီး မိသုကညာတို့မှ နောင်အခါ ဦးရှင်ကြီးနတ်ဖြစ်လာမည့် **မောင်ရှင် ခေါ် မောင်နှာ** ဒကွန်ပေါင်ကို ဖွားမြင်ခဲ့ပုံများ။

မောင်ရှင် အရွယ်မရောက်ခင်မှာပင် ဖခင်ဆုံးပါးသွားသော





ကြောင့် မိခင်ဖြစ်သူမှာ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ကျွေးမွေးရင်း သားကို ဆရာဘုန်းတော်ကြီးထံ အပ်နှံ၍ ပညာသင်ကြားစေခဲ့သည်။

မိသုကညာဟုခေါ်သေ ဒေါ်ဖြူသည် သားကို အလုပ်မခိုင်းဘဲ ပညာသင်ကြားစေရာ စာပေပညာသာမက စောင်းတီးသော အတတ်ပညာကိုပါ တတ်မြောက်ခဲ့လေသည်။

မောင်ရှင်၏ စောင်းလက်သံ ဘယ်လောက်နားဝင်ချိုသလဲဆိုရင် ၎င်း စောင်းတီးသည်နှင့် ကြားရာနေရာမှ လာရောက်နားထောင်ကြရလေသည်။

မောင်ရှင် လူလားမြောက်၍ ရှင်ပြုချိန်ရောက်သောအခါ ဒေါ်ဖြူမှာ ရှင်ပြုစရာ ငွေကြေးမရှိသောကြောင့် အခက်ကြုံလေသည်။ ခင်ပွန်းသည်ရှိစဉ်က မိမိတို့ထံမှ ငွေချေးယူဖူးသော အစ်မဖြစ်သူ ဒေါ်အိမ်သူထံ သွား၍ ချေးထားသောငွေကို ပြန်တောင်းသောအခါ မရသည့်အပြင် နှင်ထုတ်ခြင်းပင် ခံခဲ့ရလေသည်။

သို့ကြောင့် ဒေါ်ဖြူသည် သားကလေးနှင့်အတူ ဒလမြို့သို့ ပြောင်းရွှေ့နေထိုင်လေရာ ဒေါ်အိမ်သူ၏သား မောင်ရှင်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ မောင်ဘိုးအောင်လည်း အတူလိုက်နေလေသည်။

ဒလသို့ရောက်သောအခါ လှေသူကြီး ဦးတောနှင့် ဆက်သွယ်မိကာ လှေထိုး၊ သစ်ခုတ် အလုပ်ဝင်လုပ်ရင်း ရှင်ပြုရန်ငွေကို စုဆောင်းကြလေသည်။ နောက်တွင် မိန်းလုကျွန်း ခေါ် ကျွန်းညိုကြီးသို့ သစ်ခုတ်ဆင်းကြလေသည်။

ဗိုလ်ကလေးမြို့နယ်တွင် ပါဝင်သော ကမာဟောဘ၏ ကျွန်း



www.burmeseclassic.com

ညိုကြီး၊ သာလေယျတောတန်း ဟူသော အမည်အမျိုးမျိုးဖြင့် ထင် ရှားသော ကျွန်းကြီးပေါ်မှာ ထင်းခုတ်သွားသူတိုင်း မိန်းမလှကလေး များကို တွေ့မြင်ရသဖြင့် ကာလကြာသောအခါ မိန်းမလှကျွန်း ဟု ခေါ်ကြရာမှ ထိုအမည် တွင်ခဲ့လေသည်။

ရှေးအခါက သာလာယျတောတန်းဟု ခေါ်သော ကျွန်းညိုကြီး တွင် မုဆိုးကြီး ဘိုးထော်နှင့် သမီးနှစ်ယောက်ဖြစ်ကြသည့် မယ် နှင့် မယ်လှတို့ သုံးယောက်ရှိကြသည်။

တစ်နေ့သော် မိတ်ဆွေဖြစ်သူ လမုပင်စောင့်နတ်နှင့် မသင့် မြတ်သဖြင့် ထိုလမုပင်ကို ခုတ်လှဲပစ်ရာမှ နတ်က ကျားဖြင့် တိုက် သတ်လေရာ သားအဖသုံးယောက်စလုံး သေဆုံးကြလေသည်။

ဦးဘိုးထော်က တစ်ပွဲစား အဘိုးနတ်ဖြစ်လာပြီး သမီးနှစ် ယောက်က ကျွန်းစောင့်နတ်သမီးများ ဖြစ်လာကြသည်။

မောင်ရှင်တို့ လိုက်ပါလာသော လှေကြီးသည် ကျွန်းညိုကြီးသို့ ရောက်သောအခါ လိုအပ်သော သစ်များကို တက်ရောက်ခုတ်ယူ ကြစဉ် မောင်ရှင်က လှေစောင့်ကျန်ခဲ့ပြီး ထမင်းဟင်းချက်ပြုတ်ရ လေသည်။

အချိန်အားသောအခါ ဝက်ယူလာသော စောင်းကိုထုတ်၍ တီးခတ်လေရာ ကျွန်းစောင့်နတ်သမီးများ ရောက်လာပြီး ကခုန်ကြ လေသည်။ အချိန်တန်၍ လှေပြန်ထွက်ရန် ပြင်သောအခါ လှေမှာ သောင်နှင့်ဝမ်းပိုက် ငြိနေပြီး ဘယ်လိုမှ ထွက်မရနိုင်အောင် ရှိတော့သည်။

ထိုအခါ လှေသမားတို့ထုံးစံအတိုင်း မဲလိပ်ချ၍ မဲကျသူကို





ရေစာကျွေးရန် ပြင်ဆင်ကြလေသည်။ မဲလိပ်ပြီး၍ အကြိမ်ကြိမ်မဲနှိုက် ကြရာ မဲပေါက်သူမှာ ကံဆိုးသူမောင်ရှင် ဖြစ်တော့သည်။

နောက်ဆုံး မဲကျသူ ကံဆိုးသူမောင်ရှင်ကို ပွေ့ယူ၍ ရေထဲသို့ ပစ်ချလိုက်သောအခါ ကျွန်းစောင့်နတ်သမီးများက ဆောင်ယူသွား ကြလေသည်။

ထိုအခါမှ ဦးတောတို့လှေကြီးမှာ လျှောလျှောလျှုလျှု ပြန် ထွက်သွားနိုင်သော်လည်း ထိုသောင်ပြင်မှာတော့ လှေဝမ်းဗိုက်ရာ ကြီးတစ်ခုက အထင်အရှား ကျန်ရစ်ခဲ့လေသည်။

ထိုလှေဝမ်းဗိုက်ရာကြီးကား နှစ်ပရိစ္ဆေဒ ကြာမြင့်သော်လည်း ပျောက်ပျက်မသွားဘဲ အမြဲတစေရှိနေခြင်းမှာ အချစ်အတွက် အသက်ပေးခဲ့ရသော ကံဆိုးသူတစ်ယောက်၏ မှတ်တိုင်တစ်ခုပေ လားဟု ထင်စရာရှိပေသည်။

နီမောင်သည် နေရောင်ခြည်များ ဖြာကျလျက်ရှိသော သောင် မျက်နှာပြင်ပေါ်သို့ ငေးကြည့်ရင်း အတွေးစပုံရိပ်များက ဝေ့ဝါးထင် မြင်လျက် ရှိနေတော့သည်။

"အစ်ကို ဘာတွေ တွေးနေတာလဲ"

မြနှင်းဖြူက အဝေးသို့ မျှော်ကြည့်ရင်း ငေးငေးငိုင်ငိုင် ဖြစ်နေ သော နီမောင်ကို မေးလိုက်သည်။

"ဩော် ... ဘာမှ မတွေးပါဘူး၊ ရှေးက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို ပြန်စဉ်းစားနေတာပါ"

ဟု ပြောကာ လှေကို သောင်စပ်မှ ပြန်ခွာလိုက်သည်။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှလည်း ထိုနေရာတစ်ဝိုက်မှာ ရှိကြသော မမြင်အပ်သော ဝိညာဉ် အပေါင်းတို့အား အမျှအတမ်း ပေးဝေလိုက်သည်။

ထိုအခါ စောစောက သူတို့လှေ ကပ်ထားသော နေရာတွင် ကြီးမားသော မိကျောင်းကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီး ထိုး ပေါ်လာသည်ကို နှစ်ယောက်စလုံး မြင်လိုက်ကြရလေသည်။

ထိုနေရာမှ ထွက်လာကတည်းက နီမောင်စိတ်ထဲမှာ ဂုဏ်တော်နှင့် ပဋ္ဌာန်းကို ခပ်တိုးတိုးရွတ်ဆိုလာရာ မြနှင်းဖြူက မကြာခဏ လှမ်းကြည့်လေသည်။

မဲလိပ်ကျွန်းမှ မျက်စောင်းထိုးသာသာလောက် အနောက်ဘက်ကမ်းသို့ ကူးလိုက်သည်နှင့် ခေါင်းပေါက်ဝတစ်ခုသို့ ရောက်သွားလေတော့သည်။ ထိုချောင်းဝရှိသော နေရာမှာ ကျွန်းညိုကြီးကျွန်း၏ တောင်ဘက် နယ်နိမိတ်အဆုံးပင် ဖြစ်လေသည်။

ထိုနေရာမှ လှမ်းကြည့်လိုက်လျှင် အရှေ့နှင့်အနောက် ကန့်လန့်ဖြတ်အနေအထား စီးဆင်းနေသော ဖောင်ဝင်မြစ်ကြီးကို လှမ်းမြင်ရလေသည်။

အထက်မှ စီးဆင်းလာသော ဗိုလ်ကလေးမြစ်သည် ထိုနေရာသို့ ရောက်သောအခါ မူလအမည်ပျောက်သွားပြီး ဖောင်ဝင်မြစ် အမည်နှင့်ပင် ပင်လယ်ဘက်သို့ ဆက်လက်စီးဆင်းသွားသည်။

ဖောင်ဝင်မြစ်ရဲ့ ဟိုဘက်မှာတော့ မြစ်ဝကျွန်းပေါ်၏ အဓိက နေရာဖြစ်သော ပျဉ်ဒရယ်သစ်တောကြီးများက မျက်စိတစ်ဆုံး ကာဆီးထားလေသည်။





နီမောင်သည် အတွေးကောင်းစွာဖြင့် လှေကိုခတ်လာရာ ချောင်းပေါက်ဝတစ်ခုသို့ ရောက်လာပြီး မြနှင်းဖြူက ပြောသဖြင့် ထိုချောင်းတွင်းသို့ ဝင်ရလေသည်။

ချောင်းမှာ အတန်အသင့်ကျယ်ဝန်းပြီး ကမ်းနံဘေးတစ်ဖက်တစ်ချက်မှာ လတာပြင်ပေါ်၌ ပေါက်နေသော လမုပင်နှင့် ဓနိတောများ ရှိလေသည်။ လမုကိုင်းများက ချောင်းတွင်းသို့ အုပ်မိုးထားလျက်ရှိသည်။

“လမုကိုင်းတွေ ဒီလောက်အုပ်ကျနေတာတောင် ခုတ်ပစ်မယ့်သူ မရှိဘူးဆိုတော့ ဒီချောင်းထဲမှာ လူနေတာရော ရှိမှရှိရဲ့လားမသိဘူး”

နီမောင်က တစ်ယောက်တည်း ရေရွတ်သလိုနှင့် ပြောလိုက်သည်။

“ဟိုး အတွင်းပိုင်းမှာ လူတွေနေတဲ့ရွာ ရှိပါတယ် အစ်ကိုရဲ့၊ မကြောက်ပါနဲ့”

ဟု မြနှင်းဖြူက လှမ်းပြောသည်။

“မြနှင်းဖြူတစ်ယောက်လုံး ပါနေတာပဲ၊ ဘာကြောက်စရာရှိလဲ”

“ဒါပေမယ့် အစ်ကို ပရိတ်တွေ ရွတ်နေတာ မဟုတ်လား”

“ဟုတ်ပါတယ်”

“ရွာဘက်ရောက်ရင်တော့ အစ်ကို ဆက်ရွတ်လို့မဖြစ်ဘူး”

“ဟင် ... ဘာဖြစ်လို့လဲဟင်”

“အဲဒီရွာက တစ်ရွာလုံး သားငါးရှာပြီး အသက်မွေးကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့က သူတစ်ပါးအသက် သတ်ပြီး အသက်မွေးရတာဆိုတော့ ဘုရားစာ တရားစာရွတ်တာကို မကြိုက်ကြဘူး၊ အဲဒီလိုရွတ်ရင် သူတို့ သားငါးရှာလို့ အဆင်မပြေဘူးလို့ အယူအစွဲရှိကြတယ်"

"ဟင် ... ဒါ ... ဒါထက် နေပါဦး၊ ကျွန်တော်က စိတ်ထဲမှာတင် ဂုဏ်တော်တွေ ရွတ်နေတာကို မြနှင်းဖြူ ဘယ်လိုသိတာလဲဟင်"

နီမောင့်စကားကြောင့် မြနှင်းဖြူက သဘောကျစွာ ပြုံးလိုက်သည်။

"ကျွန်မသိလို့ ပြောတာမဟုတ်ပါဘူး၊ အစ်ကို့ရဲ့ အမူအရာ ကြည့်ပြီးတော့ ထင်လို့ မေးကြည့်တာပါ။ ဟော ... ပြောရင်းဆိုရင်း ဟိုးရှေ့မှာ ရွာကိုတောင် လှမ်းမြင်ရပြီ"

ဟု ပြောသဖြင့် လှမ်းကြည့်လိုက်သောအခါ ကမ်းစပ်မှာ အတန်းလိုက် ဆောက်ထားကြသော တဲအိမ်တန်းများကို လှမ်းမြင် ရလေသည်။ အားလုံး သစ်သားတိုင်များ ထူ၍ ဓနိများကို မိုးကာ ထားသော ယာယီတဲအိမ်များသာ ဖြစ်သည်။

ချောင်းရိုးထဲမှာ လှေငယ်ကလေးများ ဆိုက်ကပ်ထားပြီး ကမ်း စပ်တစ်လျှောက်မှာတော့ ကွန်၊ ပိုက်၊ ဒိုင်းဝန်း၊ ယင်းချပ်များကို ထောင်ထားသည်က တစ်မျိုး၊ လှမ်းထားသည်က တစ်ပုံနှင့် အိမ် တိုင်းစေ့ ရှိကြလေသည်။

ရွာနှင့် နီးလာသောအခါ အိမ်တိုင်း အိမ်တိုင်း၏ ရှေ့မှာ စင် များ၊ ဖျာများ ခင်း၍ ငါးခြောက်၊ ငါးပိ၊ ပုစွန်ခြောက်များ လှမ်းထား သည်ကိုလည်း လှမ်းမြင်ရသည်။





သို့ကြောင့် ရွာခြေသို့ရောက်သည်နှင့် ငါးပိနံ့၊ ငါးခြောက်နံ့များ အပြင် ငါးပုပ်နံ့၊ ပုစွန်ပုပ်နံ့များကလည်း နွံပုပ်နံ့များနှင့်အတူ လှိုင် နေလေသည်။

အဝတ်အကျႌမရှိသော ကလေးများက ရွာတစ်ရိုးမှာ ထိုင်တာ ကတစ်မျိုး၊ မတ်တတ်တစ်မျိုး ရှိနေကြပြီး မိန်းမများက ထဘီရင် လျားများနှင့်သာ ရှိပြီး ယောကျ်ားများက အပေါ်အကျႌ မဝတ်ဘဲ လုံချည်တိုတိုဝတ်ကာ အလုပ်လုပ်နေကြသည်။

မိန်းမများက ငါးခုတ်သူ ခုတ်၊ ပုစွန် ရွေးသူရွေးနှင့် အလုပ်လုပ် နေကြသလို ယောကျ်ားများက ပိုက်ဖာသူက ဖာ၊ ယင်းကျစ်သူက ကျစ်၊ ငါးမျှားပြင်သူက ပြင်နှင့် ငါးပုစွန် ဖမ်းဆီးရာတွင် အသုံးပြုသော လက်နက်ကိရိယာများကို ပြင်ဆင်နေကြသည်။

အားလုံးမှာ ရေငန်ရေ ချိုးသည့်ဒဏ်၊ နေလောင်သည့် ဒဏ်များ ကြောင့် အသားများမှာ မည်းပြာလျက် ရှိနေကြသည်။

တံတားတစ်ခုတွင် လှေကို ဆိုက်၍ ကြိုးချည်ပြီး နှစ်ယောက် သား ကမ်းပေါ် တက်သွားကြသည်။ မြနှင်းဖြူကို မြင်သောအခါ တစ်ရွာလုံးရှိလူများမှာ ဝိုင်းအုံရောက်လာကြသည်။

"သခင်မလေး၊ ဘာကိစ္စ ရောက်လာတာလဲ"

ဟု အသားမည်းမည်း၊ လျှောင်တစ်စောင်း ထုံးထားသော လူကြီးက မေးသည်။

"ဒါ ကျွန်မရဲ့ မိတ်ဆွေတွေပါ၊ သူတို့က ငါးပိ၊ ငါးခြောက် အတော်များများ ဝယ်ချင်တယ်ပြောလို့ လိုက်ပို့ပေးတာ၊ သူတို့ လို



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ပစ္စည်းတွေ ရှိရဲ့မဟုတ်လား”

“ရှိပါတယ် သခင်မလေး”

“ဒီလိုဆိုရင် ဦးမဲညိုကပဲ စုဆောင်းပေးထား၊ နောက်ရက်မှာ လာယူမယ်”

“ကောင်းပါပြီ”

ဦးမဲညိုဆိုသော လူကြီးက လွန်စွာ ရိုးကျိုးသောအမူအရာဖြင့် ခေါင်းညိတ်ပြသည်။

“ဒီရွာတွေမှာရော ရန်သူအနှောင့်အယှက်တွေ ရှိသေးလား”

“မရှိပါဘူး”

“ကိုယ့်ရွာ ကိုယ့်နယ်ကို လုံခြုံအောင် စောင့်ရှောက်ကြပါ”

“ကောင်းပါပြီ”

နီမောင်က သူတို့နှင့် မလှမ်းမကမ်းနေရာမှ ဝိုင်းအုံကြည့်နေကြသော လူများ၏ အသွင်သဏ္ဌာန်များကို မနှစ်မြို့သောကြောင့် သမ္ဗုဒ္ဓေဂါထာတော်ကို စိတ်ထဲမှ ရွတ်ကြည့်ရန် စိတ်ကူးလိုက်သည်။ ထိုသို့ စိတ်ကူးလိုက်ရုံ ရှိသေးသည်။ မြနှင်းဖြူက အလန့်တကြား တားလိုက်သည်။

“အစ်ကို၊ ဂါထာတွေဘာတွေ မရွတ်နဲ့နော်၊ တော်ကြာ မိတ်ဆွေကနေ ရန်သူဖြစ်သွားလိမ့်မယ်”

ဟု တားသဖြင့် မရွတ်ဖြစ်တော့ပေ။ ထိုရွာမှာ ရေပြန်တက်သည့်အချိန်အထိ နေကြပြီးနောက် ချောင်းထဲမှာ ရေပြန်တက်သော အခါ ပြန်ထွက်လာကြသည်။





လမ်းရောက်တော့ နီမောင်က သူ့ သိချင်တာကို မေးသည်။

“အဲဒီရွာကလူတွေ ကြည့်ရတာ တစ်မျိုးပဲ၊ မြနှင်းဖြူကိုလဲ အတော် ရိုသေကြောက်ရွံ့ကြပုံ ရတယ်”

“ကျွန်မအဖေက ဒိုင်နယ်လူကြီးဆိုတော့ ဒီရွာတွေကလဲ အဖေရဲ့ လက်အောက်မှာပါတယ်လေ၊ ဒါကြောင့် ကြောက်တာပါ”

ဟု မြနှင်းဖြူက အရေးမကြီးသလို ပြန်ပြောလေသည်။

နီမောင်ကတော့ လှေကို မှန်မှန်ခတ်နေရင်း မိမိဉာဏ်တစ်ထွာတစ်မိုက်ဖြင့် မမှီနိုင်သော အကြောင်းအရာများကို တစ်ခုပြီးတစ်ခု ဆက်စပ်ကာ တွေးတောနေတော့သည်။

နေဝင်ကာနီးတော့မည်မို့ အနောက်ဘက် မိုးကောင်းကင်ပေါ်မှာ ဆည်းဆာရိပ်များက ယှက်သမ်းစ ပြုနေကြလေပြီ။

မကြာခင် မိုးချုပ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

## အမှောင်တွင်းမှ ကြောက်နက်ရန်စွယ်

နီမောင်တို့ လှေ မပေဟာ်ဂနီရွာ၌ ရှိနေစဉ်မှာပင် တစ်ညတွင် ထိုရွာသို့ တောတွင်းသောင်းကျန်းသူ အဖွဲ့များ ရောက်လာကြလေ တော့သည်။

ထိုအချိန်က ပျဉ်ဒရယ်သစ်တောများထဲတွင် ရောင်စုံတော တွင်း သူပုန်တပ်များ ရှိကြလေသည်။ ယခု မပေဟာ်ဂနီရွာသို့ ဝင် ရောက်လာသော လက်နက်ကိုင်တပ်ဖွဲ့များမှာ သောင်းကျန်းသူ တပ်ဖွဲ့များပင် ဖြစ်သည်။

၎င်းတို့သည် ချောင်းဝပိုင်းမှ လှေငယ်များဖြင့် ဝင်ရောက်လာ ကြလေသည်။ ဦးစွာ နီမောင်တို့ လှေနံဘေးသို့ လှေတစ်စင်း ဝင်ကပ် ပြီး သေနတ်များကိုင်ထားကြသည့် သောင်းကျန်းသူ သုံးယောက် က လှေကြီးပေါ်သို့ တက်လာကြသည်။

သူတို့ရောက်လာသော အချိန်မှာ ညဉ်းပိုင်းအချိန်လောက်သာ





ရှိသေးသည်။ နီမောင်တို့ လှေသားများမှာ ထိုင်စကားပြောနေရင်းနှင့် သောင်းကျန်းသူများ ရောက်လာသောအခါ ဘာလုပ်ရမှန်းမသိ အောင် ဖြစ်သွားကြသည်။

"မင်းတို့လှေပေါ်မှာ လူဘယ်နှယောက်ပါလဲ"

"အားလုံး ရှစ်ယောက်ရှိပါတယ်"

"မင်းတို့ ဒီရွာကို ဘာလာလုပ်တာလဲ၊ အစိုးရတပ်တွေက စပိုင် လုပ်ဖို့ လွှတ်လိုက်တာမဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဈေးရောင်းလာတဲ့ လှေပါ"

"ဒီလိုဆိုရင် ဟန်ကျတာပဲ၊ မင်းတို့လှေပေါ်မှာ ဘာတွေပါလဲ"

"အညာထွက်ကုန်တွေပဲ ပါပါတယ်"

"ဟန်ကျတာပေါ့၊ ပါလာတဲ့ပစ္စည်းတွေအားလုံး ငါတို့ ယူသွား ရမယ်၊ ဈေးရောင်းလို့ရတဲ့ငွေတွေ အားလုံးကိုပါ ပေးပါ"

သေနတ်များကို ပြပြီး တောင်းလေရာ ဦးဗန်ကောင်းမှာ ဘာမှ မတတ်သာတော့ဘဲ အံဗုက်ထဲမှာ ထားသော ငွေအိတ်ကို ယူ၍ ပေးလိုက်သည်။ နီမောင်တို့ လှေပေါ်တွင် သောင်းကျန်းသူသုံး ယောက်က ပစ္စည်းများကို ရှာဖွေယူငင်နေကြစဉ် အခြားလှေနှစ်စင်း ပေါ်၌ ပါလာကြသော သောင်းကျန်းသူများမှာ ၎င်းတို့လှေများကို က်တားထိပ်သို့ ကပ်ကာ အပေါ်သို့ တက်သွားကြသည်။

"ရွာလူကြီး ဘယ်သူလဲ၊ ဘယ်မှာလဲ"

ဟု မေးရာ ဦးသီလက အပြင်ဘက်သို့ ထွက်လာပြီး ...

"ကျုပ်ပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"ဒီရွာမှာ အစိုးရစစ်သားတွေ ရှိသလား"

"မရှိပါဘူး"

"အခု ကျုပ်တို့လာတာ တခြားမဟုတ်ဘူး၊ တောထဲမှာ အစိုးရတပ်တွေနဲ့ တိုက်ပွဲတွေ ဖြစ်နေတယ်၊ ဒါကြောင့် ရိက္ခာလိုတယ်၊ ဒီရွာမှာ ဆန်နဲ့ရိက္ခာတွေ ရသမျှ စုပေးပါ"

"ကောင်းပါပြီ၊ ကျုပ် ရွာထဲကလူတွေ ခေါ်ပြီး စုဆောင်းပေးပါ့မယ်"

ဟု ပြောကာ အိမ်ရှေ့၌ ချိတ်ဆွဲထားသော မောင်းကို တဒူဒူနှင့် ထုလိုက်ရာ အတန်ကြာသောအခါ ရွာသူရွာသားအချို့ ရောက်လာကြသည်။

၎င်းတို့သည် သေနတ်များကိုင်ထားသော သောင်းကျန်းသူများကို တွေ့မြင်ရသော်လည်း ကြောက်ရွံ့ဟန် မရှိကြပေ။ ရွာသူရွာသားများ ရောက်လာသောအခါ ဦးသီလက ပြောပြသည်။

"သူတို့က ရိက္ခာလိုချင်လို့ လာကြတာပဲ၊ ဒီတော့ အိမ်တစ်အိမ်ကို ဆန်တစ်ပြည်နဲ့ ငွေတစ်မတ်ယူလာပြီး ဒီကို အမြန်ဆုံး လာပို့ကြ"

ဟု ပြောလိုက်သောအခါ ရွာသူရွာသားများမှာ ဘာမှပြန်မပြောဘဲ အသီးသီးပြန်သွားကြသည်။

"သူကြီး၊ ကျုပ်တို့အဖွဲ့တွေ ထမင်းမစားရသေးဘူး၊ ဒီတော့ ထမင်းချက်ပေးပါ၊ ကျုပ်တို့ မျောက်မောင်းမနှစ်ကောင် ပစ်လာတယ်၊ ဈေးခါးဟင်း ချက်ပေးပါ"





ဟု ပြောကာ မျောက်သေနှစ်ကောင်ကိုပါ ပေးသည်။ မောင်းထုခေါ်သဖြင့် လာကြသော ရွာသားများထဲမှာ ဒေါ်မင်းဇာလည်း ပါလာလေရာ ထိုစကားကြားသောအခါ ဒေါ်မင်းဇာက ထမင်းဟင်းချက်တာ သူ တာဝန်ယူမည်ဟု ပြောကာ မျောက်သေနှစ်ကောင်ကို အမြီးမှဆွဲယူကာ အိမ်နောက်သို့ ဝင်သွားလေတော့သည်။

အတန်ကြာတော့ မီးဖိုချောင်ဘက်မှ ဓားခုတ်သံ၊ ငရုတ်သီးထောင်းသံများ ပေါ်ထွက်လာသည်။ ဒေါ်မင်းဇာနှင့်အတူ မြနှင်းဖြူနှင့် မြသင်းကြူတို့ ညီအစ်မနှစ်ယောက်ကလည်း ဝိုင်းဝန်းချက်ပြုတ်ပေးကြသည်။

သောင်းကျန်းသူများကတော့ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်ကာ အရက်သောက်နေကြသည်။ ထိုအချိန်မှာပင် စောစောက ထွက်သွားကြသော ရွာသူရွာသားများ တစ်ယောက်ပြီးတစ်ယောက် ပြန်ရောက်လာကာ ခင်းထားသော ဖျာပေါ်မှာ ယူလာသောဆန်များကို ပုံ၍ ငွေတစ်မတ်ကိုတော့ သောင်းကျန်းသူလက်ထဲသို့ ထည့်ပေးကြသည်။

ခဏချင်းမှာပင် ဆန်ပုံက မြင့်လာပြီး ခေါင်းဆောင်လုပ်သူ၏အနီးမှာ ပုံထားသော ငွေမတ်စေ့များကလည်း တဖြည်းဖြည်းနှင့်များလာလေသည်။

ထိုအခြေအနေကိုကြည့်ပြီး သောင်းကျန်းသူများမှာ သဘောအကျကြီး ကျနေလေသည်။

"ဒီချောင်းထဲမှာ ဒီရွာရှိနေတာ အရင်က မသိဘူး၊ အခုတော့င်



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ အခြေအနေမကောင်းလို့ တက်လာရင်းနဲ့ ရောက်တာ၊ ဒီရွာလာရတာ အတော်အဆင်ပြေတယ်၊ ဒီလိုမှန်းသိရင် မကြာမကြာ လာပါတယ်"

ဟု ပြောသည်။

"ကျုပ်တို့ကလဲ ဗိုလ်ကြီးတို့ကို အခုလို အကူအညီပေးရတာ ဝမ်းသာပါတယ်"

"အေးဗျာ၊ တခြားနေရာတွေ သွားရင် တထိတ်ထိတ်တလန့်လန့်နဲ့ တယ်မဟန်ပါဘူး၊ ဒီလို အန္တရာယ်ကင်းတဲ့နေရာမျိုး လာရတာကတော့ စိတ်အေးရတာပေါ့"

"ဗိုလ်ကြီးတို့အတွက် ရိက္ခာလိုအပ်ရင် လာယူနိုင်ပါတယ် ဗိုလ်ကြီး"

"ဟန်ကျတာပေါ့၊ ဒီလိုအလိုက်သိတဲ့ သူကြီးမျိုးနဲ့ တွေ့တော့လဲ အဆင်ပြေတာပေါ့၊ ဒီလိုဆိုရင် ကျုပ်တို့ပြန်သွားရင်လဲ ရိက္ခာတွေကို ရသလောက် စုပေးထားဦး။ တောထဲမှာ ကျုပ်တို့အဖွဲ့သားတွေက အများကြီးရှိတယ်၊ ရိက္ခာကတော့ လိုတာအမှန်ပဲ၊ ကျုပ်တို့ လာယူမယ်"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ထိုအချိန်မှာပင် မီးဖိုဆောင်ဘက်မှ ဟင်းနံ့က ကြိုင်ထွက်လာသည်။ ခဏကြာတော့ ဒေါ်မင်းဇာ ထွက်လာပြီး ထမင်းစားလို့ရပြီဖြစ်ကြောင်း လာပြောလေသည်။

သောင်းကျန်းသူအဖွဲ့မှာ အားလုံး ဆယ်ယောက်ဖြစ်သည်။





သူတို့သည် အိမ်အောက်ထပ် ကွပ်ပျစ်ပေါ်တွင်ပင် ဝိုင်းဖွဲ့ကာ စားသောက်ကြလေသည်။

ဒေါ်မင်းဇာက ဟင်းချက်ကောင်းသူမို့ ဟင်းနံ့များက မွှေးကြိုင်နေရာ တောထဲ၌ အငတ်ငတ်၊ အပြတ်ပြတ်ဖြစ်နေကြသော သောင်းကျန်းသူများမှာ ခေါင်းမဖော်နိုင်အောင် စားကြလေသည်။

မျောက်နှစ်ကောင်ကို ချေးခါးဟင်းချက်ထားသည်ကို အားရပါးရ စားကြရာ အရိုးစုပ်သံ၊ ရှုန်းသံ၊ ပန်းကန်သံများမှာ ဆူညံနေတော့သည်။

ခဏချင်းမှာပင် နံဘေးနားမှာ အရိုးများက ပုံလာလေတော့သည်။ ထိုအချိန်မှာ ကြောင်နက်တစ်ကောင် ရောက်လာကာ နံဘေးနားမှာ ထိုင်၍ ညောင်ညောင်နှင့်အော်ပြီး အစာလာတောင်းနေသဖြင့် တစ်ယောက်က ကိုက်လက်စအရိုးကို ပစ်ချပေးလိုက်သည်။

ကြောင်က အနက်ရောင်ဖြစ်ပြီး အရွယ်အစား အတော်ကြီးသည်။ ပစ်ချပေးသော အရိုးကို ဖမ်းယူပြီး တဂျွတ်ဂျွတ်နှင့် ဝါးစားနေလေသည်။ ကုန်သွားတော့ နောက်တစ်ကြိမ် ထပ်တောင်းပြန်သည်။

"ညောင် ... ညောင် ... ညောင်"

နောက်တစ်ယောက်က လက်ထဲမှအရိုးကို ချပေးလိုက်ပြန်ရာ တဂျွတ်ဂျွတ်နှင့် ကိုက်ဝါးနေပြန်သည်။ ထိုအခါ ခေါင်းဆောင်လုပ်သူက ကြောင်နက်ကိုကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြောင်ကလဲ တစ္ဆေသရဲဝင်နေတဲ့ အတိုင်းပဲ၊ အရိုးတွေ ကိုက်နေလို့ဟာ အသံကို မြည်နေတာပဲ"

ဟု ပြောသည်။ သောင်းကျန်းသူများမှာ ဒေါ်မင်းဇာတို့ ချက်ပြုတ်ကျွေးမွေးသော ထမင်းချက် ဟင်းချက် လက်ရာကောင်းလှသည်က တစ်ကြောင်း၊ ဝမ်းဗိုက်ဟာနေသည်က တစ်ကြောင်းတို့ကြောင့် ခေါင်းမဖော်တမ်း စားသောက်နေကြရာ ပထမ အစာလာ တောင်းနေသော ကြောင်နက်အပြင် နောက်ထပ်ရောက်လာသော ကြောင်များကို တွေ့သောအခါမှ မျက်လုံးပြူးသွားကြလေသည်။

ထိုအခါမှ ဘေးသို့ကြည့်လိုက်သောအခါ ရွာလူကြီးဦးသီလ အပါအဝင် အခြားရွာသူရွာသားများကို မတွေ့ရတော့ဘဲ ထမင်းဟင်းချက်ပြုတ်ကျွေးမွေးသော ဒေါ်မင်းဇာတစ်ယောက်က မလှမ်းမကမ်းမှာထိုင်ကာ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲနှင့် ထိုင်ဖွာနေသည်ကို တွေ့ရတော့သည်။

ရောက်လာသော ကြောင်များမှာ အနက်ရောင်များချည်း ဖြစ်ကာ အကောင်အရွယ်အစားကလည်း ကြီးသည်။ ညအမှောင်ရိပ်ထဲမှာ ဖြစ်သောကြောင့် ၎င်းတို့မျက်လုံးများက အရောင်တဝင်းဝင်းနှင့် ရှိနေသည်။

ကြောင်များက တစ်ကောင်ကြီးတစ်ကောင် ထပ်ကာ ထပ်ကာ ရောက်လာကြရာ ခဏချင်းမှာပင် ထမင်းစားနေကြသည့် သောင်းကျန်းသူများ နံဘေးပတ်လည်မှာ ကြောင်နက်များ ပြန့်သွားတော့သည်။





"အဖွားကြီး၊ ကြောင်တွေက များလှချည်လား၊ ဘယ်က ရောက်လာတာလဲ"

"ဒီရွာကမွေးထားတဲ့ ကြောင်တွေပါ"

"မွေးထားတဲ့ ကြောင်တွေကလဲ များလှချည်လား"

"ဒါတောင် ကျန်ပါသေးတယ်"

ဒေါ်မင်းဇာက ပြောင်းဖူးဖက်ဆေးလိပ်ဖွာရင်း အေးအေးဆေးဆေးပင် ပြန်ပြောသည်။

"ခင်ဗျားကြောင်တွေကို ခေါ်ထားစမ်းဗျာ၊ ဒီမှာ စားလို့သောက်လို့မရအောင် လာအော်နေကြတယ်"

"သူတို့က ဒီလိုပဲ၊ အစာတွေ့ရင် မရဘူး၊ အစာပေးမှပဲ ရမယ်"

"ဒီလောက်များတဲ့ ကြောင်တွေကို ဘယ်လိုကျွေးမလဲဗျ"

"မကျွေးရင်တော့ ရှိတာ စားကြလိမ့်မယ်"

"ဟင် ... အဖွားကြီး၊ ဘာစကားတွေ လာပြောနေတာလဲ၊ ခင်ဗျားကြောင်တွေကို အမြန်ခေါ်စမ်း၊ မဟုတ်ရင် ကျုပ်သေနတ်နဲ့ ပစ်လိမ့်မယ်"

"ပစ်ချင်လဲ ပစ်ပေါ့ကွယ်၊ ကျုပ်လဲ မနိုင်တော့ဘူး"

ဟု ပြောဆိုနေစဉ် ကြောင်နက်များက တဖြည်းဖြည်းနှင့် များလာပြီး တဖြည်းဖြည်းနှင့် ဘေးပတ်လည်မှာ ဝိုင်းလာရာ ခြေချစရာနေရာပင် မရှိတော့ပေ။

သောင်းကျန်းသူများမှာ တစ်ခါမှ ဒီလောက်များပြားသော ကြောင်နက်များကို မတွေ့ဖူး၊ မမြင်ဖူးသောကြောင့် ဘာလုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် ရှိနေစဉ် ခေါင်းဆောင်လုပ်သူက နံဘေးနားမှာ ချထားသော သေနတ်ကို ကောက်ယူပြီး ကြောင်များကို ပစ်ချလိုက်သည်။

"ချောက် ... ချောက် ... ချောက်"

သေနတ်ကျည်ဆန်မထွက်သောကြောင့် နောက်တစ်လက်နှင့် ပစ်ပြန်သော်လည်း ရှေးနည်းအတိုင်းပင် ကျည်ဆန်မထွက်ဘဲ ရှိနေစဉ် နံဘေးနားမှာ ရောက်နေကြသော ကြောင်နက်များက အစာမရသဖြင့် ဒေါသထွက်လာကြကာ တဖြီးဖြီး၊ တဂီးဂီးနှင့် မာန်ဖီကြကာ သောင်းကျန်းသူများကိုယ်ပေါ်သို့ လွှားခနဲ လွှားခနဲ ခုန်တက်လာကြတော့သည်။

ထိုအခါ ထမင်းစားရင်းတန်းလန်း ရှိနေကြသော သောင်းကျန်းသူများမှာ ဘာလုပ်ရမှန်းမသိကြတော့ဘဲ ရန်းရင်းဆန်ခတ်ဖြစ်ကြပြီး ကြောင်နက်များကို ပြန်လည်တိုက်ခိုက်ကြလေတော့သည်။

"ဖြီး ... ဖြီး ... ဖြီး"

ကြောင်နက်ကြီးများမှာ ယဉ်ပါးနေသော အိမ်မွေးကြောင်နှင့်မတူဘဲ တောထဲမှ ရိုင်းစိုင်းနေသော တောကြောင်များ အသွင်သဏ္ဌာန်မျိုးဖြင့် လူများ အပေါ်သို့ လွှားခနဲ လွှားခနဲ ခုန်တက်လာကာ ချွန်ထက်သော လက်သည်းများဖြင့် ကုတ်ခြစ်ခြင်း၊ ရှည်လျားသော အစွယ်များဖြင့် ကိုက်ခြင်း စသည်တို့နှင့် ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

၎င်းတို့၏ လက်သည်းနှင့် အစွယ်များမှာ ချွန်ထက်လှသောကြောင့် အကုတ်ခံရသော၊ အကိုက်ခံရသော အသားများမှာ ဓား





ထက်ထက်ဖြင့် ထိုးခွဲလိုက်သကဲ့သို့ ကွဲထွက်ကုန်ကြလေသည်။

ကြောင်နက်များမှာ လူ၏ မျက်နှာပေါ်သို့ လွှားခနဲ လွှားခနဲ ရောက်အောင် ခုန်တက်လာကာ မျက်နှာတစ်ဝိုက်ကိုသာ တိုက်ခိုက်ကြလေရာ အချို့မှာ မျက်လုံးများ ပေါက်ထွက်ကုန်သည်အထိ ပြင်းထန်လေသည်။

"ဖြီး .. ဖြီး .. ဖြီး"

"အား ... အား"

"အမယ်လေး ... သေပါပြီဗျ"

ဟု အော်ဟစ်သံများက တိတ်ဆိတ်နေသော ညဦးပိုင်းအချိန်များမှာ ငရဲပွက်သံအလား ဆူညံနေတော့သည်။

သောင်းကျန်းသူများ၌ သေနတ်များပါသော်လည်း ယခုအခါ ထိုသေနတ်များမှာ လုံးဝပစ်ခတ်၍ မရသောကြောင့် ရိုင်ဖယ်သေနတ်များကို တုတ်အဖြစ်အသုံးပြုကာ သွေးရူးသွေးတန်းဖြင့် ရိုက်ထုတ်လေရာ ကြောင်များကို မထိဘဲ အချင်းချင်းရိုက်နှက်မိသောကြောင့် လဲကျသူလဲနှင့် မရှုမလှ ရှိနေတော့သည်။

နောက်ဆုံးတော့ သောင်းကျန်းသူအချို့သာ ကျန်တော့သည်။ ဒေါသတကြီး လိုက်လံကုတ်ဖွဲ့နေသော ကြောင်နက်များမှာလည်း လျော့မသွားဘဲ တစ်စတစ်စ များပြားလာရာ နောက်ဆုံး မတတ်နိုင်တော့ဘဲ ကျန်နေသည့်လေးငါးယောက်မှာ သေနတ်များကိုပင် မယူနိုင်တော့ဘဲ ကမ်းစပ်သို့ ဆင်းပြေးကြရလေတော့သည်။

ကမ်းစပ်ထိပ်သို့ ရောက်သောအခါ လှေပေါ်သို့ တက်ပြီး ပြေး



www.burmeseclassic.com

ဖြုတ်၍ ကပျာကရာ ထွက်ပြေးကြလေသည်။ ကြောင်ကုတ်သည့် ဒဏ်ရာ၊ အချင်းချင်းရိုက်နှက်မိသောကြောင့် သွေးအလူးလူးနှင့် ဖြစ်နေသူများကတော့ နေရာ၌ လဲကျကျန်ခဲ့လေသည်။

ထိုအခါမှ ကြောင်နက်များမှာ ပကတိအတိုင်း ပြန်ငြိမ်သွားကာ နှုတ်ခမ်းမွေးသပ်သည့် ကြောင်က သပ်၊ အမွေးသပ်သည့် ကြောင်က သပ်နှင့် အေးအေးဆေးဆေး ပြန်ဖြစ်သွားလေတော့သည်။ စောစောက ငရဲပွက်သည့်အလား ဆူညံနေသော နေရာမှာလည်း ပြန်လည်ငြိမ်သက်သွားလေတော့သည်။

လဲကျနေသူများထံမှ ညည်းညူသံအချို့သာ ကြားရတော့သည်။ ကြမ်းပြင်ပေါ်မှာတော့ အလဲလဲအကွဲကွဲ ဖြစ်နေသော ထမင်းပန်းကန်၊ ဟင်းပန်းကန်များ၊ ထမင်းအိုး၊ ဟင်းအိုးများ၊ အရက်ပုလင်းများအပြင် ထမင်းကျန် ဟင်းကျန်များကလည်း အလှူမှာ ပေါက်ပေါက်ကြဲထားသည့်အတိုင်း ပြန့်ကျဲနေတော့သည်။

ထိုအခါမှ စောစောက အဖြစ်အပျက်များကို ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုဖွာကာ အခန်းထောင့်တစ်နေရာမှ ထိုင်ကြည့်နေသော ဒေါ်မင်းဇာက နေရာမှ ထလာသည်။

"ကဲ ... ကဲ၊ ကိစ္စပြီးပြီဆိုတော့ ကိုယ့်နေရာကိုယ် ပြန်ကြ၊ ကိုယ့်နေရာကိုယ် ပြန်နေကြ"

ဟု ပြောလိုက်သည်နှင့် ကြောင်နက်ကြီးများမှာ လူစကားကို နားလည်သည့်အလား အမှောင်ထဲသို့ လွှားခနဲ လွှားခနဲ ခုန်ဝင်သွားကာ ပျောက်ကွယ်သွားလေတော့သည်။





ခဏကြာတော့မှ ဦးသီလနှင့် ရွာသားအချို့ ပြန်ရောက်လာသည်။ နီမောင်တို့ကလည်း သောင်းကျန်းသူများ ပစ္စည်းများကိုပင် မယူနိုင်ဘဲ ကြောက်လန့်တကြား ထွက်ပြေးသွားသည်ကို မြင်လိုက်ရသဖြင့် တအံ့တဩဖြင့် အပေါ်သို့ တက်လာကြသည်။

"အခြေအနေ ဘယ်လိုလဲ ဒေါ်မင်းဇာ"

"လူမိုက်တွေတော့ သုတ်ခြေတင်ပြေးကြပြီ"

"ဒီလိုဆိုရင်လဲ ရွာသားတွေ ပြန်ခေါ်လာပြီး သူတို့ယူလာတာတွေ ပြန်ပေးလိုက်ရအောင်"

ဟု ပြောကာ အိမ်အောက်ထပ်မှာ ချိတ်ဆွဲထားသော မောင်းကို ထုလိုက်ရာ ခဏကြာတော့ ရွာသူရွာသားများ ရောက်လာသဖြင့် ညဦးပိုင်းက ၎င်းတို့ယူလာသော ဆန်တစ်ပြည်နှင့် ငွေတစ်မတ်စီကို ပြန်ပေးလိုက်သောအခါ ပြန်သွားကြလေသည်။

အားလုံးရှင်းသွားသောအခါ မြနှင်းဖြူနှင့် မြသင်းကြူတို့က ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေသည့် ပစ္စည်းများကို လိုက်လံရှင်းလင်းနေကြလေသည်။

ထိုအခါ ဦးသီလက ...

"ရွာသူရွာသားတွေရဲ့ ပစ္စည်းတွေ ကုန်သွားပြီဆိုတော့ ဒီဘက်နားမှာ ပုံထားတာတွေက မိတ်ဆွေကြီးတို့ လှေထဲက ယူလာတာတွေ ဖြစ်မယ်ထင်တယ်၊ အားလုံး ပြန်ယူသွားကြပါ"

ဟု ပြောသည်။ ဦးဗန်ကောင်းက အနားသွားကြည့်သောအခါ မိမိတို့လှေပေါ်မှ သယ်တင်သွားသော ကုန်ပစ္စည်းများနှင့် ငွေများထဲမှ

www.burmeseclassic.com



ယူဆောင်သွားသော ငွေအိတ်ဖြစ်နေသည်ကို တွေ့ရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

“ကျုပ်က ပစ္စည်းတွေတော့ ဒီတစ်ခါဖြင့် ဆုံးပြီလို့ မှတ်နေတာ၊ အခုလို ပြန်ရတာ မိတ်ဆွေကြီးတို့ကို ကျေးဇူးတင်ပါတယ်ဗျာ”

“အချင်းချင်းတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ဦးက အကူအညီပေးရမှာပေါ့”

“သူတို့က ဘယ်သူတွေလဲ”

“သူတို့က တောထဲမှာနေတဲ့ သောင်းကျန်းသူတွေပါ”

“တချို့က ဒီမှာကျန်နေခဲ့တယ်၊ တချို့က လှေနဲ့ထွက်ပြေး သွားကြတာ တွေ့လိုက်ရတယ်၊ တော်ကြာ လူစုပြီးတော့ တစ်ခေါက်ပြန်လာရင် ခက်မယ်ထင်တယ်”

“မစိုးရိမ်ပါနဲ့ သူတို့ ဝေးဝေးမပြေးနိုင်ပါဘူး၊ လမ်းမှာတင် သူတို့ကို ဖမ်းမယ့်သူတွေနဲ့ တွေ့မှာပါ”

ထိုစကားကြောင့် နီမောင်မှာ များစွာ အံ့ဩသွားသည်။ ထိုသို့ ပြောနေကြစဉ် ကမ်းစပ်ဘက်ဆီမှ ဆူဆူညံညံ အသံများ ကြားရသဖြင့် တံတားဦးမှ ထွက်ကြည့်သောအခါ စက်တပ်လှေတစ်စင်းက စောစောက ထွက်ပြေးသွားသော လှေကို နောက်မှ ဆွဲလာလေသည်။ လှေပေါ်မှာ ပါသူများကိုလည်း ကြိုးဖြင့် တုပ်ကာ ဖမ်းထားလေသည်။

စက်လှေပေါ်မှ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ဦး အပေါ်သို့ တက်လာသည်။ ၎င်းကျောမှာလည်း သေနတ်





တစ်လက် လွယ်ထားလေသည်။

“ကျုပ်နာမည် ဇာဖုန်းထန်လို့ ခေါ်ပါတယ်၊ ဒီနယ်တစ်ဝိုက်က ပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင်တစ်ယောက်ပါ၊ ဒီလူတွေက သောင်းကျန်းသူတွေ မဟုတ်လား”

တံတားပေါ် ရောက်တော့ သူ့ကိုယ်သူ မိတ်ဆက်ရင်း လှေထဲမှ ကြိုးဖြင့်တုပ်ကာ ဖမ်းထားသော လူများကို လက်ညှိုးထိုးကာ မေးလေသည်။

“ဟုတ်ပါတယ်၊ အဲဒါက ထွက်ပြေးသွားတဲ့ လူတွေပါ၊ အပေါ်မှာ ကျုပ်တို့ဖမ်းထားတဲ့လူတွေ ရှိပါသေးတယ်”

ဦးသီလစကား ကြားသောအခါ ဇာမုန်းထန်က အံ့ဩသွားဟန် ရှိသည်။

“ဒါ သူပုန်တွေ မဟုတ်လား”

“ဟုတ်ပါတယ်”

‘သူတို့မှာ သေနတ်တွေပါတယ် မဟုတ်လား”

“ပါ ပါတယ်”

“သေနတ်နဲ့လူကို ခင်ဗျားတို့ရွာသားတွေက အခုလို ခွေးပြေး ဝက်ပြေး ထွက်ပြေးရအောင် ဘယ်လိုများ လုပ်လိုက်ကြတာလဲ”

“သူတို့ကြံမှာအတိုင်း သူတို့ ခံရတာပါ”

ဦးသီလစကားကို ဇာမုန်းထန်က သဘောပေါက်ဟန် မရှိပေ။

“ခင်ဗျားတို့ ဖမ်းထားတဲ့လူတွေ အပေါ်မှာလား”

“ဟုတ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဦးသီလက ရှေ့မှ ဦးဆောင်ခေါ်သွားသဖြင့် ဇာမုန်းထန်က နောက်မှ လိုက်သွားလေသည်။ အပေါ်သို့ ရောက်သောအခါ ဒဏ်ရာများဖြင့် အလဲလဲအကွဲကွဲ ဖြစ်နေသော သောင်းကျန်းသူများကို မြင်သောအခါ ပိုမိုအံ့သြရပြန်သည်။

"ဒီလူတွေကို ခင်ဗျားတို့ ဖမ်းထားတာလား"

"ဆိုပါတော့"

"ပြောလို့သာ ကြားရတာ၊ အတော့်ကို အံ့သြစရာပဲဗျို့၊ သေနတ်သမားတွေကို လက်ချည်းရှိတဲ့ ရွာသားတွေက ဒီလိုဖြစ်အောင် ဘယ်လိုများ ဖမ်းထားကြပါလိမ့်"

ဟု ပြောဆိုကာ ဇာမုန်းထန်က စက်လှေထဲမှ သူ့အဖွဲ့သားများကို ခေါ်လိုက်ပြီး အပေါ်မှာ လဲနေသူများကို ကြိုးတုပ်ကာ ဖမ်းဆီးလိုက်သည်။

ပြီးလျှင် သေနတ်များကိုပါ သိမ်းဆည်းယူ၍ ဦးသီလတို့ကို နှုတ်ဆက်ကာ ပြန်သွားလေသည်။





BURMESE CLASSIC .com

အခန်း (၈)

## ရွာသစ်သချိုင်း၌ ဆရာမြနှင့် တွေ့ခြင်း

ဇာမုန်းထန်တို့ ပြည်သူ့စစ်အဖွဲ့သားများ စခန်းချသောနေရာမှာ သာပေါင်းကျေးရွာ၌ ဖြစ်သည်။

သာပေါင်းကျေးရွာသည် ဘိုကလေးမြို့ တစ်ဖက်ကမ်း၊ ဂုံညှင်းတန်းမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိလေသည်။

ရှေးအခါက အထက်ပိုင်းဘက်မှာသာ လူနေအိမ်အချို့နှင့် ဘုန်းတော်ကြီးကျောင်းရှိပြီး အောက်ပိုင်းတစ်လျှောက်မှာတော့ ငါးပုဏ္ဏားပိုက်၊ ငါးပုတ်သင်ပိုက် ထောင်သည့် ကုလားတဲများသာ ရှိသည်။

နောက်ပိုင်းရောက်လာတော့ ဆန်စပါးကြိတ်ခွဲသည့် ဆန်စက်များ လာရောက်တည်ကြရာမှ တဖြည်းဖြည်းနှင့် လူနေအိမ်ခြေ များလာကာ ရွာတန်းသဖွယ် ဖြစ်လာလေတော့သည်။

ဇာမုန်းထန်တို့က ဆန်စက်အလုပ်သမားများဖြစ်ကြပြီး ဆန်စက်ရ



www.burmeseclassic.com

www.burmeseclassic.com



က ပြည်သူ့စစ်သင်တန်းများ တက်စေကာ လက်နက်ထုတ်ပေးထားခြင်းဖြစ်သည်။ ၎င်းတို့သည် ကျေးရွာလုံခြုံရေးကို တာဝန်ယူရရုံမက စက်တပ် လှေတစ်စင်းနှင့် အနီးဝန်းကျင်တစ်ဝိုက်သို့ပါ ရောက်အောင် လှည့်လည်ကြရသည်။

တစ်ခါတစ်ရံ အရေးကြီးသောအချိန်များတွင် ဖောင်ဝင်မြစ်အထိ သွားကြရသည်။ ယခုလည်း တောထဲမှာ အစိုးရတပ်နှင့် တောတွင်းသောင်းကျန်းသူတပ်များ တိုက်ပွဲဖြစ်နေသောကြောင့် ဇာမုန်းထန်တို့က မြစ်ရိုး၌ အစုန်အဆန်သွားကာ စစ်ဆေးကြရသည်။

ထိုသို့ သွားရင်းမှပင် မဟော်ဂနီချောင်းထဲမှာ ထွက်ပြေးလာသော သောင်းကျန်းသူများနှင့် ပက်ပင်းတိုးကာ ဖမ်းဆီးမိခဲ့ခြင်းဖြစ်၏။ ၎င်းတို့ကို စစ်မေးရာမှ ချောင်းတွင်းပိုင်းမှာ လူအချို့ ကျန်နေခဲ့သည်ကို သိရသဖြင့် ဝင်လိုက်လာရာမှ ဦးသီလတို့၏ မဟော်ဂနီရွာကို ရောက်ခဲ့ကြခြင်းဖြစ်၏။

ထိုရွာသို့ရောက်ကာမှ ထပ်မံ၍ အံ့သြမှုများနှင့် ကြုံခဲ့ရသည်။ သောင်းကျန်းသူများမှာ လက်နက်ဖြင့် ယဉ်ပါးနေသူများဖြစ်ရာ ထိုရန်သူများကို ရွာသားများက ဘယ်ပုံဘယ်နည်း အနိုင်ယူခဲ့သည်ကို သိချင်နေကြသည်။ သို့ကြောင့် လမ်းရောက်သောအခါ သတိရသူများကို မေးကြပြန်လေသည်။

"မင်းတို့ကို အဲဒီရွာသားတွေက ဘယ်လိုတိုက်ခိုက်ကြလို့ အခုလို မရှုမလှ ခံခဲ့ကြရတာလဲ"

"ကျုပ်တို့ကိုတိုက်တာ ရွာသားတွေ မဟုတ်ဘူးဗျ"





"ဟင် ... ဒါဖြင့် ဘယ်သူတွေက တိုက်ခိုက်တာလဲ"

"လူတွေ တိုက်ခိုက်လို့ ခံရတာမဟုတ်ဘူး၊ ကြောင်နက်တွေဝင်တိုက်လို့ အခုလို ခံကြရတာ"

"ဘာ ... ကြောင်နက်တွေ ဟုတ်လား"

"ဟုတ်တယ်၊ ကြောင်နက်တွေမှ အများကြီးရယ်၊ သေနတ်နဲ့ပစ်လို့လဲ မရဘူး၊ ဘယ်က ဘယ်လိုရောက်လာတယ် မသိဘူး၊ ကြောင်နက်တွေမှ အများကြီးရယ်၊ လက်သည်းခြေသည်းတွေနဲ့ကုတ်၊ သွားတွေနဲ့ကိုက်လို့ မသေရုံ ကျန်ခဲ့တာပဲဗျာ"

ဟု မချိတင်ကဲလေသံဖြင့် ပြောပြလေသည်။

"မင်းတို့ဟာ သေချာရဲ့လားဟ"

"ကျုပ်တို့မျက်နှာပေါ်က ဒဏ်ရာတွေကို ကြည့်ပါလားဗျ၊ ကြောင်လက်သည်းရာတွေ မဟုတ်ဘူးလား"

ထိုအခါမှ လက်နှိပ်ဓာတ်မီးရောင်ဖြင့် ထိုးကြည့်သောအခါ မျက်နှာပေါ်တွင် ကြောင်လက်သည်းရာကြီးများ အစင်းလိုက်၊ အစင်းလိုက် ပေါ်နေလေသည်။

ထိုဒဏ်ရာများမှ သွေးများ စီးကျနေသည်။ ဇာမုန်းထန်မှာ ဒဏ်ရာများကို ကြည့်တော့လည်း ကြောင်လက်သည်းရာများ ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့သြမဆုံးအောင် ဖြစ်နေတော့သည်။

ဤသို့ဖြင့် ဘိုကလေးမြို့သို့ရောက်သောအခါ ဖမ်းမိလာသောသူပုန်များနှင့် လက်နက်များကို အစိုးရစစ်တပ်ကို သွားရောက်အပ်နှံလိုက်သည်။ သူတို့အဖွဲ့အတွက် နာမည်ကောင်းလက်မှတ် [illegible] ဆု



www.burmeseclassic.com

www.burmeseclassic.com



ကြေးငွေများပင် ရလိုက်သေးသည်။

ရွာသို့ ပြန်ရောက်သောအခါ ထိုအကြောင်းကို အချင်းချင်း ပြောဆိုကြရာမှ တစ်စတစ်စနှင့် လူအတော်များများက သိကြလေသည်။ အချို့ကလည်း မယုံကြည်ကြပေ။

"သူပုန်တွေ ဖမ်းပေးလို့ နာမည်ကောင်းလက်မှတ်တွေ၊ ဆုကြေးတွေ ရလာကြတယ်၊ အခုကျတော့ မင်းတို့ အစွမ်းအစနဲ့ မိတာမှ မဟုတ်ဘဲ၊ တောထဲက ကြောင်တွေက ဖမ်းပေးလို့ မိခဲ့တာပဲ၊ ဟား ဟား ဟား ဟား"

ဟု ရယ်မောကာ ပြောကြသူက ပြောသည်။ ထိုသတင်းကို ကြားသောအခါ ရွာထဲမှ ရှေ့မီနောက်မီတစ်ဦးဖြစ်သူ အဘဦးဘိုးစံ ရောက်လာလေသည်။

"ဇာမုန်းထန်၊ ရွာထဲမှာ ပြောနေကြတဲ့ သတင်းက အမှန်ပဲလားကွယ့်"

"ဘယ်သတင်းလဲ အဘ"

"သူပုန်တွေကို ကြောင်တွေကုတ်လို့ ဖမ်းမိလာတဲ့ သတင်းလေ"

"ဟုတ်တယ် အဘရဲ့"

"ဘယ်နေရာမှာလဲကွယ်"

"မဟော်ဂနီရွာလို့ ပြောတာပဲ၊ ကျွန်းညိုကြီးမှာ ရှိတဲ့ရွာပဲ"

"မဟော်ဂနီရွာ"

အဘ ဦးဘိုးစံက ဖြူဖွေးသော မျက်မှောင်များကို ကျုံ့၍ အတန်ကြာအောင် စဉ်းစားနေသည်။ အတော်ကြီးကြာမှ ...





"ကျွန်းညိုကြီးတစ်ကျွန်းလုံးကို ငါ မရောက်ဖူး၊ မသွားဖူးတဲ့ နေရာ မရှိသလောက်ပါပဲ၊ ခပ်ငယ်ငယ်ကဆိုရင် အမြဲလို သွားလာနေတာပဲ၊ မင်းပြောတဲ့ ရွာနာမည်တော့ တစ်ခါမှ မကြားမိပါလား၊ နောက်တည်တဲ့ ရွာကို နာမည်အသစ်ပေးတာများလား၊ ဘယ်နေရာလောက်မှာလဲ၊ ငါ့ကို သေသေချာချာ ပြောပြပါဦး"

ဟု မေးသဖြင့် ဇာမုန်းထန်က သူတို့ရောက်ခဲ့သောနေရာကို အသေအချာ ပြောပြလိုက်သည်။ ထိုစကား ကြားသောအခါ အဘ ဦးဘိုးစံက ...

"မင်းတို့ပြောတဲ့ နေရာလောက်ဆိုရင် အလယ်လောက်ပဲ၊ အောက်ဘက်မှာ ကွမ်းသီးချောင်း၊ အလယ်ချောင်း၊ ထိပ်ချောင်း ဆိုတဲ့ ရွာတွေ ရှိတယ်၊ အထက်ပိုင်းမှာလဲ ရွာကြီးတွေ သိပ်မရှိဘူး၊ အဲဒီရွာတွေတောင် ရွာဖြစ်လာတာ သိပ်မကြာသေးဘူး၊ အရင် ကွမ်းသီးချောင်းလောက်ပဲ ရှိတာ"

"အဘပြောတဲ့ ရွာတွေကို ကျွန်တော်တို့လဲ ရောက်ဖူးပါတယ်၊ အခုတွေ့ခဲ့တဲ့ ရွာကြီးကလဲ အိမ်ခြေအတော်များတာပဲ၊ ကျွန်တော်တို့ရောက်သွားတော့ ဈေးရောင်းတဲ့လှေတွေဘာတွေတောင် တွေ့ခဲ့သေးတယ်"

"ငါ ကြားဖူးတာကတော့ ရှေးတုန်းက မင်းတို့ပြောတဲ့နေရာလောက်မှာ စည်ကားတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်၊ အဲဒီရွာရဲ့ နာမည်က မင်းတို့ပြောတဲ့ မဟော်ဂနီရွာတော့ မဟုတ်ဘူး"

"ဘာတဲ့လဲ အဘ"



www.burmeseclassic.com

"ကြောင်တစ်ရာရွာလို့ ကြားဖူးတာပဲ"

"ဗျာ ... ကြောင်တစ်ရာရွာ၊ ဟုတ်လား"

"အေး ... ဟုတ်တယ်၊ အဲဒီရွာဟောင်းကြီးမှာ ရှေးကလူတွေနေကြတယ်၊ အချို့ပြောသံကြားတာတော့ ကျုံတုံမြို့စားကြီး ဗညားဓေယျနဲ့ပါလာတဲ့ နောက်လိုက်နောက်ပါတွေထဲက အချို့တွေက အဲဒီမှာကျန်ခဲ့ပြီး ရွာတည်ပြီးနေကြတာလို့ ပြောတယ်၊ ကျွန်းညိုကြီး အထက်ထိပ် မျက်စောင်းထိုး အရှေ့ဘက်လောက်မှာရှိတဲ့ ကပ္ပနန်းရွာတို့ ဘာတို့ကလဲ အဲဒီအဆက်အနွယ်တွေ တည်ခဲ့တဲ့ ရွာတွေပဲ၊ ကပ္ပနန်းဆိုတာ စစ်သားတည်တဲ့ရွာလို့ အဓိပ္ပာယ်ရှိခဲ့တယ်၊ အဲဒီအချိန်တုန်းကတော့ ဗိုလ်ကလေးမြို့ဖြစ်မယ့်နေရာမှာ မြို့စားကြီး ဗညားဓေယျနဲ့ အတူပါလာတဲ့ ရေတပ်မှူးဗိုလ်ကလေး နေခဲ့ပြီးတဲ့နောက်မှာ အောက်ဘက်အရပ်တွေမှာလဲ သူတို့ရဲ့ အဆက်အနွယ်တွေ တည်ခဲ့တဲ့ ရွာတွေ အတော်များတယ်၊ ကပ္ပနန်း ကြောင်တစ်ရာ၊ ကမာ၊ ဇရာ၊ ပျဉ်ဒရယ်၊ ကခုံကနိ အစရှိတဲ့နေရာတွေဟာ သူတို့တည်ခဲ့တဲ့ ရွာတွေပဲပေါ့"

"အဘပြောတဲ့ ကြောင်တစ်ရာရွာဆိုတာ အခု ရှိသေးလားဟင်"

"ဘယ်ရှိတော့မှာလဲ၊ ပျက်စီးသွားတာ နှစ်ပေါင်းအတော်ကြာပြီပေါ့၊ ရှေးတုန်းက အဲဒီရွာကြီးမှာ ကြောင်အမြုတေဓာတ်ရှိတဲ့ ကြောင်နက်ကြီးလဲ ရှိတယ်လို့ လူကြီးသူမတွေ ပြောသံကြားဖူးတယ်၊ နောက်တော့ အဲဒီရွာကြီး ပျက်စီးသွားခဲ့တယ်"

"ဘာ့ကြောင့် ပျက်စီးသွားတာလဲ အဘ"





"ကပ်ရောဂါဘေးဆိုးကြီးဝင်ပြီး တစ်ရွာလုံး ပျက်စီးသွားတာလို့တော့ ပြောသံကြားရတာပဲ၊ အဲဒီနောက်ပိုင်းတော့ အဲဒီဘက်တွေမှာ ရွာတည်ပြီးနေတယ်လို့ မကြားမိပါဘူး"

ထိုစကားကြားသောအခါ ဇာမုန်းထန်တို့တတွေမှာ များစွာ အံ့သြနေကြလေသည်။

"အဘ မယုံရင်လဲ မတတ်နိုင်ဘူး၊ ကျွန်တော်တို့ကတော့ အဲဒီ မဟော်ဂနီရွာကို ရောက်ခဲ့လို့ သူပုန်တွေကိုတောင် ဖမ်းလာခဲ့ပြီ၊ ဒီ တစ်ခေါက် အောက်ဘက်ဆင်းရင် အဘကိုပါ ခေါ်သွားရရင် ပို မကောင်းဘူးလား၊ ဒါမှ အဖြေက ရှင်းသွားမယ်"

ဇာမုန်းထန်က ပြောသည်။

"ငါ လိုက်တာ မလိုက်တာနဲ့ အောင်စကြာဘုရားနားမှာ ငါ့ရဲ့ မိတ်ဆွေ ဆရာမြဆိုတာ ရှိတယ်၊ သူက အစိုးရအမျိုးမျိုးဝင်ပြီး နေရာအနှံ့သွားလာနေတဲ့ လူပဲ၊ အခု ဘုရားနားက ခြံတစ်ခြံမှာ အစိုးရစခန်းဖွင့်ထားပြီး လူတွေကို ဆေးကုပေးနေတယ်၊ သူနဲ့ တွေ့ရင် ဒီ့ထက်ပိုပြီး စုံစုံလင်လင် သိရနိုင်တယ်"

"အဲဒီလိုဆို သွားကြရအောင် အဘ၊ ကျွန်တော် စိတ်ဝင်စားလို့ပါ"

ဟု တိုင်ပင်ကာ အဘ ဦးဘိုးစံနှင့်အတူ ဇာမုန်းထန်လည်း လိုက်ကာ လှေတစ်စင်းနှင့် ဗိုလ်ကလေးဘက်ကမ်းသို့ ကူးကြလေသည်။

ဗိုလ်ကလေးမြို့သည် ပင်လယ်ထွက်ကုန်များ လာရောက်ပို့ရာ၊ အညာဘက်မှ ကုန်ပစ္စည်းများ လာရောက်ရောင်းချရာ ကြိုး နေရာဖြစ်သဖြင့် တစ်စတစ်စနှင့် စည်ကားတိုးတက်လာသော မြို့

www.burmeseclassic.com



တစ်မြို့ဖြစ်သည်။

ပင်လယ်ဒေသ၌ရှိသော ကဒုံကနီ၊ ရေး၊ အမာ အစရှိသော နေရာများမှ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် အစရှိသည့် ပင်လယ်ထွက်ကုန်များကို ဗိုလ်ကလေးမြို့သို့ရောက်အောင် သယ်ယူလာကာ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ သဘောင်္များဖြင့် တင်ပို့ကြလေသည်။

ယခုကာလကဲ့သို့ ရန်ကုန်သို့ တိုက်ရိုက်သွားသော သဘောင်္များမရှိသေးသဖြင့် ဗိုလ်ကလေးမြို့မှ ရန်ကုန်သို့ ပြေးဆွဲနေသည့် ခရီးသည်တင်သဘောင်္များကိုသာ အားကိုးကြရလေသည်။

သို့ကြောင့် စခန်းထောက်မြို့ဆိုလျှင်လည်း မမှားပေ။ ထိုအချိန်မှာ အောင်စကြာဘုရားမှာ ယခုလက်ရှိ စေတီတော်အနေအထားမဟုတ်သေးဘဲ ကိုးတောင်ပြည့်စေတီမျှသာ ရှိသေး၏။ ဂုံညှင်းတန်းဖြစ်နှင့် နတ်ချောင်းထိပ် အငူပေါ်တွင် တည်ရှိလေသည်။

ထိုခေတ်အခါက လူနေအိမ် သိပ်မရှိသေးဘဲ မြစ်ကမ်းတစ်လျှောက်မှာ ဆံန်စက်အချို့နှင့် ထင်းပွဲရုံ၊ ဝါးပွဲရုံများသာ ရှိသေး၏။

ဆရာမြ အမိဋ္ဌာန်စခန်း ဖွင့်ထားသောနေရာမှာ အောင်စကြာဘုရားတစ်ဝိုက်တွင် ရှိသည်ဟု သတင်းကြားသောကြောင့် လှေကိုထိုနေရာရောက်အောင် လှော်လာကြသည်။

တံတားထိပ်၌ လှေကပ်ပြီး အပေါ်တက်၍ မေးမြန်းစုံစမ်းကြည့်သောအခါ ထိုစခန်း၌ ဆရာမြ မရှိပေ။

"ဆရာကြီး ရွာသစ်သင်္ချိုင်းမှာ အဓိဋ္ဌာန်သွားဝင်နေတယ်၊ အရေးကြီးကိစ္စရှိရင် အဲဒီကို လိုက်သွားကြပါ"





ဟု တစ်ယောက်က ပြောသဖြင့် လှေဖြင့် ထိုဖက်ကမ်းသို့ ခရီးဆက်ခဲ့ကြသည်။ ရွာသစ်သင်္ချိုင်းမှာ အောင်စကြာဘုရား၏ မျက်စောင်းထိုးသာသာလောက်၌ တည်ရှိပြီး မဝေးလှပေ။

ဂုံညှင်းတန်းမြစ်၏ မြောက်ဘက်ကမ်း၌ရှိသောကြောင့် လှေဖြင့် ကူးခဲ့ကြသည်။ သင်္ချိုင်းရှိသောနေရာမှာ ကြီးမားသော ညောင်ပင်ကြီးတစ်ပင်ရှိပြီး ညောင်ပင်ကြီးအောက်၌ ဇရပ်ဟောင်းတစ်ဆောင်ရှိသည်။ ချောင်းကမ်းနှင့် မဝေးသောကြောင့် လှေကို ဆိုက်ကပ်၍ အသုဘချသော လမ်းအတိုင်း အပေါ်သို့ တက်သွားကြသည်။

သင်္ချိုင်းဝန်းကျင်တစ်လျှောက်တွင် ချုံနွယ်များ ထူထပ်စွာ ရှိသော်လည်း ဟိုဘက်မှာတော့ စပါးစိုက်သော လယ်ကွင်းများ ရှိလေသည်။ တန်ဆောင်မုန်းကာလဖြစ်သောကြောင့် စပါးခင်းများက ဖုံးသည့်အခင်းက ဖုံး၊ သီးသည့်အခင်းက သီးစပြုနေလေပြီ။

သို့ကြောင့် ရှေးအဆိုများက 'ဖုံးတုံးလုံးတုံး တန်ဆောင်မုန်း' ဟူ၍ စာပြုခဲ့ကြခြင်း ဖြစ်၏။

သူတို့ ဇရပ်နားရောက်သွားတော့ ဇရပ်ပေါ်မှာ လူကြီးတစ်ယောက် ပုတီးစိပ်နေသည်ကို လှမ်းမြင်ရသည်။ အထက်အောက် အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းထိပ်တွင် သျှောင်ထုံးကို ထုံးထားသည်။ နှုတ်ခမ်းမွှေးနှင့် မုဆိတ်မွှေးများရှိကာ မုတ်ဆိတ်မွှေးများက ရင်ဘတ်ပေါ်အထိ ကျဆင်းနေ၏။ နှစ်ယောက်သား ဇရပ်ပေါ်သို့ ခြေသံမကြားအောင် တက်သွားကြသော်လည်း မလှမ်းမကမ်း ရောက်သည်နှင့် ထိုလူကြီးက မျက်စိဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"ထိုင်ကြပါ"

အဘ ဦးဘိုးစံနှင့် ဇာမုန်းထန်တို့ နှစ်ယောင်စလုံး လူသေကောင်ချပြီး သရဏဂုံတင်သော ကြမ်းပေါ်မှာ ထိုင်ရမှာ ဝန်လေးနေကြသည်။

"တစ်နေ့ကျရင် ကိုယ်လဲ ဒီနေရာမျိုး ရောက်ရဦးမှာပဲ၊ ဘာများ မသတီစရာရှိသလဲ၊ ထိုင်သာ ထိုင်ကြပါ"

ဟု ထပ်ပြောတော့မှ နှစ်ယောက်သား မလှမ်းမကမ်းမှာ ဝင်ထိုင်ကြလေသည်။

"တစ်ချိန်ကျရင် အောင်စကြာစေတီတော်က အခုရှိနေတဲ့ ကိုးတောင်ပြည့်စေတီတော်ကနေ ဉာဏ်တော်မြင့်တဲ့ စေတီတော်ကြီး ဖြစ်လာလိမ့်မယ်၊ အဲဒီအချိန်ကျရင် ဒီသင်္ချိုင်းနေရာမှ စေတီယံတွေ အများကြီး ပေါ်လာလိမ့်မယ်"

ထိုလူကြီးက ပြောသဖြင့် နှစ်ယောက်သား အံ့သြသွားကြလေသည်။

"ဒီသင်္ချိုင်းနေရာမှာ စေတီတွေ ပေါ်လာဦးမယ်၊ ဘယ်သူတွေက လာတည်မှာလဲ ဆရာကြီး"

"တစ်ချိန်ကျရင် စကားမပြောတဲ့ ကိုရင်လေးတစ်ပါး ရောက်လာပြီး ဒီနေရာမှာ စေတီတွေ အများကြီး တည်လိမ့်မယ်၊ ဒါကြောင့် ဒီနေရာမှာရှိတဲ့ မြင်အပ်တဲ့ ပုဂ္ဂိုလ်၊ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေကို ကြိုတင်အသိပေးဖို့ ကျုပ်ရောက်နေတာပါ၊ အဲဒီလိုမှ ကြိုတင်အသိမပေးရင် ကိုရင်လေး ရောက်လာတဲ့အခါ သူတို့ အနှောင့်အယှက်ပေး





လိမ့်မယ်"

"ဒါ ... ဒါထက် ဆရာကြီးက .."

"ကျုပ်နာမည် ဆရာမြလို့ ခေါ်ပါတယ်၊ ခင်ဗျားတို့ ကျုပ်နဲ့တွေ့ရအောင် လာခဲ့ကြတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ ဆရာကြီးကို ပြောပြစရာရှိလို့ပါ"

"ပြောပါ၊ ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ တစ်နေ့ညက ကျွန်တော်တို့ ကင်းလှည့်သွားရင်း ကျွန်းညိုကြီးနားရောက်တော့ ထူးဆန်းတာတွေ တွေ့ခဲ့ရလို့ပါ"

"ဘယ်လိုထူးဆန်းတာလဲ၊ ပြောပြပါဦး"

ဟု မေးသဖြင့် ဇာမုန်းထန်က ယင်းတို့ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

"တောနဲ့နီးတဲ့ နေရာဆိုတော့ တောကြောင်တွေ ရောက်လာတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"မဟုတ်ဘူး ဆရာကြီး၊ ကျုပ်တို့ ကြားဖူးတာက အဲဒီနေရာမှာ ရှေးတုန်းက ကြောင်တစ်ရာဆိုတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်၊ လူကြီးတွေ ပြောပုံအရတော့ အဲဒီရွာမှာ ကြောင်နက်ကြီးတစ်ကောင်လဲ ရှိသတဲ့၊ အဲဒီကြောင်နက်ကြီးမှာ အမြီးတောလဲ ရှိတယ်လို့ ကြားဖူးတယ်"

ဦးဘိုးစံကပါ ဝင်ပြောသည်။ သူတို့စကားကြားသောအခါ ဆရာမြက မျက်စိမှိတ်ကာ အတန်ကြာအောင် ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့မှ ...

"အဲဒီတော့ ကျုပ်အနေနဲ့ ဘာများလုပ်ပေးရမလဲ"

ဟု မေးလိုက်သည်။

"ကျွန်တော်တို့ အဲဒီရွာကို နောက်တစ်ခေါက် ထပ်သွားဖို့ အစီအစဉ် ရှိပါတယ်၊ ဖြစ်နိုင်ရင် ဆရာကြီးလိုက်ခဲ့စေချင်ပါတယ်"

"ကျုပ်အနေနဲ့က အခိဋ္ဌာန်အလုပ်ကိုပဲ သက်သက်လုပ်တာဆိုတော့ ဒီကိစ္စမျိုးတွေနဲ့ မအပ်စပ်ဘူးထင်တယ်"

သို့သော်လည်း ဇာမုန်းထန်က အလျှော့မပေးချေ။

"ကျွန်တော်တို့က တာဝန်အရ တစ်ခေါက်တော့ ထပ်သွားရဦးမှာဆိုတော့ ဘာပဲဖြစ်ဖြစ် ဆရာကြီးအနေနဲ့ တစ်ခေါက်တော့ လိုက်ကြည့်ပေးစေချင်ပါတယ်"

ဆရာမြက ဇာမုန်းထန်၏ အမူအရာကိုကြည့်ကာ အတန်ကြာအောင် စဉ်းစားနေပြီးမှ ...

"ဒီလိုလိုက်စေချင်သပဆိုရင်လဲ သွားတဲ့အချိန်ကျရင် လာခေါ်ကြပါ၊ ကျုပ် လိုက်ခဲ့ပါ့မယ်"

ဟု ကတိပေးလိုက်ရာ နှစ်ယောက်သားပြန်ခဲ့ကြလေသည်။ လမ်းရောက်သောအခါ ဇာမုန်းထန်က မေးသည်။

"အဘ၊ အမြုတေရှိတဲ့ ကြောင်နက်ဆိုတော့ ဘယ်တော့မှ သတ်လို့မသေဘူးလို့ ကြားဖူးတယ်၊ ဒီလိုဆိုရင် အဘပြောတဲ့ ကြောင်နက်ကြီးကလဲ အခုအချိန်ထိ ရှိချင်ရှိဦးမှာပေါ့နော်"

"အမြုတေဆိုတာ ဘယ်အမြုတေပဲဖြစ်ဖြစ် သိဒ္ဓိရှိပြီးတော့





ဘယ်တော့မှ မသေတဲ့ ဓာတ်မျိုးပဲ၊ တကယ်လို့ ကြောင်နက်ရဲ့ ခန္ဓာကိုယ်ကြီးက ဓာတ်ကြီးလေးပါး ပျက်စီးလို့ သေကြေပျက်စီးခဲ့ရင်တောင်မှ အမြုတေဓာတ်ကိန်းနေတဲ့ မျက်လုံးရှိတဲ့ ဦးခေါင်းပိုင်းကတော့ ဘယ်တော့မှ မပျက်စီးဘဲ အကောင်းပကတိအတိုင်း ရှိနေတတ်တယ်"

"အဲဒီအမြုတေက ဘာတွေ စွမ်းသလဲဟင်"

"ဓား၊ လှံ၊ သေနတ်စတဲ့ ကာယသိဒ္ဓိပြီးရုံတင် မကဘူး၊ ကိုယ်ပျောက်စေနိုင်တဲ့ အစွမ်းသတ္တိမျိုးပါ ရနိုင်တာပေါ့"

ထိုစကားကြားသောအခါ ဇာမုန်းထန်မှာ များစွာ စိတ်ဝင်စားသွားလေသည်။

"ဟန်ကျတာပဲ၊ အဘ ပြောတဲ့အတိုင်းသာမှန်ရင်တော့ ကြောင်အမြုတေရှိတဲ့ မျက်လုံးဟာ တစ်နေရာမှာ ရှိကိုရှိမှာ သေချာတယ်၊ ဒီအမြုတေကိုသာ ရအောင်ရှာနိုင်လို့ကတော့ ငါ့တစ်သက်ဖြစ်ချင်တာအားလုံး ဖြစ်မှာသေချာတယ်"

ဟု တစ်ယောက်တည်း ရေရွတ်ပြောဆိုနေလေသည်။ ထိုစကားကြားသောအခါ လှေဝမ်းအလယ်မှ ထိုင်လိုက်လာသော အဘဦးဘိုးစံက ...

"အမြုတေဆိုတာ သိဒ္ဓိရှိတာမျိုးဆိုတော့ သူတို့ရဲ့ ပတ်ဝန်းကျင်မှာ မမြင်အပ်တဲ့ အနှောင့်အယှက် အဖျက်အဆီးတွေက အများကြီးရှိတယ်၊ အဲဒီနေရာကို သွားမယ်ဆိုရင် ဒီကိစ္စမျိုးတွေ နိုင်နင်းကျွမ်းကျင်တဲ့ ဆရာတစ်ယောက်တော့ ပါမှ သင့်တော်မယ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ဆရာမြကို မပါပါအောင် ခေါ်သွားပေတော့"

ဟု အကြံပေးလေသည်။ ဇာမုန်းထန်က လှေကို ကျိုးလှော်နေရင်း စိတ်ထဲမှာ တက်ကြွလျက်ရှိနေတော့သည်။

မြစ်ရေပြင်ပေါ်တွင် စူးစူးရဲရဲ ထိုးကျနေသည့် နေရောင်ခြည်ကြောင့် တံလျှပ်များ တဖျတ်ဖျတ် ထနေလေသည်။





BURMESE CLASSIC .com

## အခန်း (၉)

## မေတ္တာစစ်နှင့် ချစ်မည့်သူ

ညအမှောင်ထုသည် ရွာသစ်သချိုင်းတစ်ဝိုက်သို့ ဖုံးအုပ်ထားလေသည်။ လရောင်နှင့် ကြယ်ရောင် အနည်းငယ်ကြောင့်သာ ပတ်ဝန်းကျင်ကို အနည်းငယ် မြင်နိုင်လေသည်။

အလင်းရောင်ဝိုးတဝါးအောက်မှာ စပါးခင်းများက လေအဖိ၌ တအိအိရှိနေကြလေသည်။ ဆောင်းရာသီဝင်စ မြောက်ပြန်လေက တသုန်သုန်တိုက်ခတ်လျက်ရှိရာ ညောင်ပင်ကြီးမှ ညောင်ရွက်ခတ်သံ၊ သစ်ကိုင်းချင်း ဖိကြိတ်သံများက ပေါ်ထွက်နေ၏။

မလှမ်းမကမ်း၌ ရှိသော ဝါးတောဆီမှ ဝါးပင်ချင်း ငြိတွယ်ကြိတ်သံများမှာ တအီအီ၊ တကျွိကျွိနှင့် မှန်မှန်ကြီး ပေါ်ထွက်နေလျက်ရှိသည်။

တစ်ချီ တစ်ချီ လေပြင်းတိုက်လိုက်တိုင်း နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သည့် ဇရပ်အမိုးပေါ်မှ သွပ်ပြားချပ်များက တအုန်းအုန်း



www.burmeseclassic.com

www.burmeseclassic.com



တဒိုင်းဒိုင်း အသံများ မြည်နေကြသည်။ ရွာသစ်သချိုင်းမှာ ရွာနှင့် အတော်ဝေး၍လို လူနေအိမ်များနှင့်လည်း မနီးလှပေ။

အနီးဆုံး လယ်တဲများပင် လယ်နှစ်ကွက်ကျော် သုံးကွက်နေရာများလောက်၌ ရှိသည်။ ဇရပ်ပေါ်မှ လှမ်းကြည့်လိုက်လျှင် ချောင်းကမ်းနှင့် မဝေးလှသည့်နေရာတွင် ရှိသည့် သုသာန်နေရာကို လှမ်းမြင်ရသည်။ ချုံပုတ်များအောက်မှာ ကွယ်တစ်ဝက်၊ ပေါ်တစ်ဝက်ဖြစ်နေသော မြေပုံမို့မို့များနှင့် မှတ်တိုင်ဟောင်းအချို့ကို မြင်ရသည်။

နေ့လည်ကမှ လာရောက်မြှုပ်နှံသွားသော အသုဘမှ ဝါးကပ်နှင့် ရောင်စုံပန်းလိပ်အစများက ချုံများပေါ်မှာ တင်နေသည်။ လေတိုက်လိုက်တိုင်း ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့များက ဇရပ်ပေါ်အထိ ဝေ့ဝဲတက်လာသည်။

ဇရပ်ပေါ်တွင် တစ်ယောက်တည်းရှိနေသော ဆရာမြသည် ညဦးပိုင်းအချိန်တွင် ဘုရားအတွက် ရည်စူး၍ ဖယောင်းတိုင်မီးကို ထွန်းထားသော်လည်း လေတိုက်သဖြင့် တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားရာ အမှောင်ထဲမှာပင် သည်အတိုင်းနေရသည်။

သူသည် ညဦးပိုင်းအချိန်ရောက်သည်နှင့် ပြုလုပ်နေကျအတိုင်း ဘုရားရှိခိုး၍ ပတ်ဝန်းကျင်၌ ရှိကြသည့် မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များကို ရည်စူး၍ မေတ္တာပို့ခြင်း၊ အမျှအတမ်းဝေခြင်းများ ပြုလုပ်လေသည်။

ထို့ပြင် မိမိအစောင့်အရှောက်ဝင်နေစဉ် ပရလောကသားများ အနှောင့်





အယှက်မပြုနိုင်ရန် စည်းချခြင်းကိုလည်း လုပ်ရသေးသည်။ သို့မဟုတ်ပါက ကောင်းမှုကို ဖျက်ဆီးလိုသော ပရလောကသားများရောက်လာပြီး နည်းအမျိုးမျိုးနှင့် နှောင့်ယှက်ဖျက်ဆီးတတ်ကြလေသည်။ ၎င်းတို့က မိမိကို ထိခိုက်အောင် မပြုလုပ်နိုင်ကြစေကာမူ အစိုးရိမ်လုပ်ရာ၌ စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။

ပရလောကသားများ၌ ပါဝင်သော တစ္ဆေ၊ သရဲ စသည်တို့မှာ နာမ်သာရှိ၍ ရုပ်မရှိသော်လည်း ကမ္မဇိတ္တိတန်ခိုးရှိသောကြောင့် အမျိုးမျိုးဖန်ဆင်းနိုင်ကြသည်။

တစ္ဆေသရဲနှင့် ကြုံကြိုက်လျှင် ကြောက်လွန်းလျှင်လည်း မကောင်း၊ မကြောက်လွန်းလျှင်လည်း မကောင်းပေ။ ကြောက်လွန်းသောစိတ်ရှိပါက တစ္ဆေသဲကို့၏ နှိပ်စက်မှုကို ခံရတတ်သလို မကြောက်လွန်းပါကစလည်း မိမိ ဘုန်းကံနိမ့်ပါးသောအခါတွင် တစ်ဖန်ပြန်၍ ခံရတတ်ပေသည်။

သို့သော်လည်း အရေးကြုံက သက်လုံကောင်းစေ ဟူသော စကားအတိုင်း အကယ်၍ မလွဲသာမရှောင်သာ ကြုံကြိုက်ပါက အကြောက်မလွန်ဘဲ သတိဖြင့် ရင်ဆိုင်သောအခါ ပရလောကသားများကို အနိုင်ရသည့် သာဓကများစွာ ရှိလေသည်။

ကံနိမ့်သောအခါ တစ္ဆေက လှည်းပေါ် လိုက်လာပြီး ကြောက်အောင်ခြောက်သောအခါ ဆေးကုယူရသည်အထိ ကြောက်လန့်သွားသော သာဓကများစွာရှိလေသည်။

တစ္ဆေဟူသော အဓိပ္ပာယ်မှာ ခြောက်လှန့်ခြင်း၊ ဖမ်းစားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဟူ၍ အနက်အဓိပ္ပာယ်ရှိသော်လည်း ၎င်းတို့မှာ လူတို့နှင့် ဆုံတွေ့ရမှာ ကြောက်ရွံ့ဝန်လေးတတ်ကြသောကြောင့် တတ်နိုင်သမျှ အဝေးမှာ နေကြသည်။

၎င်းတို့ပိုင်နက်၊ ၎င်းတို့နေရာကို လူတို့ရောက်လာပါက မလွှဲမရှောင်သာ တွေ့ကြ မြင်ကြရသည်။ ထိုအခါ မိမိဘက်မှ သတိနှင့် ရင်ဆိုင်လျှင် အန္တရာယ်မရှိနိုင်ပေ။ အကြောက်လွန်၍ သွေးရူးသွေးတန်းဖြစ်မှသာ မိမိစိတ်က မိမိကို ပြန်လှည့်ခြောက်လှန့်ခြင်းကြောင့် ဥပါဒ်အန္တရာယ် ဖြစ်ကြရပေသည်။

ဆရာမြသည် ပရလောကသားများအကြောင်းကို စဉ်းစားရင်းနှင့် မိမိအနေနှင့် ပြုလုပ်ဖွယ်ရာများကို ပြုလုပ်နေစဉ် လရောင်မှုန်ဝါးဝါးအောက်မှာ ဇရပ်ဘက်သို့ လာနေသော လူသုံးယောက်ကို လှမ်းမြင်ရသည်။

၎င်းတို့သည် ကမ်းစပ်ဘက်မှ တက်လာကြခြင်းဖြစ်သည်။ သို့ကြောင့် ဆရာမြက လုပ်လက်စအလုပ်များကို ရပ်၍ စောင့်နေလေသည်။

“လာကြပါ၊ လာကြပါ။ ဇရပ်ပေါ်ကို တက်ခဲ့ကြပါ”

ဆရာမြက လှမ်းခေါ်လိုက်တော့ လူသုံးယောက်က ဇရပ်ပေါ်သို့ တက်လာကြသည်။ သူတို့ ဇရပ်ပေါ် ရောက်သောအခါ ဆရာမြက အလင်းရောင်ရစေရန် ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်း၍ တိုင်တစ်တိုင်နံဘေး၌ ကွယ်ကာ ထောင်ထားလိုက်သည်။

“ဘယ်က လာကြတာလဲ”





ဆရာမြက လူသုံးယောက်ကို အကဲခတ်သလိုကြည့်ရင်း မေးလိုက်သည်။ တစ်ယောက်က အသက်ကြီးကြီးဖြစ်ပြီး ကျန်နှစ်ယောက်က လူရွယ်များဖြစ်ကြသည်။

“ဘယ်က လာကြတာလဲ”

“ကျုပ်တို့ မပေါ်ဂနီရွာက လာခဲ့ကြတာပါ”

“မပေါ်ဂနီရွာဆိုတာ ကျွန်းညိုကြီးဘက်ကလား”

“ဟုတ်ပါတယ်”

“ဒါဖြင့် အရင်က ကြောင်တစ်ရာရွာဟောင်းရှိခဲ့ဖူးတဲ့ နေရာကပေါ့”

“မှန်ပါတယ်”

ဆရာမြက သူထင်သည့်အတိုင်းမှန်နေသဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

“ဘယ်လိုအကြောင်းကိစ္စရှိလို့ လာကြတာလဲ”

“တခြားတော့ မဟုတ်ပါဘူး၊ နေ့လည်က ဆရာကြီးဆီကို လူနှစ်ယောက် ရောက်လာပြီး ကျုပ်တို့ရွာကို လိုက်ခဲ့ဖို့ လာခေါ်တယ် မဟုတ်လား”

“မှန်ပါတယ်၊ အခြေအနေအရ လိုက်ခဲ့မယ်လို့ ပြောလိုက်ရပါတယ်”

“ဒါကြောင့် ဆရာကြီးကို အသိပေးသင့်တာတွေ ပေးရအောင်လို့ ကျုပ်တို့ လာခဲ့တာပါ”

ဆရာမြက ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု ကျွန်းညိုကြီးအတွင်းပိုင်းမှာရှိတဲ့ မဟော်ဂနီရွာဆိုတာ ရှေးက ကြောင်တစ်ရာရွာ ရှိခဲ့တဲ့ နေရာဟောင်းမှာ ရွာတည်ထား တာပါ၊ ကြောင်တစ်ရာရွာမှာ ရှေးကရှိခဲ့ဖူးတဲ့ ကြောင်နက်ကြီးက အခုတော့ မရှိတော့ပါဘူး၊ ဒါပေမယ့် ကြောင်နက်အမြုတေတော့ ရှိပါတယ်၊ ရန်သူမျိုးငါးပါး ဖျက်ဆီးမှာစိုးလို့ ကျုပ်တို့ တစ်နေရာမှာ ဝှက်ထားပါတယ်"

"အဲဒီလိုဝှက်ထားတော့ အကျိုးမရှိဘူး၊ ဒီလောက် အဖိုးတန်တဲ့ ပစ္စည်းကို တန်ဖိုးရှိအောင် အသုံးပြုရင် မကောင်းဘူးလား"

ဧည့်သည်ကြီးက အတန်ကြာအောင် စဉ်းစားနေပြီး ...

"ကောင်းပါတယ် ဆရာကြီး။ ဒါပေမယ့် ကျုပ်တို့က အဲဒီလို ကိစ္စမျိုးတွေကို မဆောင်ရွက်တတ်တော့ ဆရာကြီးပဲ စီစဉ်ပေးပါ"

ဟု ပြောလေသည်။

"ဒီကိစ္စကို လောဘသားတွေက သိသင့်သလောက် သိနေကြ ပြီ၊ ဒီ့ထက် ပိုသိလာရင် သူတို့အတွက် အန္တရာယ်ပိုများလိမ့်မယ်၊ သူတို့အနေနဲ့ လောဘစိတ်ကြောင့် အန္တရာယ်များတယ်ဆိုပေမယ့် ဒီအကုသိုလ်တွေက ကိုယ့်အပေါ်မှာ ကြွေမိုတင်လာဦးမယ်"

"မှန်ပါတယ်"

"မိတ်ဆွေကြီးတို့အနေနဲ့လည်း တာဝန်တစ်ခု လျော့သွားတာ ပေါ့၊ မဟုတ်ရင် ဒီပစ္စည်းရှိနေသမျှ နေ့စဉ်စောင့်ရှောက်နေရတဲ့ တာဝန်တွေ ပိုနေတာပေါ့၊ တစ်ခုတော့ ရှိတယ်၊ ဒီလိုကိစ္စမျိုး ဆောင် ရွက်တဲ့နေရာမှာ ကျုပ်ကိုယ်တိုင်လဲ ဆောင်ရွက်လို့ မသင့်ပေဘူး"





"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ယုံကြည်စိတ်ချရတဲ့ ကြားခံလူတစ်ယောက် တို့ မုချလိုလိမ့် မယ်၊ ဒီလောက်သိဒ္ဓိရှိနေတဲ့ ပစ္စည်းကိုမြင်ရင် ဘယ်သူမဆို လိုချင် မှာပဲ၊ ဒီတော့ ကြားက တာဝန်ယူပေးမယ့်လူက သစ္စာရှိဖို့တော့ လိုတယ်"

ဆရာမြ၏စကားကြောင့် ဧည့်သည်ကြီးမှာ အတန်ကြာ အောင် စဉ်းစားနေလေသည်။ အတန်ကြာမှ ...

"အခု ကျုပ်တို့ရွာမှာ အညာဘက်က ကုန်လာရောင်းတဲ့ လှေ တစ်စင်းတော့ ရောက်နေပါတယ်၊ လှေပေါ်မှာပါတဲ့ လူတွေက တော့ သဘောမနော ရိုးသားဖြူစင်ကြပါတယ်၊ သူတို့ကို အကူ အညီတောင်းကြည့်ရရင် ကောင်းမယ်ထင်တယ်"

"လူတွေရဲ့ အတွင်းသဘောကိုတော့ ကျုပ်တို့ထက် မိတ်ဆွေ ကြီးတို့က ပိုပြီး သိမှာပါ"

"သိပါတယ်၊ သူတို့တတွေက စိတ်သဘော ရိုးသားဖြူစင်တဲ့ လူတွေဖြစ်လို့ ကျုပ်တို့ရွာသားတွေ အားလုံးက လိုအပ်တဲ့အကူ အညီတွေ ပေးထားတာပါ"

"သူတို့ကရော၊ မိတ်ဆွေကြီးတို့ရဲ့ ဘဝမှန်တွေကို မရိပ်မိဘူး လား"

"သူတို့လှေသူကြီးက ဆေးဆရာကြီးတစ်ယောက်ပါ၊ ပရလော ကသားတွေနဲ့ ပတ်သက်တဲ့ ရောဂါတွေကိုတောင် ပျောက်အောင် ကုပေးနိုင်ပါတယ်၊ သူကတော့ ရိပ်မိဟန်တူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ ဒီလိုဆိုရင်လဲ ကျုပ်ရောက်လာတော့မှ အကဲခတ်ပြီး စီစဉ်ပေးပါ့မယ်၊ စိတ်ချလက်ချသာ ပြန်ကြပေတော့၊ ကျုပ်လဲ အခိဋ္ဌာန်ဝင်လိုက်ဦးမယ်"

"ကောင်းပါပြီ ဆရာကြီး"

ဧည့်သည်သုံးယောက်က ဆရာမြကို နှုတ်ဆက်ကာ ပြန်သွားကြလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်လောက်တွင် ကမ်းထိပ်သို့ ဇာမုန်းထန်တို့စက်လှေ ရောက်လာကာ ဆရာမြကို လာခေါ်လေသည်။ လှေပေါ်မှာ လှုပေါင်း (၁၅) ယောက်ခန့်ပါပြီး အားလုံးသေနတ်ကိုယ်စီပါကြလေသည်။

ဆရာမြလည်း ထွေထွေထူးထူး ပြောမနေတော့ဘဲ မိမိပစ္စည်းကလေးများ ထည့်ထားသော လွယ်အိတ်ကလေးကိုယူကာ ဇရပ်ပေါ်မှ ဆင်းလိုက်လာခဲ့လေသည်။

စက်လှေထဲသို့ ရောက်သောအခါ ရေစုန်အတိုင်း မောင်းခဲ့ကြလေသည်။ ဗိုလ်ကလေးမြို့ကျော်သည်နှင့် မြစ်ကမ်းတစ်ဖက် တစ်ချက်တွင် လယ်ကွင်းများသာ တွေ့ရတော့သည်။

အောင်လှိုင်ချွန်း၊ နတ်ချောင်း၊ သာစည်၊ ကပ္ပနန်း ရွာများကိုကျော်သည်နှင့် ကျွန်းညိုကြီးကို လှမ်းမြင်နေရပြီ။ နေ့လည်ဘက်အချိန်လောက်တွင် မပေါ်ဂနီ ချောင်းဝသို့ ရောက်ခဲ့ကြပြီး သူတို့ရောက်သွားသောအချိန်မှာ ချောင်းထဲမှာ ရေစစ်နေသောကြောင့် ချက်ချင်းဝင်၍ မရပေ။





သို့ကြောင့် ချောင်းဝမှာ ခေတ္တရပ်နားကာ ရွာမှထည့်ယူလာသော ထမင်းဟင်းများကို စားသောက်ကြသည်။ ဆရာမြကို ကျွေးသော်လည်း မစားပေ။

"ကျုပ်က အခိဋ္ဌာန်ဝင်နေတဲ့ ကာလမှာ သတ်သက်လွတ်ပဲ စားပါတယ်၊ မောင်တို့ပဲ စားကြပါ"

ဟု ပြန်ပြောလေသည်။ ထမင်းစားနေစဉ် ချောင်းရေက ပြန်တက်လာပြီး ချောင်းထဲမှာ ရေက တဖြည်းဖြည်းများလာလေသည်။

ရေသေရက် ချောင်းရေကလည်း နည်း၊ စက်လှေကလည်း အတန်ငယ်ကြီးသောကြောင့် တဖြည်းဖြည်းဝင်သွားကြရာ ညနေပိုင်း နေဝင်ကာနီးအချိန်ရောက်မှ ရွာရှိရာသို့ ရောက်သွားကြသည်။

ဇာမုန်းထန်က ထိုရွာကို တစ်ခေါက်ရောက်ဖူးပြီးသောကြောင့် ရွာလူကြီးဦးသီလ အိမ်ဆိပ်မှာပင် ဝင်ကပ်လေသည်။ သူတို့ရောက်လာတော့ ဦးသီလက အပြင်ထွက်လာသည်။

"ဆရာလေးတို့ပါလား၊ ဘယ်လိုကိစ္စများရှိလို့ ကျုပ်တို့ရွာကို ရောက်လာကြတာပါလဲ"

"ဟိုတလောက ဒီရွာကို သောင်းကျန်းသူတွေ ဝင်တယ်ဆိုတော့ နောက်တစ်ကြိမ်ရောက်လာကြဦးမယ် ထင်ပြီး ကျွန်တော်တို့ လာစောင့်ကြတာပါ"

"ဪ ... ကောင်းပါတယ်၊ ကောင်းပါတယ်"

"ဒီတော့ ကျွန်တော်တို့ ဒီမှာ တစ်ရက်နေတဲ့အချိန်မှာ သူကြီးကပဲ အစစအရာရာ တာဝန်ယူပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ဟုပြောကာ မောင်းထုလိုက်သောအခါ ရွာသူရွာသားများ ရောက်လာကြလေသည်။

"ဒီမှာ တို့ရွာကို စောင့်ရှောက်ဖို့ ဆရာလေးတို့အဖွဲ့ ရောက်လာကြတယ်၊ ရွာဖျားဘက်က လွတ်နေတဲ့ တဲမှာ နေရာချပေးလိုက်ကြပြော့၊ သူတို့အဖွဲ့တွေ စားရေးသောက်ရေးကိုလဲ ရွာသူရွာသားတွေက စုပေါင်းပြီး တာဝန်ယူပေးလိုက်ကြကွယ်"

"ကောင်းပါပြီ သူကြီး"

ဦးသီလက ပြောလိုက်သောအခါ ရွာသားအချို့က ဇာမုန်းထန်တို့တတွေကို ရွာထဲသို့ ခေါ်သွားလေသည်။ ဆရာမြကတော့ ဦးသီလနေအိမ်မှာပင် ကျန်ရစ်ခဲ့လေသည်။

"ဆရာကြီး၊ အခုလိုလိုက်လာတာ ကျုပ်ဖြင့် သိပ်ဝမ်းသာတာပဲ၊ ဒီအိမ်မှာပဲ တည်းပါ၊ ဘေးဥပါဒ်တစ်စုံတစ်ရာ မကျရောက်စေရပါဘူး"

"ကောင်းပါပြီ၊ မိတ်ဆွေကြီးပြောတဲ့ လူသမားတွေကို ခဏတွေ့စေချင်ပါတယ်"

"ကျုပ် သွားခေါ်ပေးပါ့မယ်"

ဟု ပြောကာ သမီးဖြစ်သူ မြနှင်းဖြူကို အခေါ် လွှတ်လိုက်ရာ ခဏကြာတော့ ဦးဇန်ကောင်းနှင့် နီမောင်တို့ အပေါ်တက်လာကြသည်။ ထို့နောက် ဦးသီလ၊ ဆရာမြနှင့် ဦးဇန်ကောင်းတို့က ရှေ့တွင်ပြုလုပ်ကြမည့် အစီအစဉ်များကို လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးကြလေတော့သည်။ ထိုအခိုက်မှာပင် နီမောင်ကို မြနှင်းဖြူက





အပြင်ဘက်သို့ ခေါ် ထုတ်လာသည်။

"ဘာလဲ မြနှင်းဖြူ"

"အစ်ကိုတို့ လှေပေါ်မှာ ပါတဲ့ကုန်ပစ္စည်းတွေ ရောင်းလို့ကုန်ပြီ မဟုတ်လား"

"ကုန်သလောက်ရှိနေပါပြီ၊ ဘာဖြစ်လို့ မေးတာလဲဟင်"

"ရောင်းစရာပစ္စည်းတွေ ကုန်ရင် အစ်ကိုတို့ ပြန်ကြရတော့မှာပေါ့နော်"

"မဟုတ်သေးဘူးလေ၊ ဒီက ရောင်းကုန်တွေ ကုန်သွားရင် အပြန်ကုန်တွေ ဝယ်တင်ရဦးမယ်၊ မြနှင်းဖြူနဲ့ ဟိုတလောက သွားခဲ့တဲ့ ချောင်းထဲသွားပြီး ငပိ၊ ငါးခြောက်တွေ သွားဝယ်တင်ရဦးမယ်၊ ဘာဖြစ်လို့ မေးတာလဲဟင်"

မြနှင်းဖြူက တွေတွေကလေး စဉ်းစားနေပြီး အတန်ကြာမှ

"အစ်ကိုပြန်ရင် ကျွန်မကို တစ်ခါတည်း ခေါ် သွားပါလားဟင်"

ဟု မဝံ့မရဲ ပြောလိုက်ရာ နီမောင်မှာ များစွာ အံ့သြသွားလေသည်။

"ဘယ်လိုပြောလိုက်တယ် မြနှင်းဖြူ၊ ကျွန်တော်တို့ပြန်ရင် မြနှင်းဖြူကို တစ်ခါတည်း ခေါ် သွားရမယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုကြောင့်လဲဟင်"

"အခုဆိုရင် ကျွန်မတို့နေတဲ့နေရာကို ရန်သူတွေ ရောက်လာကြပြီ၊ မကြာခင်မှာ အန္တရာယ်တွေ တစ်မျိုးပြီးတစ်မျိုး ရောက်လာတော့မယ်၊ ဒါ့ကြောင့် ကျွန်မတို့တစ်ရွာလုံးက ဒီနေရာက ရွှေ့ကြရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

"ဘယ် ... ဘယ်နေရာကို ရွှေ့မှာလဲဟင်"

"အဲဒါတော့ အဘ စီစဉ်မှာဆိုတော့ ကျွန်မတို့လဲ မသိရဘူး၊ ဒီနေရာကနေ ရွှေ့ရမှာတော့ သေချာတယ်"

"သောင်းကျန်းသူတွေ ရွာကို ရောက်လာလို့ နေရာရွှေ့တာလားဟင်"

"ဒါလဲပါတယ်၊ တခြားအန္တရာယ်တွေလဲ ရှိနေလို့ နေမှာပေါ့၊ ကျွန်မတို့က အဲဒါတွေကို သိပ်မသိပါဘူး၊ ကျွန်မ အခုသိတာက ဒီနေရာမှာ မနေခဲ့ချင်တော့ဘူး၊ အစ်ကိုတို့ပြန်ရင် လိုက်ခဲ့ချင်တယ်၊ ကျွန်မကို ခေါ်သွားပါနော်"

"မိန်းကလေးတစ်ယောက်ကို ဒီအတိုင်းခေါ်သွားလို့တော့ မသင့်ဘူးထင်တယ်၊ မြနှင်းဖြူ လိုက်ခဲ့ချင်တယ်ဆိုရင် ကျွန်တော်က လူကြီးတွေကို ခွင့်တောင်းပြီးတော့ လက်ထပ်ယူပြီးမှ ခေါ်သွားမှ သင့်မှာပေါ့"

ထိုစကားကြားသောအခါ မြနှင်းဖြူက ခေါင်းကလေးငုံ့သွားပြီး

"ဒါကတော့ အစ်ကိုသဘောပေါ့"

ဟု ခပ်တိုးတိုးပြောလိုက်လေသည်။

"ဒါထက် ကျွန်တော်က လက်ထပ်ခွင့်တောင်းရင်ရော မြနှင်းဖြူက လက်ခံမှာလားဟင်"

"အစ်ကို့နောက်ကိုတောင် လိုက်ခဲ့ပါ့မယ်လို့ ပြောနေတဲ့သူကို လက်ထပ်ခွင့်တောင်းနေရသေးလား အစ်ကိုရယ်"





"ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ ကျွန်တော်ကလဲ ဒီကို စရောက်လာကတည်းက မြနှင်းဖြူကို မြင်မြင်ချင်းပဲ စိတ်ဝင်စားနေတာ၊ မြင်မြင်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်မှာစိုးလို့ ဖွင့်မပြောဖြစ်တာ၊ မြနှင်းဖြူဆီက အခုလိုကြားရတော့ ကိုယ်ဖြင့် သိပ်ဝမ်းသာတာပဲ"

ဟု ဝမ်းသာအားရပြောကာ မြနှင်းဖြူလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။

"ဒါဖြင့် အစ်ကိုက ကျွန်မကို တကယ်ချစ်တာပေါ့နော်"

"ချစ်တာပေါ့ မြနှင်းဖြူရဲ့၊ မြင်မြင်ချင်းကို ချစ်နေမိတာ"

"ကျွန်မကလဲ အစ်ကို့လိုပါပဲလေ၊ ရှေးရှေးဘဝက ရေစက်ကြောင့်ပဲ ထင်ပါရဲ့၊ အစ်ကို့ကို စတွေ့ကတည်းက စိတ်ထဲမှာ ရင်းနှီးနေသလို ခံစားရတယ်"

"ဒီလိုဆိုရင် ကိုယ်တို့နှစ်ယောက်က ရှေးဘဝက ရေစက်ပါလို့ စိတ်ချင်းတိုက်ဆိုင်တာပဲ ဖြစ်မှာသေချာပါတယ်၊ ကဲ ... ဒီလိုဆိုရင် ကိုယ် အဘတို့ကို ဖွင့်ပြောပြီး မပြန်ခင် အမြန်ဆုံး လက်ထပ်ဖြစ်အောင် စီစဉ်လိုက်တော့မယ်နော်"

"အစ်ကို့သဘောပါပဲ"

နီး၊ ကင့်ရင်ထဲမှာတော့ မမျှော်လင့်ဘဲ ချစ်သူထံမှ အဖြေသိရရုံမက လက်ထပ်ခွင့်ပါ ရလိုက်သဖြင့် အပျော်ကြီး ပျော်နေလေတော့သည်။

သို့သော် ..........။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

ဦးဗန်ကောင်းပြောပြသည့် ပရလောကသားများအကြောင်း

သို့စေကာမူ နီမောင်တို့အတွက် အခက်အခဲ အတားအဆီးများက တစ်ခုပြီးတစ်ခု ပေါ်လာလေတော့သည်။ အစက ထိုအကြောင်းကို ဖွင့်ပြောလိုက်လျှင် အဆင်ပြေချော်မွေ့သွားမည်ဟု မျှော်လင့်ထားသော်လည်း ဦးဗန်ကောင်းကို ဖွင့်ပြောလိုက်သည်နှင့် များစွာ အံ့ဩသွားလေသည်။

"မင်းက သူ့ကို လက်ထပ်မလို့ ဟုတ်လား နီမောင်"

"ဟုတ်တယ် အဘ၊ သူနဲ့ကျွန်တော် လက်ထပ်ဖို့ ပြောဆိုပြီးကြပြီ"

ဦးဗန်ကောင်းက ဘာမှ ထပ်မပြောတော့ဘဲ ကွမ်းအစ်ကို ဖွင့်၍ ကွမ်းကိုသာ တွင်တွင်ယာနေတော့သည်။ အတန်ကြာမှ ကွမ်းယာကို ပါးစပ်တွင်းသို့ ထည့်လိုက်ပြီး ...





"မင်းက လက်ထပ်ဖို့ဆုံးဖြတ်ထားတော့ သူတို့အကြောင်းတွေကို ဘယ်လောက်များ သိထားလို့လဲ"

ဟု မေးလိုက်သည်။

"ကျွန်တော် သိသမျှကတော့ မြနှင်းဖြူက သဘောမနောကောင်းတယ်၊ ရုပ်ရည်ချောတယ်၊ အိမ်ထောင်မရှိသေးတဲ့ လူလွတ်တစ်ယောက်ဆိုတာလောက်ပဲ သိတာပါ၊ တခြားတော့ သိပ်မသိပါဘူး"

ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်း ငါနဲ့အတူ သွားလာနေတာလဲ ကြာပြီ၊ တော်ရုံကိစ္စတွေလောက်တော့ ရိပ်မိဖို့ ကောင်းတာပေါ့၊ ဟိုတလောက ပိုက်တိုးမိနေလို့ မလှုပ်နိုင်အောင်ဖြစ်နေတဲ့ လူနှာမျိုးတွေပေါ့၊ သာမန်လူတစ်ယောက် ပိုက်ကလေးပတ်နေရုံနဲ့ ဘာဖြစ်မှာလဲ၊ ဖြုတ်ပစ်လိုက်မှာပေါ့၊ အဲဒါကို မင်းမသိဘူးလား"

"ဆေးကုရာက ပြန်လာတော့ အဘ ပြောပြလို့ နည်းနည်းတော့ ရိပ်မိပါတယ်"

"ရွာထဲကို သောင်းကျန်းသူတွေ ရောက်လာတော့ ကြောင်နက်တွေ အများကြီးရောက်လာပြီး တိုက်ခိုက်တာကိုရော၊ တောထဲက ကြောင်တွေရောက်လာပြီး တိုက်ခိုက်တယ်လို့များ ထင်နေသလား"

"အင်း ... ဆန်းကြယ်တာတော့ အမှန်ပဲ"

"တကယ်တော့ အဲဒါတွေဟာ တိုက်ဆိုင်လို့ ဖြစ်နေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ကမ္ဘာဇိတ္တိတန်ခိုးနဲ့ ဖန်ဆင်းလို့ ဖြစ်ပျက်နေကြတာတွေချည်းပဲ"

"ဘယ်သူတွေက ဖန်ဆင်းတာလဲဟင်"

"ပရလောကသားတွေက ဖန်ဆင်းတာပေါ့"

"ဟင် ...."

ထိုစကားကြောင့် နီမောင်မှာ များစွာ အံ့သြသွားလေသည်။

"မင်း အစကတည်းက အဲဒါတွေကို ရိပ်မိဖို့ ကောင်းတာပေါ့၊ ဒီရွာမှာ ကြောင်နက် အမြဲတစေရှိနေတယ်ဆိုတာ သိလို့ မရောက်ရောက်အောင် လာခဲ့ဘာ"

"ဒါဖြင့် အဘ ဒီအကြောင်းတွေကို အစကတည်းက သိနေတယ်ပေါ့"

"မသိဘဲ ရှိပါ့မလားကွ၊ ဒီကိစ္စတွေက သတိထားကြည့်ရင် သိနိုင်တာတွေ အများကြီးရှိတာပဲ၊ မင်းက သတိမထားမိလို့ပေါ့"

"ဒါဖြင့် သူတို့က ကျွန်တော်တို့ကို ဒုက္ခပေးတော့မှာပေါ့နော်"

"ပရလောကသားတိုင်းတော့ လူတွေကို ဒုက္ခမပေးပါဘူး၊ လူတွေကို အကျိုးပြုတဲ့ ပရလောကသားတွေလဲ အများကြီးရှိတာပဲ"

"ပရလောကသားတွေနဲ့ ပတ်သက်လို့ ကျွန်တော့်ကို နည်းနည်းလောက် ရှင်းပြပေးပါ အဘ"

"ပရလောကဆိုတာ လူ့ဘုံလို ရုပ်နဲ့နာမ် တွဲနေတာမျိုး မဟုတ်ဘဲ ရုပ်မရှိဘဲ နာမ်ကြီးပဲရှိတဲ့ ဝိညာဉ်ဘုံသားတွေကို ခေါ်တာပဲ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံရှိတဲ့ နေရာမှာ လူ့ဘုံတစ်ခုပဲ ရုပ်နဲ့နာမ် ရှိ





တယ်၊ ကျန်တဲ့ဘုံတွေက ရုပ်ရှိပြီး နာမ်မရှိတဲ့ဘုံ၊ နာမ်ချည်းပဲရှိပြီး ရုပ်မရှိတဲ့ဘုံတွေချည်း ရှိတယ်"

"ဒါဖြင့် နတ်ဗြဟ္မာတွေကိုလဲ ပရလောကသားတွေလို့ ခေါ်တာပဲလား အဘ"

"ဒီကိုလဲ ပြောလို့ မသင့်ပေဘူး၊ သူ့အဆင့်နဲ့သူ တန်ခိုးဣဒ္ဓိပတ်နဲ့သူ အဆင့်အတန်းချင်း အများကြီး ကွာခြားတာတွေ ရှိတယ်၊ မကောင်းမှုတွေလုပ်လို့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စတဲ့ အပယ်လေးဘုံမှာ ရှိတဲ့ ပရလောကသားတွေနဲ့ ကောင်းမှုကုသိုလ်ကံကြောင့် နတ်ဘုံ၊ ဗြဟ္မာဘုံ ရောက်တဲ့သူချင်းကတော့ အဆင့်ချင်း ဘယ်တူပါ့မလဲ၊ နတ်ဘုံ၊ ဗြဟ္မာဘုံမှာတောင် နတ်ချင်း၊ ဗြဟ္မာချင်း မတူနိုင်သလို ကျန်တဲ့ ဘုံတွေမှာလဲ ဘယ်တူနိုင်ပါတော့မလဲ၊ ဥပမာ သိုက်စောင့်တွေဆိုရင် ကိုယ့်ပစ္စည်းဥစ္စာကို တပ်မက်စိတ်နဲ့ သိုက်စောင့်ဖြစ်နေတာနဲ့ ဘုရားပစ္စည်းတွေကို စောင့်ရှောက်နေရတဲ့ သိုက်တွေရဲ့တန်ခိုးဣဒ္ဓိပတ်ချင်းကတော့ ဘယ်တူနိုင်ပါ့မလဲ၊ ငါ လေ့လာဖူးတဲ့ ကျမ်းတွေထဲမှာလဲ ဒီအတိုင်းပဲ ရေးထားတာပဲ"

မာဂဓ အဘိဓာန်ကျမ်းနှင့် သက္ကဋဘာသာ အမရကောသ အဘိဓာန် ကျမ်းနှစ်စောင်၌မူ ....

သိဒ္ဓေါ – အကျိုးပြီးစီးကြောင်းကို ပြောဟောတတ်သောနတ်။

ဘူတော – စကားစမြည် ဆိုလို၍ အခေါ်ဖုဓ၊ ဥဒ္ဓမုခ အစရှိသော နတ်။

ဂန္ဓဗ္ဗော – ပန်းနံ့သာ အမွှေးအကြိုင်တို့ကို သုံးဆောင်လို၍ ကျူး



www.burmeseclassic.com

www.burmeseclassic.com



ကခုန်လိုသော ဟာဟာ၊ တုံ့ဟုံ့ အစရှိသော နတ်။

ရယှာတော - ရွှေအိုးငွေအိုးတို့ကို ကွယ်ဝှက်လိုသော မာဏဝိဘဒြ စသော နတ်။

ယက္ခ - ပသပ္ပဓော်အပ်သော ကုဝေရ စသော နတ်။

ယက္ခသာ - ကိုယ်ကို လုံခြုံအောင်၊ ပြုရာပြုကောင်းသော၊ ခြိမ်းခြောက်တတ်သော ကြောက်မက်ဖွယ်ရှိသည့် ဝိဘိသန စသော ယက္ခိုက်။

ကုမ္ဘဏ္ဍော - အိုးပမာဏရှိသော ဘုမ္ဘဏ်။

ပိသာစာဒိ - အသွေးအသား စသည်တို့ကို စားတတ်သောမြေဖုတ်ဘီလူး။

ဣမေ - ဤသည်တို့ကို ဒေဝယောနိသော နတ်မျိုးတို့ ဟူ၍ ပြအပ်ကုန်၏။

ဝိဇ္ဇာဓိုရ်နှင့် သုရဇေဝသီနတ်တို့ကို လူနှင့် အနီးအစပ် ဖြစ်သောနတ် ဟူ၍လည်းကောင်း။ ၎င်းတို့သည် တုန်လှုပ်ပူးဝင်တတ်သောငယ်အောင် ကြီးအောင် အမျိုးမျိုး ဖန်ဆင်းတတ်သောကြောင့် နတ်မျိုး၌ သွင်းရကြောင်း အဘိဓာန်ဋီကာတို့၌ ဖော်ပြထားသည်။

၎င်းနတ်တို့သည် တစ်ခါတစ်ရံ ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်းပြုသောကြောင့် တဇ္ဇ၊ တဇ္ဇေဟူ၍လည်း ခေါ်ဝေါ်သမုတ်ကြသည်။

တဇ္ဇေတိ - ခြောက်လှန့်တတ်၏။

တသာပေတိ- ထိတ်လန့်စေတတ်၏။





ထို့ကြောင့် တဇ္ဇေ = တဇ္ဇေမည်၏ဟု ဖော်ပြထားသည်။

နာမ်သာရှိ၍ ရုပ်မရှိသော ဝိညာဉ်သို့မဟုတ် ပရလောကသားများကတော့ လောက၌ လယ်ကွက်ထဲ နှမ်းကြဲထားသကဲ့သို့ အများအပြားရှိလေသည်။

လူသာမန်တို့ မျက်စိဖြင့် မမြင်အပ် မမြင်ထိုက်၍ မမြင်ရသော်လည်း လူတို့ဝန်းကျင်၌ မြောက်များစွာ ရှိကြကုန်၏။

"ဒါဖြင့် ဒီရွာမှာရှိတဲ့လူတွေက ဘယ်လိုအမျိုးအစားတွေလဲ အဘ"

"ငါသိသမျှပြောရရင် ရှေးတုန်းက ဒီနေရာမှာ ကြောင်တစ်ရာရွာကြီးရှိခဲ့တယ်၊ ဒီရွာမှာ နေကြတဲ့လူတွေဟာ စီးပွားဥစ္စာ ပြည့်စုံကြတယ်၊ ရွာလူကြီးရဲ့အမည်က ဦးသီလ၊ သူ့ရဲ့ဇနီးက ဒေါ်နှင်းကြူလို့ ခေါ်တယ်"

"သူတို့မှာ သမီးနှစ်ယောက်ရှိတယ်၊ အကြီးက မြနှင်းဖြူ၊ အငယ်မက မြသင်းကြူလို့ ခေါ်တယ်"

"ဟင် ..."

"ဦးသီလမှာ ကြောင်နက်ကြီးတစ်ကောင်ရှိတယ်၊ မျက်လုံး နှစ်ဖက်က အမြဲတောခတ်ပါလို့ သိဒ္ဓိရှိတယ်၊ သူတို့နေတဲ့ရွာကို ဘယ်လိုရန်သူမျိုးကမှ မဖျက်ဆီး မနှောင့်ယှက်နိုင်ဘူး၊ အဲဒီခေတ်အခါက ဒီကျွန်းပေါ်မှာ လူနေတဲ့ရွာဆိုလို့ သူတို့တစ်ရွာပဲ ရှိတယ်၊ ဒီရွာက လူတွေက ချမ်းသာမှန်းသိတော့ တခြားအရပ်ဒေသက သူခိုးဓားပြတွေ လာကြတယ်၊ ဒါပေမယ့် ရွာရောက်လာရင် ရွာသူရွာ



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို တစ်ယောက်မှမတွေ့ရဘဲ ကြောင်နက်တွေထွက်လာပြီး တိုက်ခိုက်လို့ ခွေးပြေးဝက်ပြေး ထွက်ပြေးကြရတယ်”

“အတော်ဆန်းကြယ်တာပဲ”

“နောက်တော့ ဘယ်သူခိုးဓားပြမှ မလာဝံ့ကြတော့ဘူး၊ မြန်မာပြည်ကို အင်္ဂလိပ်တွေ အုပ်စိုးစဉ်ကာလကတည်းက ကြောင်နက်အမြုတေရှိတယ်လို့ သတင်းကြားလို့ လာရှာကြတယ်၊ ဒီလိုပဲ လူတွေကို မတွေ့ရဘဲ ကြောင်နက်တွေ ထွက်လာပြီး တိုက်ခိုက်လို့ ထွက်ပြေးကြရတယ်၊ ဒါ့ကြောင့် အဲဒီရွာကို ကြောင်တစ်ရာရွာလို့ အမည်တွင်ခဲ့တာပဲ”

“နောက်တော့ ဘယ်လိုဖြစ်သွားကြသလဲ အဘ”

“နှစ်ပေါင်းများစွာကြာတော့ ကြောင်နက်ကြီး သေသွားတယ်၊ ကိုယ်က သေသွားပေမယ့် အမြုတေရှိတဲ့ ခေါင်းကတော့ မသေဘူး၊ ဒါ့ကြောင့် ဦးသီလတို့က ကြောင်နက်အမြုတေကို မသမာသူတွေ ဖျက်ဆီးမှာစိုးလို့ တစ်နေရာမှာ ဝှက်ထားလိုက်ကြတယ်”

“အဲဒီနောက်တော့ ...”

“ကြောင်နက်ကြီးသေသွားပြီးတဲ့နောက်မှာ ကြောင်တစ်ရာရွာကို ပလိပ်ရောဂါကြီး ဝင်လာတော့တယ်၊ ရွာသူရွာသားတွေဟာ သူတို့တစ်ရွာလုံး သေကြေပျက်စီးမှာကို သိတာနဲ့ တစ်ရွာလုံးမှာရှိတဲ့ ဥစ္စာပစ္စည်းတွေကို စုပြီး မြှုပ်နှံသိမ်းဆည်းခဲ့ကြတယ်”

“သနားစရာပါပဲ အဘရယ်”

“ဒီ့ထက်သနားစရာကောင်းတာက သူတို့တစ်ရွာလုံးက မြှုပ်နှံ





ထားတဲ့ ကြောင်နက်အမြုတေနဲ့ ဥစ္စာပစ္စည်းတွေကို စွဲလမ်းပြီးတော့ ပရလောကသားတွေ ဖြစ်ခဲ့ကြရတယ်”

“အဘကို ဒီအကြောင်းတွေ ဘယ်သူပြောတာလဲဟင်”

“ဟိုတစ်ညက ဆရာမြရောက်လာတော့ ငါရယ်၊ ဦးသီလရယ်၊ ဆရာမြရယ် သုံးယောက်ဆုံတဲ့အခါမှာ ဦးသီလက သူတို့ဘဝဖြစ်စဉ်တွေကို အကြောင်းစုံပြောပြလို့ သိခဲ့ရတာပါ”

“ဒါ ... ဒါဖြင့် ကျွန်တော် ဘယ်လိုလုပ်ရမလဲဟင်”

“မင်းက ဘယ်လိုလုပ်ချင်လို့လဲ”

“ကျွန်တော်ကတော့ မြနှင်းဖြူကို မခွဲချင်တော့ဘူး၊ လက်ထပ်ပြီး တစ်ခါတည်းခေါ်သွားဖို့ ဆုံးဖြတ်ထားပြီးပြီ”

“မင်း သေသေချာချာ စဉ်းစားပြီးပြီလား”

“ကျွန်တော် သေသေချာချာ ဆုံးဖြတ်ထားပါတယ်၊ သူ့ကို တစ်ရက် တစ်နာရီပဲဖြစ်ဖြစ် ပေါင်းရပါစေ၊ ကျွန်တော် လက်ထပ်မယ်”

“အခန့်မသင့်ရင် မင်း အသက်ပေးရတယ်ဆိုတာရော နည်းနည်းမှ မစဉ်းစားမိဘူးလား”

“ဒီလိုအသက်ပေးရလဲ ကျွန်တော် မကြောက်ပါဘူး ပေးဝံ့ပါတယ်”

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ကွမ်းတံတွေးကို အပြင်ဘက်သို့ လှမ်းထွေးလိုက်ပြီး နီမောင်ကို တစ်ချက်ကြည့်လိုက်သည်။

‘အေးလေ၊ မင်းကိုလဲ အပြစ်မဆိုသာပါဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့ ဒီလိုအဖြစ်မျိုးတွေက ရှေးကတည်းက မရေမတွက်နိုင်အောင် ရှိခဲ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်သည်။

"ဟင် ... ဒီလိုအဖြစ်မျိုးတွေက အများကြီးရှိတယ် ဟုတ်လား၊ ကျွန်တော့်ကို တစ်ခုနှစ်ခုလောက် ပြောပြပါ အဘ"

"ငါ ဆေးဆရာဘဝနဲ့ အနယ်နယ်အရပ်ရပ်လှည့်ပြီး ဆေးကုတုန်းက မြင်ခဲ့ ကြားခဲ့ရတာတွေကို မင်းကို ပြောပြမယ်"

ဟု အစချီကာ အောက်ပါ အကြောင်းအရာအချို့ကို ပြောပြလေသည်။

သထုံဒိစတြိတ်၊ ဘားအံမြို့အပိုင် ကော့ကွန်းရွာအနီးရှိ ကော့ကွန်းဂူထဲတွင် သီလသမာဓိနှင့် ပြည့်စုံသော ဘုန်းတော်ကြီးဦးသောမ သီတင်းသုံးနေထိုင်လေသည်။

၎င်းထံတွင် ကျောင်းသားအဖြစ်နေသော မောင်ရင်မောင်သည် အသက် ၁၈ နှစ်အရွယ်ခန့်ရှိကာ လူပျိုပေါက်အရွယ် ရှိလေသည်။

တစ်နေ့တွင် မောင်ရင်မောင်သည် ဂူထဲမှ ရွှေလက်စွပ်တစ်ကွင်း ကောက်ရသည်မှ အစပြုကာ မိန်းမပျိုတစ်ဦးနှင့် ဆုံစည်းလေသည်။ ထိုမိန်းမပျို၏ အမည်မှာ မရွှေမိ ဖြစ်သည်။

လူငယ်တို့သဘာဝ တွေ့ဖန် မြင်ပါများသောအခါ ချစ်ကြိုက်သွားကြလေသည်။ ထိုအချိန်မှစ၍ မောင်ရင်မောင်သည် နေ့စဉ်လိုလို နေဝင်ကာနီးအချိန်ရောက်သည်နှင့် ဂူထဲမှ ပျောက်ပျောက်သွားလေရာ ဘုန်းတော်ကြီးက သတိပြုမိသဖြင့် မေးလေသည်။

"ဟဲ့ ရင်မောင်၊ နေဝင်ကာနီးအချိန်ရောက်ရင် ဘယ်ပျောက်နေတာလဲ ဟဲ့"





"တပည့်တော် ဂူထဲဝင်ပြီး ပုတီးစိပ်နေလို့ပါဘုရား"

"အေး ...အေး ကောင်းတယ်"

တစ်နေ့တော့ မောင်ရင်မောင်မရှိခိုက် ၎င်းနေသော အခန်းထဲသို့ ဝင်ကြည့်ရာ ရွှေလက်စွပ်တစ်ကွင်းကို တွေ့ရာမှ သင်္ကာမကင်းရှိလေသည်။ သို့ကြောင့် နောက်တစ်နေ့တွင် မောင်ရင်မောင် ပျောက်သွား သောအချိန်တွင် နောက်မှ လိုက်ကြည့်ရာ ဂူထဲတွင် မိန်းမပျိုတစ်ဦးနှင့်အတူ တွေ့ရသဖြင့် ချောင်းဟန့်သံပေးလိုက်ရာ မိန်းကလေးလည်းပျောက်၊ ဘုန်းကြီးလက်ထဲမှာ ကိုင်ထားသော လက်စွပ်လည်း ပျောက်သွားလေတော့သည်။

မောင်ရင်မောင်လည်း သတိမေ့ကာ လဲကျသွားလေတော့သည်။ သို့ကြောင့် ကျောင်းရောက်အောင် ပြန်ခေါ်လာပြီး မောင်ရင်မောင်၏ မိဘများကို မှာ၍ အကြောင်းစုံပြောပြကာ ပြန်ထည့်လိုက်သည်။ ရွာသို့ ရောက်သောအခါ ဆရာများနှင့် ကုသော်လည်း မပျောက်ဘဲ ရှမ်းဆရာကြီးတစ်ယောက်နှင့် တွေ့မှ ကုသသောအခါ အိမ်သားတစ်ယောက်ကို ပူးကပ်၍ ဝင်ပြောလေသည်။

"ကျွန်မတို့ချစ်ခြင်းကို မဖျက်ဆီးကြပါနဲ့၊ ကျွန်မမှာ လွတ်လွတ်လပ်လပ်မဟုတ်၊ ကလေးတစ်ယောက်ပင် ရနေပါပြီ၊ အကယ်၍ မယုံလျှင် ဂူထဲကို လာရောက်ကြည့်ကြပါ"

ဟု ပြောဆိုလေသည်။

ရှမ်းဆရာကြီး ကုပေးသဖြင့် အတန်ငယ် သက်သာပျောက်ကင်းသွားသော်လည်း ရှင်းရှင်းပျောက်ကင်းသွားသည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နောက်အခါ ဦးဇန်ကောင်းက ထိုနယ်ဘက်သို့ ရောက်သွား နိုက်ကြုံကြိုက်သဖြင့် ကုသပေးခဲ့ရသေးသည်။

ဦးဇန်ကောင်း ပြန်လာပြီးနောက်ပိုင်း သိပ်မကြာမီမှာပင် မော ရင်မောင်တစ်ယောက် ဇရပ်ပေါ်မှာ ဥပုသ်သီတင်းသီလ ဆော တည်ပြီး နေ့လည်ဘက် ခေတ္တအိပ်ရာမှ အသက်ဆုံးပါးသွားကြော ကြားသိရလေသည်။

နောင်သောအခါ ရွာသားများက ဂူအတွင်းပိုင်းသို့ ဝင်ကြည့် ကြသောအခါ ဥစ္စများ သိုလှောင်ထားခဲ့ဟန်ရှိသည့် ကျောက်ခွ များ၊ ကျောက်သေတ္တာများ၊ ဘုရားရုပ်ပွားတော်များနှင့် ရေကန်ငယ် တစ်ကန်ကိုသာ တွေ့ကြရလေသည်။

မောင်ရင်မောင်တစ်ယောက် နေ့ဇေ့ကံကုန်၍ သေဆုံးသွ လေ လား။ ဒါမှမဟုတ် သူချစ်သူ မရွှေမိက လာခေါ်သွားလေ သလား ဆိုတာကိုတော့ ဘယ်သူမှ အတပ်မသိနိုင်တော့ပြီ။

"ငါ့အတွေ့အကြုံအရ ပြောရရင် လူစင်စစ်မဟုတ်တဲ့ ပရလေ ကက လူတွေနဲ့ အကြောင်းဆက်မိတဲ့လူမှန်သမျှ နောက်ဆုံး ပူဆွေ သောက ရောက်ကြရတာများတယ်၊ အဲဒါကိုတော့ မင်း စဉ်းစ စေချင်တယ် နီမောင်"

"ကျွန်တော် သူ့ကို လက်ထပ်ပါ့မယ်လို့ ကတိပေးပြီးပြီ အာ ပေးထားတဲ့ ကတိကို ပြန်မဖျက်ချင်တော့ဘူး၊ သူနဲ့ တစ်ရက် ပေါင်းရပေါင်းရ နောက်မဆုတ်ချင်တော့ဘူး"

"အေးလေ၊ လောကမှာ အမြင့်ထန်ဆုံးက အချစ်စိတ်ပဲ၊ အချ





စိတ် ထိပ်တက်နေမှတော့ ဘယ်လိုမှ တားလို့ရမယ် မထင်တော့ ဘူး။ မင်းတို့နှစ်ယောက်အတွက် ကံကောင်းပါစေလို့ပဲ ငါ ဆုတောင်း ပေးရတော့မှာပဲ"

ဟု ပြောကာ စကားစကို ရပ်ကာ အိပ်ရာဝင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

### မဟော်ဂနီရွာ၏ နိဂုံး

ဓာမုန်းထန်တို့ကို နေရာချပေးထားသော နေရာမှာ ရွာများဘက်ရှိ တဲကြီးတစ်လုံးအတွင်း၌ ဖြစ်လေသည်။ ထိုတဲကြီးမှာ လူမနေတာ အတော်ကြာပြီဖြစ်သောကြောင့် ဟောင်းနွမ်းလျက်ရှိသည်။ လေးဘက်လေးတန် သစ်သားတိုင်များ စိုက်၍ ဝါးကပ်များကာရံထားပြီး အမိုးကို ဓနိပျစ်များ မိုးထားလေသည်။

ရွာနှင့်တစ်ဆက်တည်း ဖြစ်သော်လည်း လူနေအိမ်များနှင့် သိပ်မနီးသည်က ကစ်ကြောင်း၊ ပတ်ဝန်းကျင်မှာ တောများက အုပ်ဆိုင်းနေသောကြောင့် နေ့အခါ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

"ဆရာ၊ ကျွန်တော်တို့ ဒီရွာမှာ ဘယ်လောက်ကြာမှာလဲ"

ဓာမုန်းထန်၏ လက်ထောက် ထွန်းခက မေးသည်။

"ငါ သိချင်တာသိရဖို့အတွက် နှစ်ရက်သုံးရက်တော့ နေရမှာပေါ့ကွ၊ ဘာဖြစ်လို့လဲ"





"ဒီနေရာက သူပုန်တွေ စခန်းချတဲ့နေရာနဲ့ နီးတယ်၊ အချိန်မရွေး သူတို့ ရောက်လာနိုင်တယ်"

"လာတော့လဲ ဘာမှုစရာရှိသလဲကွာ၊ သူက သေနတ်နဲ့လာသလို ကိုယ့်မှာလဲ သေနတ်ရှိတာပဲ၊ ဘာကြောက်စရာရှိသလဲ"

"ကြောက်လို့ပြောတာ မဟုတ်ဘူး ဆရာ၊ သူတို့နယ်မြေထဲဆိုတော့ ကျွန်တော်တို့ ထွက်ပေါက်ပိတ်သွားမှာစိုးလို့ သတိပေးတာပါ၊ ဒါထက် ဆရာ ဒီရွာကို လာတဲ့ ရည်ရွယ်ချက်ကို တစ်စွန်းတစ်စလောက်ပဲ သိရသေးတယ်၊ ကျွန်တော် ကြားတာက ကြောင်နက်အမြီးတွေ လာရှာတယ်ဆိုလားပဲ"

"ဟုတ်တယ် ထွန်းခရဲ့၊ ငါ ဒီရွာကိုလာတာ သောင်းကျန်းသူတွေကိုလဲ စုံစမ်းရင်း ငါ လိုချင်တဲ့ ကြောင်နက်အမြီးတွေလဲ ရှာရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးနဲ့ လာခဲ့တာပဲကွ"

"ကြောင်နက်အမြီးတွေက ဘာတွေစွမ်းသလဲ ဆရာ"

"စွမ်းတာတွေကတော့ အများကြီးပေါ့၊ သေနတ်ပြီး၊ ဓားပြီး၊ ကာယသိဒ္ဓိ အားလုံးပြီးနိုင်တယ်"

"သေနတ်ပြီးတယ်ဆိုရင် ဟန်ကျတာပေါ့၊ ဘယ်လိုရန်သူမျိုးနဲ့ တွေ့တွေ့၊ ကိုယ်က ကြောက်စရာမလိုတော့ဘူးပေါ့၊ ဒါထက် ဆရာ လိုချင်တဲ့ ကြောင်နက်အမြီးတွေက ဒီရွာမှာရှိတာရော သေချာရဲ့လား ဆရာ"

'သတင်းကြားရတာတော့ ဒီရွာမှာရှိတာ သေချာတယ်"

"ဘယ်သူ့ဆီမှာလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာလူကြီး ဦးသီလတို့ ဝှက်ထားတယ်လို့ သတင်း အတိအကျ ရထားတယ်"

"သူတို့က ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းကို အလွယ်တကူ ထုတ်ပေးပါ့မလား ဆရာ"

"ဒါကတော့ ရနိုင်တဲ့နည်း ရှာရမှာပေါ့ကွာ"

"အကြမ်းနည်းသုံးလို့ ကောင်းပါ့မလား ဆရာ၊ အခုဆိုရင် ကျွန်တော်တို့ ဒီရွာကို ရောက်ကတည်းက စားရေးသောက်ရေးက အစ သူတို့ကပဲ တာဝန်ယူပေးနေတာ မဟုတ်လား၊ သူ့သမီးနှစ်ယောက်ဆိုရင် စားရေးသောက်ရေး လိုလေသေးမရှိအောင် လုပ်ပေးနေကြတာပါပဲ၊ ဒါထက် ရွာလူကြီးရဲ့ သမီးနှစ်ယောက်စလုံးက အတော်လေး ချောတယ်နော် ဆရာ"

ဇာမုန်းထန်က ဘာမှမပြောဘဲ ရှေ့မှာချထားသော အရက်ခွက်ကို ယူ၍ မော့သောက်လိုက်သည်။ သူတို့ ရွာရောက်တာ နှစ်ရက်ခန့်ရှိပြီဖြစ်သော်လည်း သူ သိချင်သော ကြောင်နက်အမြုတေနှင့် ပတ်သက်သော အကြောင်းများကို မယ်မယ်ရရ ဘာမှမသိရသေးပေ။ ရွာသူရွာသားများကို မေးမြန်းကြည့်တော့လည်း ဘယ်သူကမှ မပြောချင်ကြပေ။

"ကျုပ်တို့ မသိဘူး"

"ကျွန်မတို့ မသိဘူး"

ဟုသာ အားလုံးက အဖြေပေးကြလေသည်။

ရွာလူကြီး ဦးသီလကတော့ ၎င်းတို့လူစုအတွက် စားသောက်





ရေးကို ရွာသူရွာသားများကို အလှည့်ကျတာဝန်ပေးထားရာ မနက်တစ်ကြိမ်၊ ညနေစောင်းတစ်ချိန်၌ ထမင်းနှင့်ဟင်းများ မှန်မှန်လာပို့ပေးလေသည်။

ထမင်းပို့ချိန်တွင် တစ်ခါတစ်ရံ မြနှင်းဖြူသော်လည်းကောင်း၊ တစ်ခါတစ်ရံ မြသင်းကြူသော်လည်းကောင်း ပါလာပြီး တစ်ခါတစ်ရံမှာလည်း အခြားသူများ လိုက်လာလေ့ရှိသည်။

မြနှင်းဖြူတို့ ညီအစ်မနှစ်ဦးကတော့ ရွာလူကြီးသမီးဖြစ်သောကြောင့် အစစအရာရာ လိုလေသေးမရှိအောင် လိုက်လံဆောင်ရွက်ပေးခြင်းဖြစ်၏။

လူ ဆယ့်ငါးယောက်စာကို ထမင်းဟင်းပို့ရသည်မှာ မလွယ်လှပေ။ ထမင်းတောင်း၊ ဟင်းတောင်း၊ အိုးခွက်ပန်းကန် ထည့်ထားသော ခံတောင်းများကို ရွက်ယူလာပြီး ဒီရောက်တော့ ထမင်းကျွေးသည်။ ပြီးသည်အထိ စောင့်ပြီးမှ ထိုတောင်းများကို ပြန်ရွက်ယူသွားရသည်။

တကူးတက အလုပ်ရှုပ်သည်ဟု ဆိုစေကာမူ ဦးသီလက တာဝန်ပေးထားသောကြောင့် မည်သူကမှ ငြိုငြင်မှု မရှိကြပေ။

ဇာမုန်းထန်နှင့် ထွန်းခတို့ စကားပြောနေကြသည်မှာ ညနေပိုင်းအချိန်မို့ ခဏကြာတော့ ထမင်းပို့သူများ ရောက်လာကြသည်။ ဒီကနေ့တော့ မြသင်းကြူက ခေါင်းဆောင်လာသည်။

မြနှင်းဖြူရော၊ မြသင်းကြူပါ ရုပ်ရည်ချောမောလှပသူများဖြစ်ကြသောကြောင့် သူမတို့ လိုက်လာသောနေ့ဆိုလျှင် ဇာမုန်းထန်



www.burmeseclassic.com

www.burmeseclassic.com



တို့ အဖွဲ့သားများမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

အဖွဲ့သားများထဲ၌ ဇာမုန်းထန်အပါအဝင် လူလွတ်များ ပါသဖြင့် ထိုမှ ချောမောလှပသည့် မိန်းကလေးတစ်ယောက်ကို တွေ့မြင်ရသည့်အခါ အငမ်းမရဖြစ်ကြလေသည်။

"မင်းက နာမည် ဘယ်လိုခေါ်သလဲ"

ဇာမုန်းထန်က မေးလိုက်သည်။

"မြသင်းကြူလို့ ခေါ်ပါတယ်"

"ရွာလူကြီးသမီး ထင်ပါရဲ့"

"ဟုတ်ပါတယ်"

"မင်းတို့လဲ အစ်ကိုကြီးတို့ ဒီကိုရောက်လာမှ အတော်ကလေး အလုပ်ရှုပ်နေကြတယ် ထင်ပါရဲ့"

"ရပါတယ်ရှင့်၊ ကိုယ့်ရွာလာတဲ့ ဧည့်သည်တွေပဲ၊ တာဝန်ကျေရမှာပေ့ါ။ နောက်ပြီး ရှင်တို့က ကျွန်မတို့ရွာကို အနှောင့်အယှက်ပေးဖို့ လာကြတာမှ မဟုတ်တာ၊ ရန်သူတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ လာကြတာပဲ၊ ကျွန်မတို့တွေက ဒီလောက်တော့ တာဝန်ကျေပေးရမှာပေ့ါ"

ထိုကဲ့သို့ ချက်ကျလက်ကျ ပြန်လည်ပြောသဖြင့် ဇာမုန်းထန်မှာ ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားတော့သည်။ သူ ထင်ထားတာက မြသင်းကြူတို့လို တောသူလေးတွေက မြို့မှ လာသူများကို အထင်တကြီးနှင့် စကားဆိုမည်ဟု မျှော်လင့်ထားသော်လည်း မြသင်းကြူက အရှယ်နှင့်မမျှအောင် တည်တည်ငြိမ်ငြိမ် ပြန်





ပြောသဖြင့် အခက်တွေ့သွားလေသည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အစ်ကိုကြီးတို့က မင်းတို့ ရွာသူရွာသားတွေ ဘေးရန်က ကာကွယ်ပေးဖို့ လာကြတာပါ။ အခုလို ဧည့်ဝတ်ကျေတာကိုလဲ ကျေးဇူးတင်ပါတယ်"

မြသင်းကြူက ဘာမှ ပြန်မပြောဘဲ သူနှင့် ပါလာသော အခြားသူများနှင့်အတူ ထမင်းဟင်း ပြင်ဆင်ပေးရင်း အလုပ်များနေလေသည်။ ထမင်းဟင်းများမှာ ချက်လာတာ ကြာဟန်မတူသေးချေ။ ထမင်းပူ၊ ဟင်းပူများပင် ရှိသေးသည်။

ဟင်းကတော့ ကြက်သားနှင့် အာလူးကို ကာလသားချက် ချက်ထားကာ ငါးငပိချက်နှင့် တို့စရာ စသည်တို့ဖြစ်သည်။ တောချက်ထမင်းဟင်းများဖြစ်သော်လည်း လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေး ချက်ပြုတ်ထားသောကြောင့် စားသောက်ရတာ အရသာရှိလှသည်။

ထမင်းစားနေရင်းမှပင် ထွန်းခက တိုးတိုးပြောသည်။

"စေတနာနဲ့ ချက်ပြုတ်ကျွေးမွေးတာမို့လား မသိဘူး၊ စားရတာ အရသာရှိလိုက်တာ၊ ရွာပြန်ရောက်ရင် ဒီလောက်ကောင်းကောင်း စားရမှာမဟုတ်ဘူး၊ အခုလို စားရတုန်း အဝစားထားမှ"

ဟု ပြောကာ ကြက်သားတစ်ဖတ်ကို ဆယ်ယူ၍ ပါးစပ်တွင်းသို့ ထည့်လိုက်ရာ လျှာကျွတ်မတတ် ပူလှသဖြင့် ကပျာကရာ ဝါး၍ မြိုချလိုက်စဉ်မှာပင် ပါလာသောအရိုးကလည်း လည်ချောင်းထဲမှာ ကန့်လန့်ခံနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကြိုးစား၍ ပြန်ထုတ်သော်လည်း ပြန်ထွက်မလာဘဲ ခံမြဲခံနေရာ ထမင်းဆက်စား၍ မရတော့ဘဲ မျက်လုံးပြူး လျှာထွက် လုမတတ် ဖြစ်နေလေသည်။ ကျန်တဲ့လူများကလည်း ထမင်းစားရင်းမှပင် ...

"ရေသောက်ချလိုက်"

"ထမင်းအဖြူထည်ကို မျိုချလိုက်"

ဟု ပြောသာ ပြောနေသော်လည်း ထမင်းစားပြီး၍ အိုးခွက်ပန်းကန်များ ဆေးကြောနေကြစဉ် ထမင်းပို့လာသူထဲမှ အချို့မိန်းကလေးများက သီချင်းညည်းသကဲ့သို့ အသံတိုးတိုးဖြင့် သီဆိုနေကြသည်။

"ကျေးဇူးနဲ့မတန်၊ အရိုးကန့်လန့်ခံ၊ ခံသာခံ ကာပြန်မယ့် လူစားအဝိဇ္ဇာ စိတ်မှာ ရှောင်မလွဲတော့ ... အိုကွယ် ... ငရဲသို့လား"

ထိုသီချင်းသံကြားသောအခါ ဇာမုန်းထန်ပင် ဇဝေဇဝါနှင့် မျက်လုံးပြူးသွားလေသည်။ သို့ကြောင့် အနီးသို့သွားကာ ...

"မင်းတို့ ဆိုနေတဲ့သီချင်းက တို့ကိုများ စောင်းမြောင်းဆိုနေတာလားကွယ်"

ဟု မေးလိုက်ရာ မြသင်းကြူက ဝင်ရောက်ပြောသည်။

"မဟုတ်ရပါဘူးရှင်၊ ဒီသီချင်းက ကျွန်မတို့တစ်ရွာလုံး ဆိုနေကျ သီချင်းမို့လို့ပါ"

"မင်းတို့ဆိုတဲ့ သီချင်းကလဲကွယ်၊ တိုက်ပဲတိုက်ဆိုင်လွန်းတယ်၊ ဒါ့ထက် မင်းကို မေးရဦးမယ်၊ ဒီရွာမှာ အရင်က ကြောင်နက်





ကြီးတစ်ကောင် ရှိခဲ့ဖူးတယ်လို့ သတင်းကြားတယ်၊ အခု ဘယ်ရောက်သွားပြီလဲဟင်"

"ကျွန်မတို့က အသက်ငယ်တော့ အဲဒီအကြောင်းတွေကို သိပ်မသိပါဘူးရှင်၊ လူကြီးတွေတော့ သိချင်သိပါလိမ့်မယ်၊ ဒါပေမယ့် အဘတို့ ပြောသံကြားရတာကတော့ အဲဒီကြောင်နက်ကြီးက ဒီရွာဘက်ကို တစ်ခါတစ်ခါ ရောက်လာတတ်တယ်လို့ ပြောကြတယ်၊ ရှင်တို့တွေ့ချင်ရင် ညဘက်ရောက်တဲ့အခါ စောင့်ကြည့်ကြပါလား၊ သူလာတာနဲ့ကြုံရင် တွေ့ရမှာပေါ့"

ဟု ပြောဆိုကာ ထမင်းပို့လာသူများမှာ ပြန်သွားကြလေသည်။

အချိန်ကလည်း ညဦးပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များက ဖုံးလွှမ်းလာတော့သည်။

လည်ပင်းကို အရိုးစူးနေသော ထွန်းခမှာ ယခုတိုင် အရိုးက မကျ၊ ပြန်လည်း မထွက်သေးသောကြောင့် တအီးအီး တအဲအဲ ဖြစ်နေသည်မှအပ ကျန်လူများမှာ အိပ်ရာဝင်သူ ဝင်ကြလေပြီ။

တဲအပြင်ဘက်မှာတော့ တစ်ယောက်က ကင်းစောင့်နေသည်။ အတွင်းမှာတော့ ဇာမုန်းထန်နှင့် နှစ်ယောက်သုံးယောက်က စကားပြောရင်း ထိုင်နေကြသည်။

ညဦးနက်ပိုင်းရောက်တော့ တောရိုရာဘက်မှ ကြောင်မာန်ဖီသံများကို ကြားကြရသည်။

"ကြောင်အော်သံတွေ ကြားရတယ်"

"နတ်တော် ပြာသို ရောက်ရင် ကြောင်တွေရဲ့ မိတ်ဆွေသံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှ တောထဲကကြောင်တွေ မြူးနေတာဖြစ်မှာပေါ့"

"ဟုတ်ရဲ့လား၊ သူကြီးသမီးက တစ်ခါတစ်ခါ ကြောင်နက်ကြီး လာတယ်လို့ ပြောတယ်၊ အဲဒီကြောင်နက်ကြီးများ လာတာလား"

"ကြောင်နက်တွေက သေနတ်ပြီးတယ်လို့ ပြောသံကြားဖူး တယ်၊ တကယ်လို့ လာရင်တော့ ဟုတ်မဟုတ် စမ်းကြည့်ရမယ်"

အချင်းချင်း ပြောနေကြစဉ်မှာပင် ကြားနေရသော ကြောင်သံ များက သူတို့စခန်းချရာ တဲအနီးသို့ ရောက်လာသည်။ သို့ကြောင့် အရေးအကြောင်းရှိလျှင် အသုံးပြုရန် သေနတ်များကို အနီးသို့ ယူ ထားလိုက်သည်။

ထိုအခိုက်မှာပင် အပြင်မှာစောင့်နေသူက တဲအတွင်းသို့ ပြန် ဝင်လာသည်။

"ဆရာ ... ဆရာ၊ ဟိုတောစပ်မှာ ဝင်းဝင်းလက်လက်တွေ အများကြီးတွေ့ရတယ်၊ ဘာတွေလဲ မသိဘူး၊ ထွက်ကြည့်ပါဦး"

ဟု ပြောသဖြင့် ဓာမုန်းထန်တို့တတွေက အပြင်သို့ ထွက် ကြည့်ကြသည်။ အပြင်သို့ရောက်သောအခါ အမှောင်ရိပ်သမ်းနေ သော တောစပ်၌ ဝင်းလက်နေသည့် အရာအချို့ကို တွေ့ရသည်။

"ဘာတွေလဲ"

ဓာမုန်းထန်က လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သောအခါ တောစပ်၌ ထိုင်နေသည့် ကြောင်နက်များကို တွေ့ရသည်။

"ကြောင်နက်တွေ အများကြီးပါလား"

"ဟုတ်ပါရဲ့၊ တောကြောင်တွေဆိုရင်လဲ ဒီလောက်မများနိုင်





ပါဘူး၊ အခုဟာက အားလုံး အနက်တွေချည်းပဲ"

တောစပ်၌ တွေ့နေရသော ကြောင်နက်များက ရှေ့လည်း မတိုး၊ နောက်လည်းမဆုတ်ဘဲ တောစပ်မှာ ထိုင်နေကြသည်။ ခဏ ကြာတော့ ကျယ်လောင်သော ကြောင်အော်သံတစ်ချက် ကြား လိုက်ရသည်။ ထိုကြောင်အော်သံကြီး ပေါ်လာသည်နှင့် စောစော က တောစပ်မှာ ထိုင်နေကြသည့် ကြောင်နက်များမှာ တောတွင်းသို့ ပြန်ဝင်သွားကြလေသည်။

ဓာမုန်းထန်တို့မှာ တအံ့တဩဖြင့် လှမ်းကြည့်နေကြစဉ်မှာပင် တောတွင်းမှ ကြောင်နက်ကြီးတစ်ကောင်မှာ လွှားခနဲ ခုန်ထွက် လာလေသည်။

"ဟော ... ဟိုမှာ လာပြီ၊ လာပြီ၊ သူကြီးသမီး ပြောသွားတဲ့ ကြောင်နက်ကြီး ထွက်လာပြီ"

"အသာငြိမ်နေပါဟ"

တောတွင်းမှ ထွက်လာသည့် ကြောင်နက်ကြီးမှာ သာမန် ကြောင်များထက် အလုံးအထည်၊ အရပ်အမောင်း ကောင်းလှပြီး တစ်ကိုယ်လုံး နက်မှောင်နေလေသည်။

သို့သော်လည်း အမှောင်ထဲမှာပင်ဖြစ်လင့်ကစား ၎င်း၏ မျက်လုံးများကတော့ ဝင်းလက်နေသည်။ ကြောင်နက်ကြီးက သူတို့ ကို လှမ်းမြင်သော်လည်း ကြောက်ရွံ့သွားခြင်းမရှိဘဲ ကျားတစ် ကောင်ကဲ့သို့ ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေသည်။

ပေနှစ်ဆယ်ခန့် ကွာဝေးသော နေရာရောက်မှ ရပ်တန့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆောင့်ကြောင့်ထိုင်ကာ သူတို့ကို ကြည့်နေသည်။

"ဆရာ ... ဆရာ၊ ဟို ... ဟိုမှာ ကြောင်နက်ကြီးရောက်လာပြီ၊ သေနတ်နဲ့ အမြန်ပစ်တော့လေ"

ဟု တစ်ယောက်က သတိပေးတော့မှ သေနတ်ကို မောင်းတင်ကာ ချိန်၍ ပစ်သည်။

"ချောက် ... ချောက် ... ချောက်"

ကျည်ဆန်က မထွက်။ တချောက်ချောက်နှင့်သာ မြည်နေသည်။ ထပ်ပစ်တော့လည်း အကြောင်းမထူး။ သို့ကြောင့် နောက်ထပ်သေနတ်တစ်လက် ပြောင်းပစ်သော်လည်း ရေးနည်းအတိုင်း တချောက်ချောက်နှင့်သာ မြည်နေတော့သည်။

ခဏကြာတော့ ကြောင်နက်ကြီးက ပါးစပ်ဟလျက် ဝါးခနဲ တစ်ချက်သမ်းကာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။ ထိုအခါမှ သေနတ်ကျည်ဆန်က နှစ်ချက်ဆင့်ကာ ထွက်လာသည်။

"ဒိုင်း ...ဒိုင်း"

တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်မှ ထိုသေနတ်သံများက ပတ်ဝန်းကျင်တစ်ဝိုက်သာမက အတော်ဝေးဝေးမှပင် ကြားနိုင်လေတော့သည်။

ထိုအသံများက သူတို့အတွက် အန္တရာယ်ကို ဖိတ်ခေါ်လိုက်သော အသံများဖြစ်သည်ကိုတော့ သူတို့တတွေ မသိခဲ့ကြပေ၊ သူတို့ပစ်လိုက်သော သေနတ်သံများကို ဖောင်ဝင်မြစ်၌ ရောက်နေကြသည့် သောင်းကျန်းသူများက ကြားရလေသည်။





သို့ကြောင့် ကုန်းလမ်းထက်မှ တပ်ဖြန့်ကာ တက်လာကြသည်။ ဒါကို ဇာမုန်းထန်တို့ မသိကြပေ။

အရုဏ်တက်ခါနီးအချိန်လောက်တွင် မဟော်ဂနီရွာသို့ ရောက်လာကြကာ ဇာမုန်းထန်တို့ စခန်းချနေသော တဲသို့ ဝင်ရောက်စီးနင်း တိုက်ခိုက်ကြလေတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

တိတ်ဆိတ်နေသောအချိန်တွင် သေနတ်သံများက ကမ္ဘာပျက်သံအလား ဆူညံသွားလေတော့သည်။ ဇာမုန်းထန်တို့မှာ လူ (၁၅) ယောက်သာ ရှိပြီး လာရောင်ဝိုင်းသော သူပုန်တပ်များက လူပေါင်း (၅၀) ခန့်သာ ရှိလေရာ လက်နက်အင်အားရော၊ လူအင်အားပါ ကွာလှသောကြောင့် အလူးအလဲခံကြရကာ အတော်များများ သေဆုံးသွားကာ ကျန်သူများမှာ ကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြတော့သည်။

နံနက်လင်းစအချိန်ရောက်မှ တိုက်ပွဲပြီးသွားကာ သေနတ်သံများလည်း စဲသွားတော့သည်။ သောင်းကျန်းသူတပ်များက ဇာမုန်းထန်တို့အဖွဲ့ကို တိုက်ခိုက်ပြီးသည်နှင့် ရွာထဲသို့ ဝင်ကြလေသည်။

ထိုအခါ အိမ်တိုင်း အိမ်တိုင်း လူလည်း တစ်ယောက်မျှ မရှိ။ ပစ္စည်းပစ္စယများလည်း တစ်ခုမှ မတွေ့ကြရသဖြင့် တစ်ရွာလုံးကို မီးရှို့ဖျက်ဆီးလိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

### အချစ်နှင့်ဝေ့ဝါးနေသည့် ပုံရိပ်များ

ညနေ နေဝင်ရီတရောအချိန်တွင် အညာလှေကြီးတစ်စင်းသည် ကျွန်းညိုကြီးကမ်းနံဘေးမှ အောက်ဘက်သို့ စုန်ဆင်းလာလေသည်။ ဆောင်းအခါမို့ ညနေပိုင်းအချိန်၌ပင် အမှောင်ရိပ်များက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလေပြီ။ မြူခိုးငွေ့များက မြစ်ရေပြင်ပေါ်မှာ ရစ်သိုင်းနေသဖြင့် တော်ရုံနှင့် အဝေးမှ လှမ်းမမြင်နိုင်ပေ။

ထိုအချိန်တွင် အညာလှေကြီးက အထက်ပိုင်းမှ တအိအိစုန်ဆင်းလာကာ မဲလိပ်ကျွန်းထိပ်သို့ ရောက်[illegible]အခါ ရပ်လိုက်သည်။ ရေကျဦးအချိန်ဖြစ်သောကြောင့် ရေများနေဆဲဖြစ်ရာ ကျွန်းတစ်ပိုက်တွင် သောင်ပြန့်များက မပေါ်သေးပေ။ မဲလိပ်ကျွန်းထိပ်ရောက်၍ လှေရပ်လိုက်သောအခါ လှေဦးသို့ လူသုံးယောက်ထွက်လာသည်။ ဆရာမြ၊ ဦးဇန်ကောင်းနှင့် နီမောင်တို့သုံးယောက်ဖြစ်သည်။

"လှေကိုဘယ်နေရာမှာ ရပ်ရမယ်လို့ မှာလိုက်သလဲ ဆရာကြီး"





ဦးဇန်ကောင်းက ဆရာမြကို မေးလိုက်သည်။

"ဒီကျွန်းထိပ်မှာ လှေဝမ်းဗိုက်ရာကြီးတစ်ခုရှိတယ်လို့ မှာလိုက်တယ်၊ ခင်ဗျားတို့သိသလား"

ဆရာမြက ပြန်မေးသည်။ ထိုအခါ နီမောင်က မြနှင်းဖြူနှင့်အတူ တစ်ခေါက်ရောက်ခဲ့ဖူးသောကြောင့်....

"ကျွန်တော်သိတယ် ဆရာကြီး၊ ဒီကျွန်းထိပ်မှာရှိတယ်"

ဟု ဝင်ပြောလိုက်သည်။

"ဘယ်နေရာလောက်မှာ ရှိသလဲကွယ့်"

"ဒီကျွန်းထိပ်တည့်တည့်မှာ ရှိတယ်"

"ကျုပ်တို့စီးလာတဲ့ လှေကြီးကို အဲဒီလှေဝမ်းရာကြီးရဲ့အပေါ်မှာ အံဝင်ဂွင်ကျဖြစ်အောင် ရပ်ကြရမယ်၊ လှေဦးကို ကျွန်းဘက်ကို လှည့်ထားရမယ်"

"ဟာင်"

ကျွန်းပေါ်၌ ရေပြန့်နေချိန်မို့ လှေဝမ်းဗိုက်ရာကြီး ဘယ်နေရာမှာ ရှိသည်ကို ခန့်မှန်းဖို့ မလွယ်ကူလှပေ။ နီမောင်ကလည်း မြနှင်းဖြူနှင့် လာစဉ်က အမှတ်တမဲ့သာ ကြည့်ရှုခဲ့သောကြောင့် မှတ်မှတ်သားသား မရှိပေ။ ရေက တဖြည်းဖြည်းကျစပြုနေပြီ။ သောင်ပေါ်မလာခင် လှေဝမ်းဗိုက်ရာပေါ်မှာ လှေကို တည့်တည့်ရောက်နေဖို့ အရေးကြီးသည်။ အကယ်၍ အံဝင်ဂွင်ကျမဖြစ်ပါက လှေတစ်ခုခုဖြစ်ကာ ပြန်ထွက်၍ ရတော့မည်မဟုတ်ပေ။

"ကျွန်တော်ရေထဲဆင်းငုတ်ကြည့်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မလုပ်နဲ့ မလုပ်နဲ့ ဒီနေရာတွေမှာ မိကျောင်းက ပေါမှပေါ။ ရေထဲဆင်းတာနဲ့ မိကျောင်းစာမိသွားလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်ချိန်မလဲ၊ လှေပေါ်က ထိုးဝါးနဲ့စမ်းရင်လည်း သေချာမှာ မဟုတ်ဘူး၊ တော်ကြာ ဘေးစောင်းတင်မိနေရင် လှေဝမ်းဗိုက် ကျိုးကျသွားလိမ့်မယ်"

ထိုသို့ ပြောနေကြစဉ် ဆရာမြက...

"ဒီလောက်လည်း စိတ်ပူမနေကြပါနဲ့၊ ကျုပ်တို့က ကောင်းမှုလုပ်ဖို့ လာကြတာပဲ၊ ပိုင်ရာဆိုင်ရာတွေကို အကူအညီတောင်းကြည့်ရမှာပေါ့၊ ဒီနေရာက အခိက ပိုင်ဆိုင်တာက ရေငန်ပိုင်နတ် ဦးရှင်ကြီး မဟုတ်လား"

ဟုမေးသည်။

"ဟုတ်တယ်အဘ၊ ဒီနေရာက ဦးရှင်ကြီး နတ်ဘဝမရောက်ခင် မဲလိပ်ချပြီး ရေစာကျွေးခံရတဲ့ နေရာပဲ၊ ဒါကြောင့် ဒီကျွန်းကို မဲလိပ်ကျွန်းလို့ခေါ်ကြတာ"

"ဒီလိုဆိုရင် သူ့ကိုပဲ အကူအညီတောင်းရမှာပဲ၊ ကျုပ်ကို လက်ဖက်တစ်ပွဲ ပြင်ပေးပါ"

ဟု ပြောသဖြင့် နီမောင်က လက်ဖက်တစ်ပန်းကန်ကို အကြော်နှင့် နှမ်းထည့်ပြီး ဆီဆမ်းကာ ဆရာမြကို ပေးလိုက်သည်။ ဆရာမြက လက်ဖက်ပွဲကို လှေဦးထိပ်ပေါ်တွင် တင်ထားပြီး ခပ်တိုးတိုး ရွတ်ဆိုတိုင်တည်နေသည်။

နီမောင်နှင့် ဦးဇန်ကောင်းတို့ကလည်း အနီးမှရပ်ကာ အခြေ





အနေကို ကြည့်နေကြသည်။ ကျန်လှေထိုးသားများကတော့ ထိုးဝါးများကိုကိုင်ကာ အဆင်သင့်စောင့်နေကြလေသည်။ အတန်ကြာသောအခါ ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခုလုံး လေပြင်းများ တိုက်ခတ်လာသလို လှုပ်ရှားလာသည်။

ခဏချင်းမှာပင် ရေပြင်ပေါ်မှာ လှိုက်ကြက်ခွပ်ကလေးများ ထလာသည်။ လှေအနီးမှာ အတန်ကြာအောင် ဝဲကတော့ထိုးနေသော လေပြင်းက တစ်ချက်နှစ်ချက်တိုးဝှေ့ပြီး ကျွန်းပေါ်သို့ ရောက်သွားရာ လှေနံဘေးမှာ ပြန်လည်ငြိမ်ကျသွားသည်။

"ဟိုမှာ..ဟိုမှာ"

လှေသမားတစ်ယောက်က အလန့်တကြားအော်ကာ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်သောအခါ ရေပြင်ပေါ်မှာ လှေနှင့် ယှဉ်၍ အလျားလိုက်ပေါ်နေသော မိကျောင်းကြီးတစ်ကောင်၏ ကျောကုန်းပိုင်းကို ဝိုးတဝါးမြင်ကြရသည်။

"ဟာ ဒီဘက်မှာလဲ တစ်ကောင်ပေါ်နေတယ်ဟ"

တစ်ယောက်က အော်ပြန်သဖြင့် လှေနံဘေးသို့ကြည့်လိုက်တော့ အခြားတဖက်မှာလည်း နောက်ထပ် မိကျောင်းတစ်ကောင်က ပေါ်နေပြန်သည်။ မိကျောင်းကြီးနှစ်ကောင်မှာ အလျားရော အလုံးအထည်ပါ ကြီးမားလှပြီး လှေနှင့်ယှဉ်၍ပေါ်နေရာ မတိမ်းမယိမ်းဖြစ်နေတော့သည်။ မိကျောင်းကြီးနှစ်ကောင်ကိုမြင်တော့ လှေပေါ်မှ လှေထိုးသမားများမှာ အမြီးနှင့် လှမ်းရိုက်မည်စိုးသောကြောင့် ဆောက်တည်ရာမရလောက်အောင် ကြောက်လန့်နေကြသည်။ ထိုအခါ ဆရာမြက



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြောက်ကြပါနဲ့၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ကျုပ်တို့ကို နေရာပြပေးတာပါ၊ အဲဒီမိကျောင်းကြီးနှစ်ကောင်ရဲ့ ကြားမှာပဲ လှေကို ကျွန်းဘက်ကို ဦးလှည့်ပြီး ရပ်ထားလိုက်ကြပါ"

ဟုပြောလေရာ အခြားလှေသမားများက မလုပ်ဝံ့သောကြောင့် နီမောင်ကိုယ်တိုင် ထိုးဝါးကိုယူပြီး ဆရာမြ နေရာပြပေးသည့်အတိုင်း လှေကိုဖြောင့်ကာ ရပ်ထားလိုက်သည်။

ထိုးဝါးတိုင်စိုက်၍ လှေကြိုးချည်ပြီးသောအခါ စောစောက လှေနံဘေး၌ယှဉ်ပေါ်နေသော မိကျောင်းကြီးနှစ်ကောင်မှာလည်း တဖြည်းဖြည်းနှင့် ရေအောက်သို့ ပြန်ငုတ်ကာ ပျောက်သွားလေတော့သည်။

ကြည့်နေရင်းမှာပင် ရေကလည်း တဖြည်းဖြည်းနှင့် ပြန်ကျလာရာ သောင်ပြင်များပင် ပြန်ပေါ်လာလေပြီ။ လှေဝမ်းဗိုက်သားများက သောင်မျက်နှာပြင်နှင့် ထိစပြုလာချေပြီ၊ ထိုအချိန်တွင် လှေသမားများအဖို့ စိုးရိမ်စရာအကောင်းဆုံးအချိန် ဖြစ်လေသည်။

အကယ်၍ ချိုင့်ခွက်ထဲ တည့်တည့်မကျဘဲ တစောင်းတင်နေပါက လှေခါးကျိုးသွားမှာကို စိုးရိမ်နေကြသည်။ သို့သော်လည်း ရေကျသွားပြီး သောင်ပြင်ပေါ်လာသောအခါ လှေက ယခင်ရှိနေသော လှေဝမ်းဗိုက်ရာ ချိုင့်ကြီးထဲတွင် တည့်တည့်မတ်မတ် ဝင်နေသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။ ဒီတော့မှ အားလုံးသက်ပြင်းချနိုင်တော့သည်။

"အခုလို အကူအညီပေးတာ ဆရာကြီးကို ကျေးဇူးတင်ပါတယ်"





ဦးဗန်ကောင်းက ဆရာမြကိုကြည့်ကာ ပြောလိုက်သည်။

"တကယ်ကျေးဇူးတင်ထိုက်တာက သက်ဆိုင်ရာပုဂ္ဂိုလ်တွေကိုပဲဗျ၊ သူတို့အကူအညီပေးလို့သာ အခုလို ချောချောမောမော အဆင်ပြေသွားတာပဲ"

"အင်း ဒါကြောင့်လည်း လူလိုမှနတ်လို၊ နတ်လိုမှ ဂြိုဟ်မဆိုတဲ့ စကားပေါ်လာတာ နေမှာပဲ"

"ဒါပေ့ါဗျာ၊ ခင်ဗျားလည်း ဆေးဆရာတစ်ယောက်လုပ်နေတာပဲ၊ ပရလောကသားတွေအကြောင်းကို သိသင့်သလောက် သိတာပဲ၊ ဒီလောကသားတွေက သူတို့နဲ့ မိတ်ဆွေဖြစ်ရင် အင်မတန်အကျိုးများတာပဲ၊ အခုမျက်မြင်ပဲလေ၊ သူတို့အကူအညီပေးတော့ ရေထဲဆင်းစရာမလိုပဲနဲ့ လှေကအလိုလို နေသားကျသွားတယ် မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"ပရလောကသားတွေဆိုတော့ အလွန်သနားစရာကောင်းကြတာ၊ သူတို့အနေနဲ့ လူတွေရဲ့ အကူအညီကို အများကြီးလိုသလို သူတို့အကူအညီပေးရင်လည်း လူတွေအတွက် အကျိုးများပါတယ်၊ ဥပမာ ကိုယ်က ကုသိုလ်ကောင်းမှုလေးလုပ်ပြီး အမျှအတမ်းဝေလို့ရရင် ပရလောကကနေ သုဂတိဘုံဘဝကို ရောက်သွားနိုင်တယ်၊ သူတို့အကူအညီပေးရင်လည်း ရွှေငွေဥစ္စာတွေ့နိုင်တယ်၊ ဘေးဆိုးအန္တရာယ်ဆိုးတွေက လွတ်မြောက်နိုင်တယ်၊ အကျိုးမများပေဘူးလား"

"မှန်ပါတယ် ဆရာကြီး၊ ဘယ်လောကသားနဲ့မဆို မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြတာဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိကြပါတယ်၊ အခု တခြားမကြည့်ပါနဲ့၊ အခု ဦးသီလတို့ရဲ့ အကူအညီပေးမှုကြောင့် ကျွန်တော်တို့ ရန်သူတွေလက်ထဲက လွတ်အောင် အချိန်မီ ထွက်ပြေးနိုင်ကြတာပါ"

ဦးဇန်ကောင်းက ပြောလိုက်သောအခါ ထိုနေ့ညနေစောင်းက ဦးသီလတို့နှင့် နောက်ဆုံးတွေ့ခဲ့ရပုံများကို သတိရနေမိကြလေသည်။

ထိုနေ့ညနေက ဆရာမြသည် ဦးဇန်ကောင်းတို့လှေသို့ ဆင်းကာ စကားစမြည်ပြောနေခိုက် ဦးသီလတစ်ယောက် ရေးကြီးသုတ်ပြာ အမူအရာဖြင့် ရောက်လာလေသည်။

"ဘယ်လိုဖြစ်လာတာလဲ ဦးသီလ"

"အရေးတကြီးပြောစရာရှိလို့ လာခဲ့တာပါ ဆရာကြီး"

"ဘာကိစ္စများပါလိမ့်"

"မကြာခင် ဒီရွာကို ရန်သူတွေရောက်လာပြီး ဖျက်ဆီးကြပါလိမ့်မယ်၊ ဆရာကြီးတို့ ဒီနေရာက လွတ်ရာကို အမြန်ဆုံးသွားကြပါ"

"ကျုပ်တို့သွားတာတော့ ဟုတ်ပါပြီ၊ ခင်ဗျားတို့ကရော ဘယ်လို စီစဉ်ကြမှာတုန်း"

"ကျုပ်တို့လည်း ဒီနေရာက စွန့်ခွာဖို့အားလုံးကို ပြောထားပြီးပါပြီ၊ မသွားခင် ဆရာကြီးနဲ့ မိတ်ဆွေကြီးတို့ကို ပြောစရာရှိတာပြောမှာစရာရှိတာ မှာချင်လို့ပါ"

"ပြောပါ ဦးသီလ"

"ကျုပ်တို့တစ်ရွာလုံးက ကြောင်တစ်ရာရွာသားတွေဆိုတာတော့ ဆရာကြီးနဲ့ မိတ်ဆွေကြီးတို့ကို ပြောပြထားပြီးပါပြီ၊ ကျုပ်





တို့ ကြောင်တစ်ရာရွာမှာ ရှေးတုန်းက အမြတေမျက်လုံးရှိတဲ့ ကြောင်နက်ကြီးတစ်ကောင် ရှိခဲ့ဖူးပါတယ်၊ အဲဒီကြောင်နက်ကြီး သေဆုံးသွားတဲ့အခါ အမြတေမျက်လုံးက မပျက်မစီးပဲ ကျန်နေခဲ့ပါတယ်"

ဦးသီလ စကားပြောရင်း ခေတ္တရပ်လိုက်သဖြင့် နားထောင်နေသူများမှာ စိတ်ဝင်စားသွားကြသည်။

"အဲဒီအမြတေမျက်လုံးကို ကျုပ်တို့တစ်နေရာမှာ မြှုပ်နှံထားပါတယ်"

"ဘယ်နေရာမှာ မြှုပ်နှံထားတာလဲ ဦးသီလ"

"ဒီချောင်းကနေ အပြင်ကိုထွက်သွားပြီး ကျွန်းညိုကြီးအတိုင်း အောက်ဖက်ကို စုန်ဆင်းသွားရင် ချွန်းအငူကျော်တာနဲ့ မဲလိပ်ကျွန်းဆိုတာကို လှမ်းမြင်ရပါလိမ့်မယ်၊ မဲလိပ်ကျွန်းကို သမီးလိုက်ပို့လို့ ဒီသူငယ် တစ်ခေါက်ရောက်ခဲ့ပြီးပါပြီ"

ဟု နီမောင်ကိုကြည့်ကာ ပြောသည်။

"အဲဒီမဲလိပ်ကျွန်းရဲ့ မြောက်ဘက်ထိပ်မှာ ရှေးနှစ်ပေါင်းများစွာက ရေငန်ပိုင် ဦးရှင်ကြီးနတ်ဖြစ်မယ့် မောင်ရှင်ကို လှေသူကြီး ဦးတောက ရေစာချကျွေးခဲ့တဲ့ နေရာရှိပါတယ်၊ အဲဒီနေရာမှာ လောင်းလှေကြီး ပြန်ထွက်လို့မရအောင် ဝိုင်းဆွဲထားတဲ့ လှေဝမ်းဗိုက်ရာကြီးရှိပါတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလှေဝမ်းဗိုက်ရာကြီးကို ကျွန်တော်တို့ သေသေချာချာ မြင်ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု နီမောင်က ဝင်ပြောလိုက်သည်။

"မိတ်ဆွေကြီးတို့ အဲဒီကိုရောက်ရင် မိတ်ဆွေကြီးတို့ရဲ့ လှေကို အဲဒီလှေဝမ်းဗိုက်ရာကြီး အပေါ်တည့်တည့်မှာ အံဝင်ခွင်ကျဖြစ်အောင် ရပ်ပါ။ အဲဒီလိုရပ်ပြီးရင် လှေဦးထိပ်နဲ့တည့်တည့် တောထဲကို ကြောင်မျက်ရှင် ဆိုတဲ့အတိုင်း ခြေလှမ်းကို ရေတွက်ပြီး ဝင်သွားကြပါ"

"ကောင်းပါပြီ"

"ခြေလှမ်းပြည့်တဲ့အခါ ကွက်လပ်တစ်ခု တွေ့ရပါမယ်၊ အဲဒီ ကွက်လပ်ပေါ်မှာ အထိမ်းအမှတ်အဖြစ် ကြောင်လျှာပင်တစ်ပင်ကို တွေ့ရပါဦးမယ်၊ အဲဒီကြောင်လျှာပင်ရဲ့ အောက်မှာ တူးကြည့်ရင် ကိုယ်က သေနေပေမယ့် ဦးခေါင်းက မသေသေးတဲ့ ကြောင်နက်ကြီးရဲ့ အမြုတေရှိတဲ့ ဦးခေါင်းနဲ့ ကျုပ်တို့တတွေ မြှုပ်နှံထားတဲ့ ရတနာပစ္စည်းတွေကို တွေ့ရပါလိမ့်မယ်"

ဦးသီလစကားကြောင့် နီမောင်တို့တတွေမှာ များစွာ အံ့သြသွားကြလေသည်။

"ကျုပ်တို့က ဘာလုပ်ပေးရမလဲ၊ ပြောပါ"

"အဲဒီပစ္စည်းနဲ့ အမြုတေကိုယူတဲ့အခါ တောထဲကအန္တရာယ်တွေ လာပါလိမ့်မယ်၊ အဲဒါတွေကိုတော့ ဆရာကြီးကပဲ တာဝန်ယူပြီး ရှင်းလင်းပေးပါ"

"ကောင်းပါပြီ"

"ရတနာပစ္စည်းတွေနဲ့ အမြုတေကိုရရင် ဘာလုပ်ပေးရမလဲ"

ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။





"အခု ကျုပ်တို့နေတဲ့ ကြောင်တစ်ရာရွာရဲ့ အရှေ့ဘက်ထိပ်မှာ ရှေးကလူတွေ တည်သွားခဲ့တဲ့ ဘုရားပျက်တစ်ဆူရှိတယ်၊ အဲဒီဘုရား ပျက်ရှိတဲ့ တောင်ကုန်းကို ရှင်းလင်းပြီးတော့ ကိုးတောင်ပြည့်တဲ့ စေတီတစ်ဆူ တည်ပေးပါ"

"ကောင်းပါပြီ"

"ဘုရားတည်ပြီးရင် ကြောင်မျက်ရှင်နဲ့ ရတနာပစ္စည်းအချို့ကို ဌာပနာထည့်ပေးပါ၊ ကျန်တဲ့ပစ္စည်းတွေကိုတော့ ဆရာကြီးနဲ့ မိတ်ဆွေကြီးတို့ သင့်မြတ်အောင် စီစဉ်ပြီးတော့ ယူကြပါ"

"ကျုပ်အတွက်က ရတနာပစ္စည်းတွေအလိုမရှိပါဘူး၊ ခင်ဗျားတို့ပဲ ယူကြပါ"

ဟု ဆရာမြက ပြောလိုက်သည်။

"ဘုရားတည်ပြီးရင်သာ ကျုပ်တို့အတွက် ရည်စူးပြီးတော့ အမျှအတမ်း ပေးဝေကြပါဗျာ"

ဟုပြောလေရာ ကြားရသူများမှာ များစွာ စိတ်မကောင်း ဖြစ်ကြရလေသည်။

"ဒါထက် ဦးသီလတို့နဲ့ ကျုပ်တို့ ပြန်ဆုံဖို့အကြောင်း ရှိသေးရဲ့လား"

"ဒါကတော့ ကံသေကမ္မမပြောနိုင်တော့ဘူး၊ အကြောင်းသင့်ရင်တော့လည်း ပြန်ဆုံကြဦးမှာပေါ့ဗျာ"

ဦးသီလစကားကို ကြားလိုက်ရသောအခါ နီမောင်မှာ များစွာ တုန်လှုပ်သွားလေသည်။ သို့ကြောင့် လူကြီးများအနီးမှ အသံထ



www.burmeseclassic.com

www.burmeseclassic.com



ကာ အပေါ်သို့တက်လာခဲ့သည်။ အိမ်ပေါ်ရောက်တော့ ပစ္စည်းများ သိမ်းဆည်းနေကြသော မြနှင်းဖြူ၊ မြနှင်းကြူနှင့် မိခင်ဖြစ်သူ ဒေါ်နှင်းကြူတို့ကို လှမ်းမြင်ရသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ နီမောင်မှာ ဘယ်လိုလုပ်ရမှန်းမသိအောင် တုန်လှုပ်သွားလေသည်။

"သူတို့တကယ်သွားကြတော့မှာပါလား၊ ငါဘယ်လိုလုပ်ရပါ့မလဲ"

ဟု ရပ်လျက် စဉ်းစားနေစဉ် သူ့ကိုမြင်တော့ မြနှင်းဖြူက အိမ်ထဲမှ အပြင်သို့ ထွက်လာသည်။

"အစ်ကို"

"မြနှင်းဖြူ"

တစ်ယောက်နှင့်တစ်ယောက်အတန်ကြာအောင် ငေးကြည့်နေကြသည်။

"မြနှင်းဖြူတို့ တကယ်သွားတော့မှာလားဟင်"

"သွားရတော့မယ် အစ်ကို"

"ဒါဖြင့် ကိုယ်တို့ကဘယ်လိုလုပ်ကြမှာလဲ၊ မြနှင်းဖြူပြောတော့ ကိုယ့်နောက်ကို လိုက်ခဲ့မယ်ဆို"

"အခုဟာက မမျှော်လင့်ပဲ အန္တရာယ်တွေဝင်လာမှာမို့ သွားရမှာ ဆိုတော့ အစ်ကိုခေါ်ရာနောက်ကို ကျွန်မ မလိုက်နိုင်သေးဘူး"

"ဒါဖြင့် ကိုယ်တို့နှစ်ယောက် ဘယ်နေရာမှာ ပြန်တွေ့ကြမှာလဲ၊ မင်းကို ဘယ်နေရာမှာ လာရှာရမလဲ"





"အခုလောလောဆယ်တော့ ဘယ်နေရာကို ရောက်ဦးမယ် ဆိုတာ မသိရသေးဘူး၊ စိတ်မပူပါနဲ့အစ်ကိုရယ်၊ ကျွန်မ အစ်ကို့ဆီကို မရောက်ရောက်အောင် လာခဲ့ပါမယ်"

ထိုစကားကြောင့် နီမောင်မှာ အတန်အသင့် စိတ်သက်သာရာ ရသွားပြီး မြနှင်းဖြူလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ကိုယ် မင်းကိုတကယ်ချစ်တယ် မြနှင်းဖြူ၊ ဘယ်လိုဘဝမျိုးကပဲ ဖြစ်နေပါစေ၊ ကိုယ့်အချစ်က မပျက်ဘူး၊ မင်းနဲ့ အတူနေခွင့်ရအောင် ကိုယ်ကြိုးစားပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

မြနှင်းဖြူက တုန်ရင်လှိုက်မောစွာပြောရင်း နီမောင်ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။ နီမောင်ကလည်း ထွေးဖက်ထားလိုက်သည်။ အချစ်၏ အတိုင်းအတာကို သာမန်အချိန်၌ မခန့်မှန်းနိုင်သော်လည်း ခွဲခွာရတော့မည့် အချိန်ရောက်လာလျှင် အတိုင်းအတာတစ်ခုက ပေါ်လာတတ်ပေသည်။

ချစ်ခြင်းမေတ္တာနှင့် စပ်လျဉ်း၍ ခွဲလမ်းတပ်မက်မှုများလေလေ ခံစားရမှုအတိုင်းအတာက ရှည်လျားလေလေ ဖြစ်၏။ ရာသီကို သိချင်လျှင် ပန်းနဲ့ညှိ၊ အချစ်ကိုသိချင် အလွမ်းနဲ့ညှိ ဟူ၍ပင် ချစ်တတ်သူတို့၏ ဒဿနစကားရှိခဲ့လေ၏။ ယခုလည်း ခွဲခွာရတော့မည်ဆိုမှ ချစ်သူနှစ်ဦးတို့မှာ မခွဲနိုင်မခွာရက်အောင် ဖြစ်နေကြသည်။

"သိပ်လဲစိတ်မပူပါနဲ့ အစ်ကိုရယ်၊ အဘ မှာတာတွေကို အစ်ကိုတို့ လုပ်ပေးပြီးတဲ့အခါမှာ အစ်ကိုနဲ့ကျွန်မနဲ့ ပြန်လည်ဆုံစည်းခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပါ၊ အဲဒီအခါကျရင် ကျွန်မ အစ်ကို့ဆီကို ရောက်အောင် လာခဲ့ပါ့မယ်”

ဟု မြနှင်းဖြူက တိုးတိုးမှာလေသည်။ ညဦးနက်လာပြီဖြစ်သောကြောင့် အမှောင်ထုက များလာသလို ဆောင်း၏ အအေးဓာတ်ကလည်း တဖြည်းဖြည်းနှင့် ပိုလာလေသည်။

ချစ်သူနှစ်ဦး၏ ရင်ထဲ၌မူ အလွမ်းကြောင့် နွေးနေဆဲ၊ အတွေးပုံရိပ်တို့ကလည်း ဝေ့ဝါးနေဆဲပင်။





အခန်း (၁၃)

ကြောင်နက်အမြုတေနှင့် သစ္စာဖောက်အန္တရာယ်

မြစ်ရေကျသွားပြီး သောင်ပေါ် လာသောအခါ လှေကြီးက ချိုင့်ထဲမှာတင်နေပြီး လှေဦးကလည်း တောနှင့်တည့်တည့် အနေအထားမှာ ရှိနေသည်။

ဆရာမြ ဦးဇန်ကောင်း၊ နီမောင်နှင့် လှေသမားအချို့က တောပေါ်တက်ရန်အတွက် လိုအပ်သည့်ပစ္စည်းများကို ပြင်ဆင်နေကြသည်။ ရေနံဆီမီးအိမ်၊ တူရွင်း၊ ပေါက်ပြား၊ ဓား၊ လုံ့ စသည်တို့အပြင် ဦးဇန်ကောင်းက ၎င်း၏ဆေးလွယ်အိတ်ကိုပါ လိုရမယ်ရ လွယ်ယူလာသည်။

ဆရာမြကတော့ ပုတီးတစ်ကုံးပါသည်။ လှေပေါ် မှ သောင်ပေါ်သို့ ဆင်းလိုက်သည်နှင့် တောစပ်သို့ရောက်သွားကြသည်။

“ဦးသီလ မှာလိုက်တဲ့အတိုင်းဆိုရင် ဒီလှေဦးနဲ့ တည့်တည့် တောထဲကို ဝင်သွားကြရမယ်၊ ဒါထက် ကြောင်မျက်ရှင်အတိုင်း သွားရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘယ်လိုသွားရမှာလဲ"

"ဒါကလွယ်ပါတယ်၊ ကြောင်က (၂)၊ မျက်က (၅)၊ ရှင်က (၄) ဆိုတော့ လေ့ဦးနဲ့တည့်တည့် တောထဲကို ခြေလှမ်း (၂၅၄) လှမ်း လှမ်းကြရမယ်"

ဟု ပြောဆိုကာ ရှေ့ဆုံးမှလူက မီးရောင်ပြပြီး ခြေလှမ်းကို ရေတွက်ပြီးနောက် စတင်လျှောက်ကြလေသည်။

"တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း"

ခြေလှမ်း ငါးဆယ်လောက် ရောက်သောအခါ တောနက်တွင်းသို့ ရောက်လာသည်။

"ငါးဆယ့်တစ်၊ ငါးဆယ့်နှစ်၊ ငါးဆယ့်သုံး"

တဖြည်းဖြည်းနှင့် တောနက်တွင်းသို့ ရောက်လာရာ ခြေလှမ်း တစ်ရာကျော်လာသောအခါ ကမ်းစပ်၌ တွေ့ရသော ဗျူးပင်၊ လမုပင်၊ လဗပင်များကို မတွေ့ရတော့ပဲ ကနစိုပင်ကြီးများ၊ ကမွလာပင်ကြီးများကိုသာ အများအပြား တွေ့ကြရသည်။

ထို့ထက်ပို၍ တော်နက်တွင်းသို့ ရောက်သွားသောအခါ သရောပင်တော၊ မဒမပင်တောများသာမက ဆူးအလွန်များသော သင်ပေါင်းဖျိုက်တောများကို တွေ့ကြရသည်။

တောမကျွမ်းသူများဆိုလျှင် ထိုတောများအတွင်းသို့ ရောက်သွားပါက မျက်စိလည်တတ်ကြသည်။ အဘယ်ကြောင့်ဆိုသော်...

၎င်းတောများမှာ အခြားသစ်ပင်မပေါက်ပဲ သင်ပေါင်းတောဆိုလျှင် သင်ပေါင်းပင်ချည်း၊ မဒမတောဆိုလျှင် မဒမပင်ချည်း၊ သရော





ပင်ချည်း ပေါက်သောနေရာမှာလည်း အခြားသစ်ပင်များကို အတွေ့ရနည်းပြီး သရောပင်ကြီးသာ တွေ့ရသည်။

သို့ကြောင့် အမှတ်အသားမတတ်ပါက မျက်စိလည်တတ်ကြသည်။ ယခု နီမောင်တို့ကတော့ ခြေလှမ်းကို ရေတွက်ကာ တဖြောင့်တည်းသွားရသောကြောင့် သစ်ပင်တွေ့လျှင်ခုတ်၊ ဆူးတွေ့လျှင်လည်း လမ်းဖောက်ကာ သွားကြရသည်။

ခြေလှမ်းနှစ်ရာကျော်လာသောအခါ ရွှံ့ဗွက်များမရှိတော့ပဲ သဲကုန်းတန်းပိုင်း ရောက်လာသည်။ ထိုနေရာရောက်တော့ တောက လည်း ရှင်းလာသည်။ ကျွန်းမှာ သိပ်မကျယ်ဝန်းသောကြောင့် တောထဲတွင် ဆင်၊ ကျား၊အစရှိသော တောကောင်ကြီးများသိပ်ရှိ ဟန်မတူသော်လည်း အခြားတောတိရိစ္ဆာန်အများအပြားကိုတော့ မလှမ်းမကမ်း တောများမှာ တွေ့မြင်ကြရသည်။

ထိုတောတွင်းသို့ရောက်သောအခါ သူတို့ပတ်ဝန်းကျင်မှာ ခြေသံများကိုသော်လည်းကောင်း၊ တီးတိုးစကားပြောသံများကိုသော်လည်းကောင်း ကြားလာရသည်။

"လူသံတွေကြားရတယ်"

လှေသမားတစ်ယောက်က အမှတ်တမဲ့ပြောလိုက်ရာ ဆရာမြက အသံမထွက်စေရန် အချက်ပြလိုက်ပြီး တိုးတိုးကပ်ပြောသည်။

"ဘယ်လိုအကြောင်းနဲ့မှ စကားသံ မထွက်ကြစေနဲ့"

ဟု သတိပေးလိုက်သည်။ သူတို့ဆက်လျှောက်လာစဉ်မှာ သူတို့ တစ်ပင်၊ ဝါးတစ်ရုံခြားသောနေရာများလောက်မှ စကားပြောသံများ



www.burmeseclassic.com

www.burmeseclassic.com



ခြေသံများကို ကြားမြဲကြားနေရလေသည်။

ခြေလှမ်း (၂၅၄)လှမ်းပြည့်သောအခါ သစ်ပင်ကြီးများမရှိဘဲ သမန်းဖျိုက်တောများသာရှိသည့် ကွက်လပ်တစ်ခုရှိရာသို့ ရောက်သွားကြသည်။ သမန်းဖျိုက်တောမှာ လူခါးစောင်းခန့် အမြင့်ရှိနေသည်။

"တို့ရှာရမယ့်နေရာက ဒီနေရာပဲ၊ ဟိုအလယ်နေရာလောက်မှာ ကြောင်လျှာပင်ကြီးတစ်ပင် ပေါက်နေတာ မြင်ကြရဲ့ မဟုတ်လား"

"မြင်တယ် ဆရာကြီး"

"ဒါပေမဲ့ သမန်းဖျိုက်တောဆိုတာ တောကောင်တွေ ခိုအောင်းလေ့ရှိတဲ့ နေရာမျိုးဆိုတော့ အရမ်းမဝင်ကြနဲ့၊ အဝေးကနေ တုတ်ရှည်ရှည်နဲ့ ခြောက်လှန့်ပြီးမှ အနားကပ်ကြ"

ဟု ဆရာမြက သတိပေးသဖြင့် ကနစိုမျောတိုင်များကို ခုတ်၍ရိုက်ပုတ်ကာ ခြောက်လှန့်ကြသည်။

"ဟေး..ဟေး..ဟေး"

သူတို့က တဟေးဟေးနှင့် ခြောက်လှန့်နေစဉ်မှာပင် တောနက်ထဲမှလည်း တဟေးဟေးနှင့် အော်သံများကို ကြားလာရသည်။

ပထမတော့ မိမိတို့အော်သံမှ ပဲ့တင်ထပ်နေသလားဟု စိတ်ကထင်သော်လည်း မဟုတ်ပဲ မိမိတို့ ပတ်ဝန်းကျင်မှ ညာသံပေး၍ အော်နေသော အသံများဖြစ်သည်ကို သိရသောအခါ နောက်မှလိုက်လာသည့် လှေသမားအချို့မှာ မျက်စိမျက်နှာ ပျက်နေကြသည်။

သမန်းဖျိုက်တောကို တုတ်များဖြင့် ရိုက်ပုတ်ခြောက်လှန့်သောအခါ အန္တရာယ်ပြုနိုင်သော တောကောင်ကြီးများ မတွေ့ရဘဲ





တောဝက်တစ်အုပ်သာ ပြေးထွက်သွားကြသည်ကို တွေ့ရသည်။

ထို့ကြောင့် သမန်းဖျိုက်တောကို ခုတ်ထွင်ရှင်းလင်း၍ ကြောင်လျှာပင်ပေါက်နေသော အလယ်နေရာရောက်အောင် ဝင်သွားကြသည်။ ကြောင်လျှာပင်မှာ အတော်အတန်ကြီးနေပြီး ထိုအပင်တစ်ဝိုက်မှာတော့ ချုံသိပ်မရှိပေ။

"ဦးစွာလုပ်ရမှာတော့ ဒီကြောင်လျှာပင်ကို အခြေက ခုတ်လှဲပစ်ရမယ်၊ ကဲ ခုတ်ကြစမ်းကွာ"

ဟု ဆရာမြက ပြောလိုက်သည်နှင့် ဓားကိုင်ထားသော လှေသမားက ရှေ့သို့ကိုးလာကာ ကြောင်လျှာပင်ကို ခုတ်လေတော့သည်။ ကြောင်လျှာပင်မှာ အပွသားဖြစ်သောကြောင့် ခဏချင်းမှာပင် ခါးပြတ်ပြီး လဲကျသွားလေတော့သည်။

ကြောင်လျှာပင် လဲကျသွားသောအခါ ဆရာမြက ပတ်ဝန်းကျင်တစ်ဝိုက်ကို လိုက်လံ၍ စည်းချနေလေသည်။ ပြီးသည်နှင့်...

"ဒီစည်းဝိုင်းအတွင်းက အပြင်ကို ဘယ်သူမှ မထွက်ကြနဲ့၊ အန္တရာယ်ပြုမယ့်သူတွေက ပတ်ဝန်းကျင်ကို ရောက်နေကြပြီ"

ဟုပြောလေသည်။ ထိုအခါ စောစောက ကြောက်ရွံ့နေကြသော လှေသမားများမှာ ပိုမိုကြောက်ရွံ့လာပြီး ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်သော်လည်း အမှောင်ထု ဖုံးလွှမ်းနေသော သစ်တောများကိုသာ မြင်ရပြီး အခြား ဘာမှတော့ မမြင်ရပေ။ သို့သော်လည်း ပတ်ဝန်းကျင်တစ်နေရာမှ မမြင်ရသော မျက်လုံးများက မိမိတို့ကို လျှို့ဝှက်စွာ စောင့်ကြည့်နေကြလိမ့်မည်ဟုတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အလိုလိုသိနေကြသည်။

သူတို့ ကြောင်လျှာပင်ခုတ်လှဲနေစဉ်မှာပင် တောတွင်းမှ စကားပြောသံများကို အတိုင်းသားကြားနေရသည်။ ဆရာမြကပတ်ဝန်းကျင်ကို စည်းချပြီးသည်နှင့် ကြောင်လျှာပင်ကြီးကို အမြစ်မှ ဖယ်ရှား၍ ထိုနေရာကို ရှင်းလင်းသုတ်သင်ကြလေသည်။ သမန်းဗျိုက်တောများ ရှင်းလိုက်သောအခါ မြေကွက်လပ်ကြီး ပေါ်လာသည်။ ထိုမြေကွက်လပ်ကြီးကို တူရွင်း၊ ပေါက်တူးများဖြင့် တူးဆွကြ လေရာ အတန်ကြာသောအခါ ကျောက်ပြားတစ်ချပ် တွေ့ကြရသည်။ ထိုကျောက်ပြားချပ်မှာ လေးထောင့်အနေအထားဖြစ်ပြီး အံဖုံးသဏ္ဍာန် ပြုလုပ်ထားလေသည်။

ထိုကျောက်ပြားကို တူရွင်းများဖြင့် တူးဆွကြည့်သောအခါ အနည်းငယ် လှုပ်လာပြီး ဆက်တူးကြည့်သောအခါ အဖုံးတစ်ခုဖြစ်နေသည်ကို တွေ့ရသဖြင့် ထိုအဖုံးကို ဖယ်ရှားပစ်လိုက်ကြသည်။ ကျောက်ဖြင့် ပြုလုပ်ထားသည့် အံဖုံးပွင့်သွားသောအခါ အတွင်း၌ အုတ်နံရံဖြင့် ပြုလုပ်ထားသော မြေတွင်းတစ်ခုကို တွေ့ရသည်။

နီမောင်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ကျွန်းသေတ္တာတစ်လုံး၏အပေါ်၌ ကြောင်သေတစ်ကောင်ကို တွေ့ကြရသည်။

"ဦးသီလ ပြောလိုက်တဲ့အတိုင်း ကြောင်နက်အမြုတေနဲ့ ကြောင်တစ်ရာရှာသားတွေရဲ့ ရတနာပစ္စည်းတွေကို တွေ့ရပြီဟေ့"

ရှေ့မှ ငုံ့ကြည့်နေသော ဆရာမြက ဝမ်းသာအားရပြောသည်။

"ကဲ အချိန်မရှိဘူး၊ နီမောင်တို့ တွင်းထဲကိုဆင်းပြီး အထဲက





ပစ္စည်းတွေကို အပေါ်ကိုတင်ကွာ"

တွင်းမှာ ခုနစ်တောင်၊ ရှစ်တောင်ခန့်နက်ကာ လေးပေပတ်လည်ခန့် ကျယ်ဝန်းလေသည်။ နီမောင်က တွင်းထဲသို့ ဆင်းကာနီးတွင် ဆင်းရကောင်းနိုးနိုး မဆင်းရကောင်းနိုးနိုး ချိန်ဆနေလေသည်။

ထိုအခိုက်မှာပင် တောနက်ထဲမှ ကြောင်အော်သံများ မာန်ဖီသံများကို ကြားလာရသည်။ ဦးဇန်ကောင်းနှင့် နီမောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ကြောင်အော်သံများက တဖြည်းဖြည်းနှင့် နီးလာလေသည်။

"ဘာမှ ကြောက်မနေကြပါနဲ့ကွာ၊ ဘယ်လိုအန္တရာယ်မှ ငါ စည်းချထားတဲ့ အတွင်းကို မဝင်နိုင်ပါဘူး။ စိတ်ချလက်ချသာ ဆင်းကြပါ"

ဟု ပြောသဖြင့် နီမောင်နှင့် လှေသားနှစ်ယောက်တို့ တွင်းထဲသို့ ဆင်းကြလေသည်။ တွင်းမှာ အတန်ငယ် နက်သဖြင့် နွယ်ကြိုးများကို အသုံးပြုကာ ဆင်းကြရသည်။

တွင်းထဲ၌ မှောင်နေသောကြောင့် လက်နှိပ်ဓာတ်မီးရောင်များကို အသုံးပြုရလေသည်။ ကျွန်းသေတ္တာပေါ်မှာ ဖုံများ ထုတက်နေပြီး ထိုအပေါ်တွင် ကြောင်သေတစ်ကောင်ရှိသည်။ ကိုယ်လုံးက အရိုးစုကျနေပြီဖြစ်သော်လည်း ဦးခေါင်းပိုင်းက အကောင်းအတိုင်း ရှိနေသေးသည်။ အရောင်မှာ အနက်ရောင်ဖြစ်သည်။

လက်နှိပ်ဓာတ်မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ မျက်လုံးနှစ်လုံးက ပိတ်နေသည်။ မီးရောင်ဖြင့် ထိုးကြည့်နေစဉ်မှာ မျက်ခွံနှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



က ဖျပ်ခနဲ ပွင့်လာသည်။ ထိုသို့ မျက်လုံးပွင့်လာသည်နှင့် အသက်ရှိသည့် ကြောင်တစ်ကောင်အလား ပါးစပ်မှ ဖြီးခနဲ မာန်ဖီသံပေါ်လာသည်။

"နီမောင်၊ ကြောင်ကြီး အသက်ဝင်လာပြီ ဘယ်လိုလုပ်ကြမလဲ"

"မကြောက်ပါနဲ့ကွာ၊ တစ်ကိုယ်လုံး အရိုးကျနေတဲ့ ကြောင်တစ်ကောင်ကတော့ မင်းကို ဘယ်လိုမှ အန္တရာယ်မပေးနိုင်ပါဘူး"

ဟုပြောနေစဉ် အပေါ်မှ လှမ်းအော်ပြောသံ ကြားရသည်။

"နီမောင်၊ အခြေအနေဘယ်လိုရှိသလဲဟေ့"

"ကြောင်နက်ကြီးတော့ တွေ့တယ်၊ မျက်လုံးဖွင့်ကြည့်နေတယ် ဆရာကြီး"

"ဘာမှ မကြောက်ကြနဲ့ အဲဒီမျက်လုံးနှစ်လုံးကို ဖောက်ယူလိုက်ရင် အလိုလို ပြန်သေသွားလိမ့်မယ်၊ မြန်မြန်လုပ်ကြဟေ့"

ဟု ဆရာမြ၏ အော်ပြောသံကို ကြားရသည်။ သို့ကြောင့် နှစ်ယောက်က ဦးခေါင်းကို ကိုင်ထားပြီး နီမောင်က ကြောင်မျက်လုံးနှစ်လုံးကို ဓားဦးဖြင့် ကော်ထုတ်ကာ ဖောက်ယူလိုက်သည်။

မျက်လုံးနှစ်လုံးမှာ ကွမ်းသီးလုံးအရွယ်ခန့်ရှိကာ လက်ရှိကြောင်၏ မျက်လုံးကဲ့သို့ အသက်ဝင်နေလေသည်။ နီမောင်က ဆက်မကြည့်ဝံ့တော့သဖြင့် ကြောင်နက်မျက်လုံးနှစ်လုံးကို အဝတ်စဖြင့် ထုတ်ပတ်ထားလိုက်သည်။ ထို့နောက် ကျွန်းသေတ္တာကြီးကို နွယ်ကြိုးများဖြင့် ပတ်ချည်ကာ အပေါ်မှဆွဲတင်ကြသည်။

ကျွန်းသေတ္တာကြီး အပေါ်သို့ ရောက်သွားသောအခါ နီမောင်





တို့ သုံးယောက်က အပေါ်သို့ တက်ကြလေသည်။ သူတို့ သုံးယောက် အပေါ်သို့ရောက်သောအခါ ဆရာမြက....

"ကြောင်အမြုတေ ဘယ်မှာလဲ၊ ငါ့ကိုပေး"

"ဟု လေသံမာမာဖြင့် တောင်းသဖြင့် နီမောင်က ဇဝေဇဝါဖြင့် အိတ်ထဲမှာ အဝတ်ဖြင့် ပတ်ထုတ်ထားသော ကြောင်အမြုတေကို လှမ်းပေးလိုက်သည်။

ဆရာမြက အဝတ်စကို ဖြည်ကြည့်နေစဉ်မှာ တောတိုးလာသံများကို ကြားကြရသည်။ တဟီးဟီး တဟားဟားနှင့် ရယ်မောသံများ၊ တီးတိုးစကားပြောသံများ၊ ခြေသံများကို ကြားလိုက်ရသောအခါ နီမောင်စိတ်ထဲမှာ ဦးသီလ ပြောလိုက်သလို အန္တရာယ်များရောက်လာပြီလားဟု တွေးလိုက်သည်။

ထိုအခိုက်မှာပင် ခြေသံများက တဖြည်းဖြည်းနီးလာပြီး သစ်ပင်သစ်ကိုင်းများ လှုပ်ရှားလာသည်ကိုပင် လှမ်းမြင်နေရသည်။ ခဏကြာတော့ တောထဲမှ လူငါးယောက် ထွက်လာသည်။ ဓာမုန်းထန် ခေါင်းဆောင်သော လူငါးယောက်ပင်ဖြစ်သည်။ သူ့ကိုယ်ထက်ထဲမှာ လက်နက်ကိုယ်စီပါပြီး အားလုံးကို ချိန်ထားလေသည်။

"တစ်ယောက်မှ မလှုပ်ကြနဲ့ ဓားလှံလက်နက်တွေကို အောက်ကို ချထားလိုက်"

ဟု အမိန့်ပေးသဖြင့် လက်ထဲမှာ ကိုင်ထားသည့် ဓားလှံများကို အောက်သို့ချထားလိုက်ကြသည်။ ထိုအခါ လူနှစ်ယောက်က [illegible] ပြီး နီမောင်တို့တတွေကို နွယ်ကြိုးများဖြင့် တွဲချည်လိုက်[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမြကိုတော့ ဘာမှမလုပ်ကြပေ။

"ကြောင်နက်အမြုတေ ရပြီလားဆရာကြီး"

ဇာမုန်းထန်က မေးသည်။

"အေး ရပြီ"

"ဒီသေတ္တာထဲမှာ ဘာတွေပါသလဲ"

"ရတနာပစ္စည်းတွေ ဖြစ်မယ်ထင်တယ်၊ ဖွင့်ကြည့်ကြစမ်း"

ဆရာမြက အမိန့်ပေးလိုက်သည်နှင့် လူနှစ်ယောက်က ချထားသော တူရွင်းများကိုယူ၍ သော့ခလောက်များကို ရိုက်ဖွင့်လိုက်ရာ ပွင့်ထွက်သွားလေသည်။ အဖုံးကို ဖွင့်ကြည့်လိုက်တော့ မီးရောင်များဖြင့် သေတ္တာအတွင်းမှ ရတနာများကို တွေ့မြင်ကြရလေသည်။

ထိုအခြေအနေရောက်တော့မှ နီမောင်တို့တတွေမှာ ဆရာမှတ်၍ အားကိုးခဲ့သော ဆရာမြမှာ ရန်သူတစ်ယောက်ဖြစ်နေမှန်းသိရသော်လည်း နောက်ကျသွားလေပြီ။

"ကဲ..ကဲ..ကဲ အဲဒီပစ္စည်းတွေကို အိတ်တစ်လုံးထဲကို ထည့်ကြကွာ၊ သွားကြရအောင်"

"ဒီပစ္စည်းတွေက သူတို့ဘုရားတည်ဖို့ ရည်စူးထားတာတွေဆိုတော့ နည်းနည်းတော့ချန်ထားခဲ့ပါ"

နီမောင်က လှမ်းပြောလိုက်သည်။ ထိုအခါ ဆရာမြက...

"ဘာကြောင့်ချန်ထားရမှာလဲကွ၊ ဒီပစ္စည်းတွေနဲ့ ကြောင်နက်အမြုတေရဖို့ ငါတို့ ဘယ်လောက်ကြိုးစည်ခဲ့ရတယ်ဆိုတာ မင်းသိရဲ့လား၊ မင်းတို့လှေထဲမှာ ပါတဲ့ ကုန်ရောင်းထားတဲ့ ငွေတွေကို ငါတို့





မယူသွားပါဘူး၊ စေတနာရှိရင်လဲ ကိုယ့်ငွေနဲ့ကိုယ် ဘုရားတည်ပေးလိုက်ကြပေါ့ကွာ"

ဟု ပြောဆိုကာ ရတနာပစ္စည်းများကို အိတ်ဖြင့်ထည့်ယူကာ ပြန်ထွက်သွားလေတော့သည်။ နီမောင်တို့တတွေမှာ ကြိုးတုပ်လျက်သားနှင့် နေရာတွင် ကျန်ရစ်ခဲ့ကြလေသည်။

အမှန်တော့ အားလုံးက ဆရာမြကို ယုံကြည်အားကိုးနေကြသည်။ ဆရာမြက ကြောင်နက်အမြုတေရရန် လျှို့ဝှက်အကြံအစည်ဖြင့် လိုက်လာသူဖြစ်၏။ ထိုနေ့ညက ဇာမုန်းထန်တို့ စခန်းကို သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ရာ အချို့သေဆုံးကုန်ကြပြီး ဇာမုန်းထန်တို့ ငါးယောက်က လွတ်မြောက်သွားကာ တစ်နေရာတွင် ပုန်းအောင်းနေကြသည်။

ဆရာမြနှင့် နီမောင်တို့လှေကြီးထွက်သွားသောအခါ ၎င်းတို့စက်လှေဖြင့် နောက်မှ မယောင်မလည်နှင့် လိုက်လာကြသည်။ မဲလိပ်ကျွန်းသို့ရောက်သောအခါ တော၏အခြားနေရာမှ အပေါ်သို့တက်ကာ စောင့်ဆိုင်းနေကြသည်။ ကြောင်နက်အမြုတေနှင့် ရတနာများရသောအခါ ယခုကဲ့သို့ လုယက်ကာ ယူသွားကြခြင်းဖြစ်သည်။

"ငါတို့အဖြစ်ကတော့ကွာ၊ ကြောင်သူတော်ကို ငါးကြော်ပွဲ စောင့်ခိုင်းသလိုဖြစ်နေပြီ၊ သူခိုးလက် သော့အပ်သလိုပဲ၊ အခုတော့ အားလုံးပါသွားပြီ"

"ဒီပစ္စည်းတွေပါသွားတာထက် ဘုရားတည်ပေးဖို့ကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဦးသီလတို့ကို ကတိပေးထားပြီးနေမြို ဘယ်လိုလုပ်ကြမလဲ အဘ"

"ကတိပေးထားပြီးရင် တည်ဆောက်ရတယ်၊ နောက်ပြီး ဒီကိစ္စက သိပ်အရေးကြီးတယ်၊ ပရလော်ကသားတွေဆိုတာ လူတွေလုပ်ပေးမှ အမျှအတမ်းရကြမှာ၊ ဒီတော့မှ ကျွတ်ခွင့်ရှိတဲ့လူတွေ ကျွတ်နိုင်ကြမယ်၊ ငါ့မှာရှိတဲ့ စည်းစိမ်တွေ ကုန်ချင်ကုန်ပစေ၊ ကုန်ရောင်းလို့ရတဲ့ ငွေတွေနဲ့ပဲ ဘုရားတည်မယ်"

ဟု ဦးဗန်ကောင်းက ပြောသည်။

"ကောင်းတယ်အဘ၊ ကျွန်တော့်အတွက်ရမယ့် လုပ်အားငွေတွေပါ အားလုံးထည့်လှူလိုက်မယ်"

"သာဓုကွယ် သာဓု...သာဓု"

ထိုသို့ပြောနေစဉ်မှာပင် အမှောင်ထဲမှာ ခြေရောလက်ပါ ကြိုးတုပ်ခံထားရသဖြင့် မလှုပ်နိုင်ကြဘဲ ခြင်နှင့်ပိုးလောင်းများ ကိုက်ခံသည့်ဒဏ်ကို အလူးအလဲခံကြရလေသည်။ တောခြင်ရိုင်းများမှာ ဖွဲဖြင့် ဆုပ်ပက်သကဲ့သို့ တဖွဲဖွဲနှင့် လာရောက်ကိုက်ဖဲ့ကြရာ မခံမရပ်နိုင်အောင် ရှိကြလေသည်။ အရုဏ်တက်ချိန်လောက် ရောက်သောအခါ တောတိုးလာသော လှည်းသူသံများ ကြားရသဖြင့် အူသံပေးလိုက်သည်။

"အူ..ပူ..ပူ"

သံရှည်ဆွဲ၍ အူလိုက်သောအသံက တိတ်ဆိတ်နေသော တောထဲမှာ ပဲ့ကင်ထပ်သွားလေသည်။ ထိုသို့ အူလိုက်ပြီး ခဏကြာတော့ တဖက်မှ ပြန်အူသံကို ကြားရသည်။





"အူ...ပူ..ပူ"

ထိုသို့အပြန်အလှန် အူရင်းမှပင် အတန်ကြာသောအခါ မီးတုတ်များကိုင်ထားသော လေသားသုံးယောက်တို့ ရောက်လာကြသည်။

"ဟာ အဘတို့... ဘယ်လိုဖြစ်နေကြတာလဲ၊ ကျွန်တော်တို့က အဘတို့ ကြာနေတာကို စိတ်မချလို့ တက်လိုက်လာကြတာ"

ဟုပြောကာ ချည်ထားသော နွယ်ကြိုးများကို ဖြေပေးကြသည်။

"မင်းတို့လိုက်လာလို့သာ တော်ရော့ကွာ၊ မဟုတ်ရင် တစ်ညလုံး ခြင်တွေကို သွေးလှူရတာနဲ့ မနက်လင်းရင် အသက်တောင်ရှိတော့မယ် မထင်ဘူး၊ ဒါထက် ကမ်းဘက်မှာ အခြေအနေ ဘာထူးသလဲ"

ဦးဗန်ကောင်းက မေးလိုက်သည်။

"သန်းခေါင်ကျော်အချိန်လောက်က ကျွန်တော်တို့လှေနဲ့ မနီးမဝေး နေရာလောက်က စက်လှေတစ်စင်း မောင်းထွက်သွားတာတော့ အသံကြားလိုက်ရတယ်၊ ဘယ်က စက်လှေလဲတော့ မသိဘူး"

ထိုစကားကြားသောအခါ ဇာမုန်းထန်တို့ လွတ်မြောက်သွားပြီဟု သိလိုက်ကြသည်။ ထို့နောက် လှေရှိရာသို့ ပြန်ဆင်းခဲ့ကြလေတော့သည်။

အရုဏ်တက်လာပြီဖြစ်သောကြောင့် အရှေ့ဘက်တောတန်းပေါ်မှာ အရုဏ်ဦးအလင်းရောင်များက တက်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

### လောဘသားတို့၏ ကံကြမ္မာနိဂုံး

လှေခြောက်ယောက်ကို တင်ဆောင်လာသော ဇာမုန်းထန်တို့ စက်လှေသည် မဲလိပ်ကျွန်းမှ စထွက်လာစဉ်က အကောင်းအတိုင်းပင်ဖြစ်သည်။ အေးအေးဆေးဆေး မောင်းလာကြစဉ် ကျွန်းညိုကြီးဘက်သို့ ကူးသည့်နေရာလောက်တွင် မြစ်လယ်ခေါင်မှာပင် ရေအောက်မှ တစ်စုံတစ်ရာနှင့် ထိမိသောကြောင့် ပန်ကာဒလက်များ ပဲ့ထွက်ကုန်တော့သည်။

"ဒုတ်..ဒုတ်..ဒုတ်"

ဟူသော အသံကြားလိုက်ရပြီး စက်ရပ်သွားတော့သည်။

"ဘာဖြစ်တာလဲ၊ သောင်ငြိတာလား"

"မြစ်လယ်ခေါင်ကြီးတော့ သောင်မငြိတန်ပါဘူး"

"ပန်ကာဒလက်တွေ အားလုံးပဲ့ထွက်ကုန်ပြီ သစ်တုံးနဲ့များ ဝင်ဆောင့်မိရော့သလား မသိဘူး"





"အရေးကြီးပါတယ်ဆိုမှကွာ၊ အရေးထဲ အရာပေါ်နေရသေးတယ်၊ ဟော်ကြာ ဟိုလှေက ထွက်လာလို့ တို့ကိုမှီလာရင် အားလုံး ခက်ကုန်တော့မှာပဲ"

"မမှီတန်ပါဘူး ဆရာကြီးရဲ့၊ သူတို့ကို တောထဲမှာ ကြိုးနဲ့အသေအချာ တုပ်ထားခဲ့တာပဲ"

"ဟော..ဟိုမှာ..ဟိုမှာ စက်လှေနောက်မှာ ဘာကြီးလဲ၊ သစ်တုံးကြီးများလား"

"သစ်တုံးကြီးမဟုတ်ဘူးဗျို့၊ မိကျောင်းကြီးဗျ၊ မိကျောင်းကြီး၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ စောစောက သူနဲ့ဝင်တိုက်လို့ ပန်ကာဒလက်တွေ ပဲ့ထွက်ကုန်တာဖြစ်တယ်"

"အမလေး ဒီလောက်ကြီးတဲ့မိကျောင်းကြီးကများ စက်လှေအောက်က ဝင်ထမ်းလိုက်လို့ကတော့ ဒုက္ခများတော့မှာပဲ၊ ဟော့ ကမ်းစပ်ရောက်အောင် လုပ်ကြပါဟ"

ဟု ဆရာမြက ပြောသဖြင့် ရေစီးအတိုင်း မျောပါနေသော စက်လှေကို ကမ်းစပ်ရောက်အောင် လက်ဖြင့်ယက်သူကယက် ပျဉ်ပြားနှင့် ယက်သူကယက်ကြရာ ကမ်းဘေးသို့ တဖြည်းဖြည်းနီးသွားလေတော့သည်။

စောစောက ရေပေါ်၌ ပေါ်နေသော မိကျောင်းကြီးလည်း ပြန်ငုတ်သွားလေတော့သည်။ မနက်ပိုင်းရေတက်ချိန်မို့ ရေစီးနှင့် တရွေ့ရွေ့မျောပါလာကြရာ ဆွမ်းခံချိန်ရောက်သောအခါ ကျွန်းညိုကြီးနှင့် ထိပ်ကျော်ကျော်လောက် ရောက်လာကြသည်။



www.burmeseclassic.com

ထိုအခါမှ သူတို့တတွေမှာ နံနက်ပိုင်း ဘာမှမစားရသဖြင့် ဝမ်းဟာလာကြသည်။ ပြေးရင်းလွှားရင်းနှင့် လာကြသည်မို့ စက်လှေပေါ်မှာ သောက်ရေပင် မပါကြပေ။ မြစ်ရေကလည်း ရေငန်မို့ သောက်မရပေ။

"လှေပေါ်မှာ စားစရာလေးများ မပါကြဘူးလား"

"မပါဘူး ဆရာကြီး၊ ကျွန်တော်တို့လဲ မနေ့ကတည်းက ဘာမှ မစားကြရသေးဘူး၊ ဗိုက်ဆာနေကြတော့ အခုနေ ဈေးလှေကလေး ဘာကလေးတွေ့ရင် ကောင်းမှာပဲ"

ဟု ပြောဆိုနေကြစဉ် လမုတောထဲမှ ထွက်လာသော လှေတစ်စင်းဆီမှ ဈေးအော်သံကြားရလေသည်။

"အဲဒီက မုန့်ဟင်းခါး ခေါက်ဆွဲပါတယ်တော်"

ဟူသော အသံကိုကြားရသဖြင့် ဇာမုန်းထန်တို့မှာ ဝမ်းသာအားရ ဖြစ်သွားကြသည်။

"ဈေးသည် ဒီကိုလာပါဦး"

ဟု လှမ်းခေါ်လိုက်ရာ ဈေးလှေက သူတို့စက်လှေရှိရာသို့ ဦးတည်လာပြီး အနားရောက်တော့ ဘေးချင်းယှဉ်ကပ်သည်။ ဈေးသည်မှာ ခမောက်ကြီးဆောင်းထားသည့် အဖွားကြီးတစ်ယောက်ဖြစ်သည်။

"ဘာတွေရောင်းဖို့ ပါသလဲ"

"မုန့်ဟင်းခါး ခေါက်ဆွဲ ပါပါတယ်"

"ဘယ်လိုရောင်းသလဲ"





"တစ်ဆယ်သားယူရင် ဆယ့်ငါးပြား၊ နှစ်ဆယ်သားယူရင် တစ်မတ်ပါကွယ်"

"ကဲ ဒီလိုဆိုရင် စက်လှေပေါ်မှာ လူခြောက်ယောက်ပါတယ်၊ ခင်ဗျားလှေပေါ်မှာပါတဲ့ မုန့်ကို အကုန်ဝယ်လိုက်မယ်၊ ချိန်လည်း မနေနဲ့တော့၊ ကျုပ်တို့ အဝစားကြမယ်"

"စားပါကွယ်၊ သဘောကျသလိုသာ စားကြပါ"

ဟု ခွင့်ပေးပြီး မုန့်ပွဲများကို တစ်ပန်းကန်ပြီးတစ်ပန်းကန် ပြင်ပေးရာ ဇာမုန်းထန်တို့တတွေမှာ ခေါင်းမဖော်တမ်း စားကြလေသည်။ မုန့်ဟင်းရည်မှာ တောချက်ဟုသာ ဆိုရသော်လည်း ငါးနိုင်နိုင် ငံပြာရည်ကောင်းကောင်းဖြင့် ချက်ထားဟန်ရှိသောကြောင့် အရသာရှိလှလေသည်။

စက်လှေပေါ်မှ လူခြောက်ယောက်တို့မှာ အဖွားကြီးလှေပေါ်မှာ ပါလာသော မုန့်များကို ကုန်စင်အောင် စားပြီးသောက်ပြီးသော အခါမှ နေသာထိုင်သာ ရှိသွားတော့သည်။

"အဖွားကြီး ခင်ဗျားမုန့်ဖိုး ဘယ်လောက်ကျသလဲ"

"မောင်တို့ပဲ ကြည့်ရှုပြီး ပေးပါကွယ်"

ထိုအခါ ဇာမုန်းထန်က ပေးစရာလည်း ငွေမရှိသောကြောင့် ၎င်းတို့ယူလာသော ငွေအိတ်ထဲမှ ငွေဒင်္ဂါးတစ်ပြားကို ထုတ်ယူကာ လှမ်းပေးလိုက်သည်။

"ဒီလောက်ဆိုရင် ရမလား"

အဖွားကြီးက ဇမုန်းထန်လှမ်းပေးသော ငွေဒင်္ဂါးကို လှမ်းယူပြီး

www.burmeseclassic.com



အသေအချာကြည့်သည်။ ငွေဒင်္ဂါးက ပန်းတစ်ဖက် ကြောင်နက်ခေါင်းတစ်ဖက် ဖြစ်သည်။

"ဒီငွေဒင်္ဂါးတော့ မယူပါရစေနဲ့ကွယ်"

"ဟင် ဘာဖြစ်လို့လဲဗျ၊ အတုကြီးမှတ်လို့လား"

"မဟုတ်ပါဘူးကွယ်၊ ဒီပစ္စည်းတွေက ဘုရားအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေမို့ပါ"

"ဟင်"

ထိုစကားကြားရသောအခါ ဓာမုန်းထန်သာမက ဆရာမြပါ အံ့ဩသွားလေသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ခင်ဗျား ဘာစကားပြောတာလဲ"

"ကျုပ် ဘာစကားပြောမိလို့လဲ၊ ဒီငွေဒင်္ဂါးတွေက ကြောင်တစ်ရာရွာကလူတွေ ဘုရားတည်ဖို့ စုဆောင်းထားတယ်ဆိုတာ တစ်နယ်လုံး သိနေကြတာပဲ"

"အဲဒါတွေ ခင်ဗျားဘယ်လိုသိသလဲ"

"ဘယ်လို သိရမလဲ၊ ကျုပ်ကိုယ်တိုင်က ကြောင်တစ်ရာရွာသားပဲ၊ မသိ ရှိပါ့မလား"

အဖွားအိုထံမှ ထိုစကားကြားသောအခါ ပို၍ အံ့ဩသွားကြလေသည်။

"မောင်ရင်တို့ကို ကျုပ်တစ်ခုပြောမယ်၊ ဘုရားအတွက် ကျောင်းအတွက် ရည်စူးထားတဲ့ ပစ္စည်းမျိုးဆိုတာ မသုံးစွဲအပ်ဘူး၊ သုံးစွဲရင် ဒီဘဝမှာလည်း အဝီစိငရဲမှာ ဂျိုးကပ်အောင်ခံရလိမ့်မယ်၊ ကျုပ်မုန့်ဖိုး





မရရင်လည်း နေပါစေတော့ ငရဲခံရမယ့် ပစ္စည်းကိုတော့ တစ်သက်လုံးမယူဘူး၊ သွားတော့မယ်ဟေ့"

ဟုပြောကာ လှေကို ပြန်ခွာထွက်သွားလေသည်။ ဓာမုန်းထန်တို့မှာ နောက်မှ လိုက်သွားချင်သော်လည်း စက်ကလည်းပျက် လှော်တက်ကလည်း မရှိသောကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြပေ။ အဖွားကြီးက မလှမ်းမကမ်း နေရာရောက်မှ ခေါင်းပေါ်မှ ဆောင်းထားသော ခမောက်ကို ချွတ်လိုက်ရင်း...

"မင်းတို့အပေါ်မှာ ငါ့ရဲ့မုန့်ဖိုးအကြွေး တင်သွားပြီနော်၊ ဒီဘဝကြွေအောင်ဆပ်ချင်ဆပ်၊ မဆပ်ရင် နောင်ဘဝမှာ မကျေမချင်း ကျွန်ခံဆပ်ရမယ်"

ထိုစကားကြောင့် ဓါးသထွက်ကာ ဆွေ့ဆွေ့ခုန်သွားကြသော်လည်း ဘယ်လိုမှ မတတ်သာတော့ပေ။

"နောက်တစ်ခု ပြောခဲ့ရဦးမယ်၊ နင်တို့ယူလာတဲ့ ပစ္စည်းတွေကို ဘုရားတည်တဲ့ဆီကို ရောက်အောင်ပြန်ပို့ရင်ပို့၊ မပို့ရင်တော့ နင်တို့ ဒုက္ခရောက်ပြီသာ မှတ်ကရော့"

"အဖွားကြီး၊ ခင်ဗျား ဘာစကားပြောတာလဲ၊ သေနတ်နဲ့ ပစ်သတ် လိုက်ရမလား၊ ခင်ဗျားရောင်းတဲ့ မုန့်ဟင်းခါးစားတာနဲ့ ဘာဖြစ်မှာလဲ၊ ပြောပါဦး"

"ခင်ဗျားခြိမ်းခြောက်တိုင်း ကြောက်မယ်ထင်သလား၊ ကျုပ်က ဆရာတစ်ယောက်ဗျ။ သိရဲ့လား"

"နင်က ဘာဆရာလဲ၊ ဘုရားပစ္စည်းတွေကို မတရားစိုချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာအယောင်ဆောင်နေတာ ငါမသိဘူးထင်နေသလား၊ နင်ဆရာ အစစ်ဆိုရင် စောစောက စားလိုက်တဲ့အစာတွေကို ပြန်အန်ထွက်အောင် လုပ်ချင်လုပ်၊ မလုပ်ရင်တော့ ဒုက္ခတွေ့ပြီသာ မှတ်ကရော့"

ဟုပြောကာ အဖွားကြီးက ခမောက်ကြီးကို ပြန်ဆောင်းကာ ကမ်းစပ်ဘက်သို့ လျှောက်သွားလေတော့သည်။

"ဆရာကြီး သူပြောသွားတာတွေက တကယ်ပဲလား၊ ဘယ့်နှယ် လုပ်ကြမလဲ"

တမုန်းထန်က မျက်လုံးပြူးမျက်ဆန်ပြူး မေးသည်။

"အလကားပါကွာ၊ အဖွားကြီး သွေးရူးသွေးတန်းစကားတွေ ပြောသွားတာကို ယုံမနေပါနဲ့၊ ငါတစ်ယောက်လုံးရှိပါသေးတယ်"

"မဟုတ်ဘူး ဆရာကြီး၊ ဒီအဖွားကြီးရဲ့ မျက်နှာကို ကျွန်တော် မြင်ဖူးသလိုပဲ၊ သူကြီးအိမ်မှာ ထမင်းလာချက်ပေးနေတဲ့ အဖွားကြီး မဟုတ်လား"

ထိုအခါမှ ဆရာမြမှာ ဇဝေဇဝါဖြင့် သတိရလာသည်။

"အေး မင်းပြောမှသတိရတယ်၊ ဒေါ်မင်းဓာဆိုတဲ့ အဖွားကြီး မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ရုပ်ချင်းတူလို့ ဖြစ်ပါလိမ့်မယ်ကွာ၊ သူတို့က သူပုန်တွေ မီးရှို့လို့ ရွာပျက်ပြီး ထွက်ပြေးသွားကြပြီပဲ၊ မဖြစ်နိုင်ပါဘူး"

ဟုသာ ပြောနေကြရသော်လည်း ဆရာမြကိုယ်တိုင် စိတ်ထဲမှ တထင့်ထင့်ဖြစ်နေသည်။ ၎င်းတို့စက်လှေမှာ ရေစီးအတိုင်း တအိအိ





မျောပါနေသည်။ တဖြည်းဖြည်းနှင့် နေရောင်ခြည်ကလည်း မြင့်တက်လာပြီဖြစ်သောကြောင့် အပူရှိန်ကလည်း များလာသည်။ နေပူရှိန်ကြောင့် ရေငတ်လာကြရာ နောက်ဆုံးမတတ်သာပဲ ချောင်းရေကိုပင် အာဆွတ်ရုံ အာသာပြေ သောက်ကြရသည်။

ရေငန်တဝက်ရောနေသော ရေကို သောက်လိုက်ပြီး မကြာခင်မှာ အချဉ်ဖောက်ကာ လုပ်ထားသော မုန့်ဟင်းခါးက အစွမ်းပြလာပြီး ဗိုက်နာလာကြသည်။ နေ့လည်ဘက်ရောက်သောအခါ အားလုံးမှာ မခံမရပ်နိုင်အောင် ဗိုက်နာလာကြကာ တစ်ယောက်ပြီးတစ်ယောက် ပဲ့စင်တက်ကာ ဝမ်းသွားကြရလေတော့သည်။

ဝမ်းသွားသည်မှာ မရပ်မနားဖြစ်နေလေရာ စက်လှေပေါ်၌ပါ လူခြောက်ယောက်တို့မှာ တစ်ယောက်ပြီးတစ်ယောက် ပဲ့စင်ပေါ်မှ မဆင်းရအောင် ဖြစ်နေကြသည်။ မုန့်ဟင်းခါးအချဉ်ပေါက်ပြီး ရေငန်ရေသောက်မိသောကြောင့် ဝမ်းပျက်ကြသည်ဟု ထင်စရာရှိသော်လည်း အဖွားကြီးပြောသွားသော စကားများက စိတ်ထဲမှာ ဥပါဒ်ဒဏ်ဖြစ်နေကြသည်။

နောက်ဆုံး နေ့လည်ဘက်ရောက်သောအခါ ရေပြည့်သွားပြီဖြစ်သောကြောင့် လှေက ရှေ့ဆက်မသွားတော့ပဲ ရပ်တံ့သွားလေတော့သည်။ မကြာခင် ရေပြန်ကျတော့မည်။ ရေပြန်ကျလျှင် စက်လှေသည် အောက်ဘက်သို့ ပြန်လည်မျောပါဦးတော့မည်။

လူခြောက်ယောက်ကတော့ တစ်ယောက်မှ မလှုပ်နိုင်တော့ပဲ လှေဝမ်းအလယ်၌ အသီးသီးလဲကာ အိပ်ပျော်သွားကြလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့အိပ်ပျော်သွားချိန်မှာ ရေကျပြီဖြစ်သောကြောင့် လှေက အောက်ဘက်သို့ တအိအိနှင့် ပြန်လည်မျောပါသွားလေတော့သည်။

အချိန်ကလည်း ညနေနေဝင်ရီတရောအချိန် ရောက်သွားချေပြီ။ ထိုအချိန်မှာ နီမောင်တို့က ရေပြည့်စဉ်က လှေကို အပြင်သို့ ထုတ်ထားပြီး ပြန်ရန်အတွက် ညဘက်ရေပြန်တက်ချိန်ကို စောင့်ဆိုင်းနေကြခြင်းဖြစ်၏။ ထိုအခိုက်မှာပင် ဝဲလယ်ကာ မျောပါလာသော ဓာမုန်းထန်တို့၏ စက်လှေကို လှမ်းမြင်လိုက်ရသောအခါ များစွာ အံ့သြသွားကြသည်။

"အဘ ဟိုမှာမျောလာတာ ဟိုလူတွေရဲ့ စက်လှေမဟုတ်လား"

"အေး ဟုတ်တယ်၊ ဘယ်လိုဖြစ်လာကြသလဲ မသိဘူး၊ လူတွေလဲ တစ်ယောက်မှ မမြင်ပါလား"

"ကျွန်တော်တို့ သွားကြည့်လိုက်မယ်"

"သတိဝီရိယနဲ့ သွားကြနော်"

နီမောင်နဲ့ လှေသမားသုံးယောက်တို့သည် ဓားတစ်လက်စီကို ယူ၍ လှေပေါ်မှ ခုန်ဆင်းကာ သောင်ပေါ်မှ လျှောက်သွားကြသည်။ စက်လှေအနီးသို့ရောက်သောအခါ အခြေအနေကြည့်လိုက်ရာ စက်လှေဝမ်းထဲမှာ လူခြောက်ယောက်စလုံး သတိမေ့ကာ လဲကျနေသည်ကို မြင်ရသဖြင့် စက်လှေကို ဆွဲယူလာသည်။ လှေဝမ်းထဲမှာတော့ ၎င်းတို့ယူဆောင်သွားသော ကျွန်းသေတ္တာကြီးကို တွေ့ရသည်။

"ဘယ်လိုဖြစ်သွားကြတာလဲ"

"ဒါကတော့ သူတို့ထိုက်နဲ့သူတို့ကံ ဖြစ်တာနေမှာပဲ၊ ဒါက အရေး





မကြီးဘူး၊ တို့ရဲ့ စေတနာမှန်လို့ ဒီပစ္စည်းတွေကိုပြန်ရတာပဲ၊ ကဲ ကဲ အချိန်မရှိဘူး၊ အဲဒီသေတ္တာကြီးကို တို့လှေကြီးပေါ် ကို ပြန်တင်ကြပေ့၊ ဟို ဆရာစုတ်ယူသွားတဲ့ ကြောင်အမြုတေကိုပါ တစ်ပါတည်း ယူလာခဲ့ကြ"

ဟု ဦးဗန်ကောင်းက လှမ်းပြောလိုက်သဖြင့် နီမောင်တို့က စက်လှေဝမ်းထဲမှ ကျွန်းသေတ္တာကြီးကို အပေါ်သို့ မတင်ပေးလိုက်သည်။ ထို့နောက် ဆရာမြ အိတ်ထဲမှာထည့်ထားသော ကြောင်အမြုတေ ထည့်ထားသော အထုပ်ကိုယူ၍ လှေပေါ် ပြန်တက်ကြလေသည်။

ထိုအချိန်မှာပင် ဒီရေက တစ်ဖန်ပြန်တက်လာပြီဖြစ်သောကြောင့် လှေကြီးဖြုတ် ထိုးဝါးနှုတ်ကာ မဲလိပ်ကျွန်းမှ ထွက်ခွာသွားလေတော့သည်။ ဓာမုန်းထန်တို့ စက်လှေကတော့ သောင်ခြေမှာ ကပ်မြဲကပ်လျက် ကျန်ရစ်ခဲ့လေသည်။

ညဦးပိုင်းရေတက်ချိန် ဒီရေကမြူး၊ လှိုင်းကလှူးလာသဖြင့် စက်လှေမှာ လိုက်ပုတ်သည့်အရှိန်ကြောင့် တဖြည်းဖြည်းနှင့် သောင်ပေါ် တက်သွားပြီး ရေပြည့်ကာနီးအချိန်လောက်တွင် တောခြေသို့ ရောက်သွားတော့သည်။ ထိုအချိန်မှာပင် အမှောင်ရိပ်ဖုံးနေသော တောထဲမှ လူတစ်စု ထွက်လာပြီး ဓာမုန်းထန်တို့လှေကို တောစပ်ရောက်အောင် ဆွဲတင်သွားကြလေသည်။ ထိုအခါမှ လှေပေါ်မှာ သတိလစ်နေသလို ဖြစ်နေ‌သော လူတစ်စုမှာ ပြန်နိုးလာကြသည်။ ကပျာကယာ ထကြည့်သောအခါ သူတို့စက်လှေပတ်ဝန်းကျင်မှာ ရပ်နေသော လူများကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘယ်သူတွေလဲ၊ ငါတို့ကို ဘာလုပ်မလို့လဲ"

ဇာမုန်းထန်က သောင်းကျန်းသူများရောက်လာပြီအထင်နှင့် မေးလိုက်သည်။ လှေဝမ်းထဲမှာ ချထားသည့် သေနတ်များကို ကြည့်တော့လည်း မတွေ့ရတော့ပေ။

လူတစ်စုက ဘာမှပြန်မပြောတော့ပဲ အင်အားချိနဲ့ကာ မလှုပ်နိုင်သော သူတို့လူစုကို တစ်ယောက်တဖက်စီ လက်မှကိုင်ကာ တောပေါ်သို့ ဆွဲတင်သွားကြသည်။ ဇာမုန်းထန်တို့မှာ မရုန်းသာ မဖယ်သာပဲ ထိုလူများဆွဲခေါ်ရာသို့ ဒရွတ်တိုက်ကာပါသွားကြလေတော့သည်။

"ငါတို့ကို ဘယ်ခေါ်သွားမလို့လဲ၊ လွှတ်ကြစမ်း"

သူတို့ကသာ အော်နေသော်လည်း ဆွဲမြဲဆွဲသွားကြရာ နောက်ဆုံးတော့ မနေ့က နီမောင်တို့ ဖွင့်ထားသော ကျောက်တွင်းကြီးရှိရာသို့ ရောက်သွားတော့သည်။

အမှောင်ရိပ်များဖုံးလွှမ်းနေသောကြောင့် သူတို့ကိုဆွဲခေါ်လာသူများ၏ မျက်နှာကို ကောင်းစွာမမြင်ရသော်လည်း ထိုတွင်းနေရာသို့ပြန်ရောက်လာသောအခါ များစွာ ကြောက်ရွံ့ထိတ်လန့်သွားကြသည်။

မနေ့ညက ထိုနေရာတွင် နီမောင်တို့ကို ကြိုးများဖြင့် တုပ်ထားခဲ့သော နေရာဖြစ်ပြီး ယခုတော့ မရှိတော့ပေ။ တွင်းပေါက်ဝ ရောက်သောအခါ ရှေ့မှသွားနေသော ခေါင်းဆောင်လုပ်သူက မီးတိုင်တစ်တိုင်ကို ရှဲ့ခနဲ ထွန်းလိုက်ရာ မဲမှောင်နေသော ပတ်ဝန်းကျင်မှာ အတန်အသင့် အလင်းရောင်ရလာသည်။

ထိုအခါမှ သူတို့ကို ခေါ်လာသူများကို ကြည့်လိုက်သည်။





ခေါင်းဆောင်လုပ်သူက သူတို့ကို တွင်းထဲဆင်းရန် လက်ဟန်ပြလိုက်သည်။

"ဟင် ဒီတွင်းထဲဆင်းရမယ်၊ ဟုတ်လား၊ မဆင်းပါရစေနဲ့ဗျာ၊ တောင်းပန်ပါတယ်"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ တစ်ကြိမ်တစ်ခါ မှားမိတာပါ။ ခွင့်လွှတ်ပေးပါ"

ဇာမုန်းထန်ရော ဆရာမြကပါ အမျိုးမျိုးတောင်းပန်သော်လည်း မရဘဲ တွင်းထဲဆင်းရန်သာ လက်ပြသည်။ နောက်ဆုံး ဘယ်လိုမှ ပြောမရသည့်အခါ ထိုလူများက ဖမ်းချုပ်ပြီး ဇာမုန်းထန်တို့ ခြောက်ယောက်ကို တွင်းထဲသို့ ပစ်ချလိုက်ကြလေသည်။

"အား..."

ကျယ်လောင်သော အော်သံများက တိတ်ဆိတ်နေသော တောထဲမှာ ပဲ့တင်ထပ်သွားလေတော့သည်။ ထို့နောက် ကျောက်ပြားကြီးကို တွင်းပေါက်ဝအပေါ်မှ ဖိပိတ်လိုက်ပြီးနောက် လူတစ်စုမှာ တောနက်ထဲသို့ ပြန်ဝင်သွားလေတော့သည်။ လောဘသားတို့၏ နိဂုံးက အဆုံးသတ်မလှခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

ချစ်ကံဆုံသည့် ချစ်သူများ

မပေါ်ဂနီချောင်းပေါက်ဝရောက်တော့ ရေပြန်ကျသွားပြီ ဖြစ်သောကြောင့် အတွင်းသို့ ဝင်မရတော့ပေ။ ညနေပိုင်း နေဝင်ရီတရောအချိန်မို့ ချောင်းဝနားမှာပင် လှေကိုဆိုက်ကပ်ကာ ညစာအတွက် ချက်ပြုတ်ကြလေသည်။

နီမောင်စိတ်ထဲမှာတော့ မြနှင်းဖြူကို သတိရနေသည်။ အနောက်ဘက်တောတန်းပေါ်မှာ တစွန်းတစ ကျန်ရစ်ခဲ့သော ဆည်းဆာရောင်များက အလွမ်းဓာတ်ကို ပိုမိုအားဖြစ်စေသည်။ မြစ်ရေပြင်ပေါ်မှာတော့ ရေကျချိန် တောင်လေတိုက်နေသောကြောင့် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။

ဆည်းဆာရောင်များက မြစ်ရေပြင်ပေါ်အထိ ကျဆင်းလျက်ရှိသည်။ မြစ်ရေနှင့်အတူ တအိအိမျောပါသွားသော ဗေဒါပင်များ





ကို ကြည့်ရင်း အတွေးများ ပျောက်ကွယ်သွားတော့ မြူနှင်းများကရစ်သိုင်းလာသောကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ဝေ့ဝေ့ဝါးဝါးဖြစ်လာပြီး နီမောင် မေးခနဲ အိပ်ပျော်သွားလေတော့သည်။

ထမင်းဟင်း ချက်ပြုတ်ပြီးသောအခါ မောမောပန်းပန်းနှင့်ညနေစာ စားသောက်ကြရန် ပြင်ဆင်နေစဉ်မှာ မလှမ်းမကမ်းမှလှော်လာသော လှေတက်သံကို ကြားကြရသည်။ နီမောင့်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။

ခဏကြာတော့ လှော်တက်သံပျောက်သွားပြီး လှေနံကို လက်တစ်ဖက်က လာရောက်ဆုပ်ကိုင်လေသည်။ ယခင်တစ်ကြိမ်ကဒီလိုပဲ ကြုံခဲ့ဖူးသောကြောင့် နီမောင် စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ဦးဇန်ကောင်းကတော့ ထိုအသံကိုကြားသည်နှင့် စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်သည်။

"စားစရာလေးများရှိရင် နည်းနည်းလောက်ပေးကြပါကွယ်"

"ဘာတဲ့လဲ နီမောင်"

"အရင်တစ်ခါတုန်းကလိုပဲ အစာလာတောင်းနေတာ အဘ"

"ဒီလိုဆိုရင် လှေပေါ်ကို တက်ခဲ့ဖို့ ဖိတ်လိုက်ပါကွယ်"

ထိုစကားကြောင့် နီမောင်မှာ မျက်လုံးပြူးသွားလေသည်။

"မကြောက်ပါနဲ့ကွာ၊ အခုဆိုရင် သူတို့နဲ့ တို့နဲ့က မိတ်ဆွေတွေဖြစ်သွားကြမှပဲ၊ ဘာမှကြောက်စရာမလိုတော့ပါဘူး၊ အပေါ်ကို တက်ခဲ့ဖို့သာ ဖိတ်ခေါ်လိုက်ပါ"

ဟုပြောသဖြင့် နီမောင်က...



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားဖို့ အပေါ်တက်ခဲ့ပါဗျ"

ဟု လှမ်းပြောလိုက်သည်။ ခဏကြာတော့ လှေကြီးပေါ်ကို အသွားကြီးတစ်ယောက် တက်လာသည်။ တခြားသူမဟုတ်ပေ။ ဒေါ်မင်းဇာပင်ဖြစ်သည်။

"ဟင် ဒေါ်မင်းဇာပါလား။ အချိန်မတော် ဘယ်က လှည့်လာတာလဲ"

"ဘယ်ကမှ မလှည့်ပါဘူး၊ လှေသူကြီးတို့ ဒီကနေ့ ရောက်လာမယ်မှန်းသိလို့ ထွက်ကြိုနေတာပါ"

ထိုစကားကြားသောအခါ လှေသမားအချို့က အံ့သြသွားကြသည်။ ဦးဗန်ကောင်းက လှေသမားတစ်ယောက်ကို ထမင်းတစ်ပန်းကန်ပြင်စေပြီး ဒေါ်မင်းဇာကို ပေးလိုက်သည်။

"စားဗျာ ဒေါ်မင်းဇာ၊ အခုလို ပြန်တွေ့ရတာ ကျုပ်ဖြင့်သိပ်ပြီး ဝမ်းသာတာပါပဲ၊ ကျုပ်က ခင်ဗျားတို့ကို ပြန်မတွေ့ရတော့ဘူးလို့တောင် ထင်နေတာ၊ ဒါထက် ဦးသီလနဲ့ ရွာသူရွာသားတွေကရော"

"သူတို့လဲ ရွာကို ပြန်ရောက်နေပါပြီ"

"ဟင် သောင်းကျန်းသူတွေက ခင်ဗျားတို့အိမ်တွေကို မီးရှို့သွားတာမဟုတ်လား"

"မီးရှို့လဲ ပြင်လိုက်ရင် ခဏပါပဲ၊ သစ်ဝါးတွေ အပေါသားပဲ"

ဒေါ်မင်းဇာက ထမင်းစားနေရင်း အေးအေးဆေးဆေး ပြောပြနေသည်။

"ဒါ..ဒါဖြင့် အားလုံးရွာကို ပြန်ရောက်နေကြပြီပေါ့၊ ဟုတ်လား အဖွား"





ဟု နီမောင်က ဝင်မေးလိုက်ရာ ဒေါ်မင်းဇာက ခေါင်းညိတ်ပြလိုက်သည်။ ထို့ကြောင့် နီမောင် ရင်ထဲမှာ အလုံးကြီးဆောင့်တက်လာသကဲ့သို့ ဝမ်းသာလုံးဆို့သွားလေသည်။ ယခုပင် လှေကြီးဖြုတ်ကာ ချောင်းထဲဝင်သွားချင်လောက်အောင် စိတ်က ဖြစ်နေသည်။

"ကျုပ်တို့ တစ်ရွာလုံးက လှေသူကြီးတို့ ပြန်လာတာကို စောင့်နေကြတာ၊ သွားရှာတဲ့ပစ္စည်းတွေတော့ ရခဲ့ရဲ့ မဟုတ်လား"

"အားလုံး ရခဲ့ပါတယ်"

"ဒီလိုဆိုရင် ကျုပ်ပြန်နှင့်တော့မယ်၊ ရေတက်တော့မှ ဝင်လာခဲ့ကြပေါ့"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ဒေါ်မင်းဇာ ပြန်တော့မည်ဆိုသောအခါ နီမောင်မှာ ဖင်တကြွကြွ ဖြစ်ကာ ဦးဗန်ကောင်းမျက်နှာကို ကွက်ကြည့်ကွက်ကြည့် လုပ်နေလေသည်။ ထိုအခြေအနေကို ရိပ်မိသော ဦးဗန်ကောင်းက....

"မင်းက လိုက်သွားချင်လို့လား"

ဟု မေးလိုက်သည်။

"ကျွန်တော် လိုက်သွားရမလား အဘ"

"မင်း သဘောပဲလေ၊ လိုက်ချင်သပဆိုရင် လိုက်သွားပေါ့"

ဟု ခွင့်ပေးရာ နီမောင်မှာ ဒေါ်မင်းဇာကို ခွင့်တောင်းပြီး လှေပေါ်သို့ ဆင်းလိုက်လာလေသည်။ ချောင်းထဲမှာ အမှောင်ရိပ်များဖုံးနေသော်လည်း ဒေါ်မင်းဇာက လှေကို ဖြောင့်ဖြောင့်တန်းတန်း လှော်လာလေသည်။ လမ်းရောက်တော့ ဒေါ်မင်းဇာက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုလို ငါနဲ့လိုက်လာတာ မကြောက်ဘူးလား"

"ဟင့်အင်း မကြောက်ပါဘူး"

"တကယ်လို့ ငါကလူမဟုတ်ပဲ တစ္ဆေသရဲဖြစ်နေရင် မခက်ဘူးလား"

"ကျွန်တော်ကမှ အဖွားအပေါ်မှာ မေတ္တာမပျက်ဘဲ၊ တကယ်လို့ အဖွားက လူအစစ်မဟုတ်ရင်တောင် ကျွန်တော့်ကို အန္တရာယ်ပြုမယ် မထင်ပါဘူး"

နီမောင်စကားကြောင့် ဒေါ်မင်းဇာက လေ့လှော်နေရင်းနှင့် ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ နီမောင်က နောက်လှည့်ကြည့်လျှင် တစ်စုံတစ်ရာ မြင်ရမှာစိုးသောကြောင့် ရှေ့ကိုသာ မျက်နှာမူထားသည်။ စိတ်ထဲမှာလည်း ကြောက်စိတ်ထက် မြနှင်းဖြူနှင့် တွေ့ဖို့သာ စိတ်စောနေ၏။

"မင်းကြည့်ရတာ မြနှင်းဖြူကို အတော်ကလေးစွဲလမ်းနေပုံရတယ်၊ ငါမေးပါရစေဦး၊ တကယ်လို့ မြနှင်းဖြူကရော လူအစစ်မဟုတ်ရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော် သူ့ကိုချစ်တာကလွဲပြီး ကျန်တာတွေ ဘာမှ မစဉ်းစားချင်ဘူး၊ သူ့ကိုလက်ထပ်ဖို့ပဲ အာရုံရှိတယ်"

"မင်းတို့ကလေးတွေဟာ အချစ်နဲ့တွေ့တာနဲ့ တခြားဘာမှ မစဉ်းစားတော့ဘူး၊ သူ့ကိုလက်ထပ်တော့ရော တစ်သက်လုံး လက်တွဲသွားရမယ်လို့ရော ထင်ထားသလား"

"အဲဒါကတော့ ကျွန်တော်တို့ရဲ့ ကံတရားပေါ့၊ နှစ်ဦးအတူတူ





နေရတဲ့ အချိန်လေးဟာ ဘယ်လောက်ပဲ အချိန်ကြာကြာ ရသမျှ အခိုက်အတန့်လေးကိုပဲ ကျေနပ်သွားမှာပါ"

"မင်းကတော့ တကယ့်လူပဲဟေ့၊ ငါတို့ထင်တာနဲ့တောင် မင်းက ဖွဲကောင်းနေသေးတယ်၊ ဒီလိုဆိုရင်လဲ ငါက မင်းကို အကူအညီတစ်ခု ပေးရမှာပေါ့"

"ဗျာ၊ ဘယ်လိုအကူအညီလဲ အဖွား"

"မြနှင်းဖြူနဲ့ တစ်သက်လုံးပေါင်းရမယ့် အကူအညီပေါ့"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာ ဝမ်းသာသွားလေသည်။

"ဘယ်လိုအကူအညီလဲ အဖွား၊ ပြောပြပါ"

နောက်မှ လေ့တက်သံကိုသာ ကြားနေရပြီး ဒေါ်မင်းဇာအသံက တော်တော်နှင့် ထွက်မလာသဖြင့် စိတ်မရှည်အောင် ဖြစ်မိသည်။ သို့သော်လည်း နောက်သို့လည်း လှည့်မကြည့်ဝံ့ပေ။

"ကျွန်းသေတ္တာကြီးရဲ့အောက်မှာ ငွေကြိုးလေးကိုတွေ့ရလိမ့်မယ်၊ အဲဒီငွေကြိုးဟာ မင်းချစ်သူမြနှင်းဖြူရဲ့ ဝိညာဉ်ကြိုးပဲ"

"ဟင်"

ထိုစကားကြောင့် နီမောင်မှာ များစွာ အံ့သြသွားလေသည်။

"တ..တကယ်ပြောတာလား အဖွား၊ မြနှင်းဖြူရဲ့ ငွေကြိုးရရင် ကျွန်တော်က ဘယ်လိုလုပ်ရမလဲဟင်"

"သူ့ရဲ့ဝိညာဉ်ကြိုးအစစ်ရလို့ သူ့ရဲ့ခေါင်းကို စွပ်လိုက်ရင် မင်းတို့နှစ်ယောက် တစ်သက်လုံးပေါင်းသင်းကြရလိမ့်မယ်၊ ဒါပေမဲ့အခု ခုတော့ရှိတယ်၊ သေတ္တာထဲမှာ ဝိညာဉ်ကြိုးက နှစ်ချောင်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တစ်ခုက မြနှင်းဖြူရဲ့ ဝိညာဉ်ကြိုး။ နောက်တစ်ခုက မြသင်းကြူရဲ့ ဝိညာဉ်ကြိုး။ ဒီနှစ်ခုကို မှန်အောင် ရွေးဖို့တော့ အရေးကြီးတယ်၊ တကယ်လို့ အရွေးမှားသွားရင် မင်း သူနဲ့ ပေါင်းသင်းခွင့်ရမှာ မဟုတ်ဘူး"

ထိုစကားကြောင့် စောစောက ရင်ထဲမှာ ပေါ်နေသော ပျော်ရွှင်မှုများမှာ စိုးရိမ်စိတ်က ရေထဲပုတ်ချလိုက်သကဲ့သို့ ချက်ချင်း ပျောက်သွားလေတော့သည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

"ငါ ဘယ်လိုရွေးရမလဲ"

ဟူသော ပဲ့တင်သံများက လှိုင်းထနေသည်။ ပါးစပ်မှလည်း တတွတ်တွတ်ရွတ်နေလေသည်။

"နီမောင်၊ နီမောင်၊ ဘာတွေရွတ်နေတာလဲ၊ ရေတက်လာပြီ၊ ချောင်းထဲဝင်ကြရအောင်"

ဟု ဦးဗန်ကောင်းက လှုပ်နှိုးလိုက်တော့မှ အိပ်မက်မှ လန့်နိုးလာတော့သည်။

"အိပ်နေရင်းနဲ့ ဘာတွေ ယောင်နေတာလဲ"

"ဟို..ဟို အိပ်မက်မက်နေလို့ပါ အဘ"

ဟုပြောရင်း အိပ်ယာမှ လူးလဲထသည်။ အခြားလှေသမားများက ကျောက်ဆူးနုတ်သူနုတ်၊ ကြိုးဖြုတ်သူဖြုတ်နေကြပြီဖြစ်သောကြောင့် ပဲ့စင်သို့ တက်လာခဲ့သည်။ အချိန်က သန်းခေါင်ကျော်အချိန်လောက် ရှိနေပြီဖြစ်သောကြောင့် လရောင်က မှုန်ဝါးဝါးဖြစ်နေသည်။





ခဏကြာတော့ ရေတက်နှင့်အတူ လှေကို မဟော်ဂနီချောင်းထဲသို့ ထိုးဝါးဖြင့်ထိုးကာ တဖြည်းဖြည်းဝင်လာကြသည်။ ပဲ့စင်ပေါ်မှာ တက်မ ကိုင်နေရင်းနှင့် အိပ်မက်အကြောင်းကို သတိရနေကာ စိတ်မှာ ဂဏာမငြိမ်အောင် ရှိနေလေသည်။

ချောင်းရိုးတစ်လျှောက်မှာ အမှောင်ရိပ်များရှိနေသော်လည်း လရောင်ကြောင့် ချောင်းရိုးတစ်လျှောက်ကိုတော့ ကောင်းစွာလှမ်းမြင်ရသည်။ ချောင်းထဲသို့ ဝင်သွားရင် အထဲရောက်လျှင် မီးလောင်ထားသော ရွာပျက်ကြီးကိုပဲ တွေ့ရလေမလား။

မြနှင်းဖြူတို့ ရွာသူရွာသားတွေကို တွေ့ရပါ့မလားဟု တွေးတောကာ စိတ်ပူပန်နေလေသည်။ သူတို့ထွက်လာစဉ်က မြနှင်းဖြူတို့ တစ်ရွာလုံး ထွက်ပြေးသွားကြသည်မို့ ပြန်တွေ့ရမည်ဟု မထင်မိပေ။ သို့သော်လည်း အတွင်းပိုင်းရောက်သွားသောအခါ အဝေးမှပင် မီးရောင်များကို လှမ်းမြင်ရသဖြင့် ဝမ်းသာသွားလေသည်။

"အဘ..အဘ ဟိုရှေ့မှာ မီးရောင်တွေ လှမ်းမြင်ရတယ်ဗျ"

နီမောင်က ဝမ်းသာအားရ လှမ်းပြောလိုက်သဖြင့် ဦးဗန်ကောင်းက ပေါင်းမိုးအတွင်းမှ အပြင်သို့ ထွက်လာသည်။ လှေဦးတည့်တည့်လောက်ဆီမှ မီးရောင်အချို့ကို လှမ်းမြင်ရသောအခါ "သူတို့ပြန်ရောက်နေကြပြီနဲ့တူတယ်"ဟု မှတ်ချက်ချသည်။

အတန်ကြာသောအခါ ရွာခြေသို့ရောက်သွားကြလေသည်။ ရွာတံတားထိပ်သို့ရောက်သောအခါ တံတားပေါ်မှာ ထွက်စောင့်နေကြသော လူအချို့ကို လှမ်းမြင်ရသည်။ ဦးသီလ၊ ဒေါ်နှင်းဖြူ၊ မြ



www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူ၊ မြသင်းကြူတို့ မိသားစုလေးယောက်တို့ ဖြစ်ကြသည်။ အခြားရွာသားများက အပေါ်မှ လှမ်းကြည့်နေကြသည်။

"ဘယ်လိုလဲ အဆင်ပြေခဲ့ရဲ့လား မိတ်ဆွေကြီး"

"ပြေပါတယ်ဗျာ၊ အားလုံးအဆင်ပြေခဲ့ပါပြီ၊ ဒါထက် ဦးသီလတို့ရော ဘယ်အချိန်က ပြန်ရောက်နေကြတာလဲ"

"သောင်းကျန်းသူတွေလဲ ပြန်သွားရော၊ ကျုပ်တို့လဲ ပုန်းနေရာက ပြန်ထွက်လာပြီး ကိုယ့်နေရာကိုယ် ပြင်ဆင်ကြရတာပေါ့ဗျာ"

လှမ်းကြည့်လိုက်တော့ ခါတိုင်းလိုပင် တစ်ရွာလုံး မီးရောင်တထိန်ထိန်နှင့် မြင်ရလေသည်။ ထို့နောက် ဦးဗန်ကောင်းနှင့် ဦးသီလတို့တတွေက စကားပြောရင်း အိမ်ပေါ်တက်သွားသောအခါ တံတားထိပ်၌ နီမောင်နှင့် မြနှင်းဖြူတို့ ကျန်ခဲ့ကြလေသည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြပြီး လက်ချင်းဆုပ်ကိုင်ထားလိုက်ကြသည်။

"ကိုယ်ဖြင့် မြနှင်းဖြူနဲ့ ပြန်မတွေ့ရတော့ဘူးထင်လို့ စိတ်ပူနေလိုက်ရတာ၊ အခုလို ပြန်တွေ့ရမှပဲ စိတ်အေးရတော့တယ်"

"ကျွန်မလဲ အစ်ကို့လိုပါပဲ အစ်ကိုရယ်"

"အခုဆိုရင် ကိစ္စတွေလဲ အတော်ပြီးသွားပြီ၊ ဘုရားတည်ပေးပြီးရင် အားလုံးပြီးပြီ၊ ကိုယ်တို့ပြန်ရင် မြနှင်းဖြူ တစ်ခါတည်း လိုက်ခဲ့မှာမဟုတ်လား"

"အစ်ကိုခေါ်ရင် လိုက်ခဲ့မှာပေါ့"

"ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ ဒီရက်အတောအတွင်းမှာ





လူကြီးတွေကို အသိပေးပြီး တစ်ခါတည်း တောင်းရမ်းလက်ထပ်မယ်၊ မကောင်းဘူးလား"

မြနှင်းဖြူက ပြုံး၍ ခေါင်းညိတ်ပြရင်း...

"အစ်ကို့သဘောပါပဲ"

ဟု ခပ်တိုးတိုးပြောလိုက်လေသည်။ ထို့နောက် ချစ်သူနှစ်ယောက်တို့မှာ တံတားထိပ်ရှိ ခုံတန်းလျားကလေးပေါ်မှာ ထိုင်ရင်း စကားလက်ဆုံ ပြောမကုန်အောင် ရှိနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

### အရွေးရခက်သည့် ငွေကြိုး

ဦးသီလညွှန်ပြသောနေရာတွင် ကိုးတောင်ပြည့်စေတီ တည်ကြသောအခါ ဦးဗန်ကောင်းတို့၊ နီမောင်တို့ လှေသမားများက ဦးဆောင်လုပ်ကိုင်ကြပြီး တစ်ရွာလုံးက ဝိုင်းဝန်းကူညီကြလေသည်။ ထိုရက်အတောအတွင်းမှာတော့ အားလုံးပျော်ရွှင်နေကြလေသည်။

ဘုရားတည်ပြီး၍ ဌာပနာထည့်ရန် အဆင့်သို့ ရောက်လာသော အချိန်တွင် နီမောင်သည် အိပ်ပျော်နေရင်း ထူးဆန်းသော အိပ်မက် တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားသည့် မြနှင်းဖြူ ရောက်လာသည်။ သူမမျက်နှာမှာ အတန်ငယ် ညှိုးငယ်လျက်ရှိသည်။

"ဘုရားလဲ ပြီးတော့မယ်၊ မနက်ဆိုရင် ဌာပနာထည့်ပြီး ပိတ်





ကြတော့မယ်၊ အစ်ကို့ကို ဒေါ်မင်းဇာ လာပြောထားတာတွေကို သတိရတယ်မဟုတ်လားဟင်"

တလောက အိပ်မက်ထဲတွင် ဒေါ်မင်းဇာကို အိမ်မက်ထဲမှာ တွေ့လိုက်ရပုံများကို ပြန်လည်သတိရမိသည်။

"သူပြောသွားတာတွေက အများကြီးပဲ၊ ဘယ်အကြောင်းလဲဟင်"

"ဝိညာဉ်ကြိုးကိစ္စလေ"

"ဪ သတိရပြီ၊ သတိရပြီ၊ မြနှင်းဖြူရဲ့ ဝိညာဉ်ကြိုးကိစ္စလား"

"ဟုတ်တယ်၊ သေတ္တာထဲမှာ ဝိညာဉ်ကြိုးနှစ်ခုရှိတယ်၊ တစ်ခုက ကျွန်မရဲ့ ဝိညာဉ်ကြိုး၊ နောက်တစ်ခုက ညီမလေး မြသင်းကြူရဲ့ ဝိညာဉ်ကြိုးပဲ"

"ဆက်ပြောပါဦး"

"တကယ်လို့ အစ်ကိုက ဝိညာဉ်ကြိုးကိုယူရင် တစ်ခုပဲယူခွင့်ရှိတယ်၊ နှစ်ခုစလုံး တပြိုင်နက် မယူရဘူး၊ တကယ်လို့ ကျွန်မရဲ့ ဝိညာဉ်ကြိုးကို ယူမိရင် ကျွန်မက လူ့လောကမှာ ဆက်နေခွင့်ရမယ်၊ ဒါမှမဟုတ် ညီမလေးရဲ့ ဝိညာဉ်ကြိုးကို ရွေးမိရင်တော့ ညီမလေး မြသင်းကြူက လူ့ပြည်မှာ ဆက်နေခွင့်ရလိမ့်မယ်"

"ဟင်"

ထိုစကားကြောင့် နီမောင်မှာ များစွာ တုန်လှုပ်သွားမိလေသည်။

"ဒါကတော့ ကံတရားပေါ့ အစ်ကိုရယ်၊ အစ်ကို့ကို ကျွန်မပြောချင်တာက တကယ်လို့ ညီမလေးရဲ့ ဝိညာဉ်ကြိုးကို ရွေးမိရင် အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို တစ်သက်လုံး စောင့်ရှောက်သွားပါနော်”

“အို ဒါကတော့ ဖြစ်မယ်မထင်ဘူး၊ ကိုယ်က မြလေးကိုပဲ ချစ်တာ၊ မြလေးကိုပဲ ရအောင်ယူမယ်”

“ကျွန်မတို့ အားလုံးဟာ ကတိသစ္စာနဲ့ နေကြရတာ၊ ဘယ်သူမှ ကတိသစ္စာကို ဖျက်လို့မရဘူး၊ ကံတရား အစီအမံပေးတာကို လည်း ငြင်းလို့မရဘူး၊ ဝိညာဉ်ကြိုးနှစ်ချောင်း အနက်တစ်ချောင်းကို ရွေးလိုက်ရင် တစ်ယောက်က လူ့လောကမှာ နေခွင့်ရပြီး ကျန်တစ်ယောက်က ပရလောကမှာ နေခဲ့ရတယ်၊ နှစ်ယောက်စလုံး တစ်ပြိုင်နက် သွားလို့မရဘူး”

“တကယ်လို့ မြသင်းကြူရဲ့ဝိညာဉ်ကြိုးကို ရွေးမိရင် ကိုယ် ဘယ်လိုလုပ်ရမလဲဟင်”

“ကျွန်မကိုယ်စား ညီမလေးကိုပဲ တစ်သက်လုံး ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ပေးပါ အစ်ကိုရယ်”

“မြလေးရယ်၊ ကိုယ်ဘယ်လိုလုပ်ရမလဲ၊ တကယ်လို့သာ ကိုယ် အရွေးမှားသွားရင် မြလေးကို တစ်သက်လုံး ပရလောကမှာ ထားခဲ့ရသလို ဖြစ်နေမှာပေါ့”

မြနှင်းဖြူက မျက်ရည်များစီးကျနေရင်းနှင့် ပြုံးလိုက်သည်။

“ဒါကတော့ ကိုယ့်ရဲ့ကံတရားပေါ့ အစ်ကိုရယ်၊ ကံစီမံရာအတိုင်း နာခံရမှာပေါ့။ တကယ်လို့ ကျွန်မ ကံမကောင်းခဲ့ရင်လည်း





ကံကောင်းတဲ့ ညီမလေးအတွက် ဝမ်းသာနေမှာပါ”

နီမောင်က စိတ်မထိန်းနိုင်တော့ပဲ မြနှင်းဖြူကိုယ်ကလေးကို ဖက်ထားလိုက်သည်။ ထိုအခိုက်မှာပင် အိပ်မက်မှ ပြန်နိုးလာသည်။ အိပ်ယာမှ နိုးလာတော့ တစ်ကိုယ်လုံး ချွေးစေးများ ထွက်နေသည်။ ထထိုင်လိုက်ရင်း ထူးဆန်းသောအိပ်မက်အကြောင်းကိုပြန်စဉ်းစားနေသည်။

“ငါ ဒီအိပ်မက်မျိုးမက်တာ နှစ်ခါရှိနေပြီ၊ ဒါတွေက တကယ်ဖြစ်လာမှာလား”

ဟု ဇဝေဇဝါဖြစ်နေလေသည်။ နောက်ပိုင်းရက်များမှာတော့ အားလုံး တက်ညီလက်ညီ လုပ်ကိုင်ကြရာမှ စေတီတော်တည်ခြင်းကိစ္စ ပြီးစီးလေတော့သည်။ စေတီတော်၏ ဘွဲ့အမည်ကိုပင် ကြောင်တစ်ရာမျက်ရှင်စေတီတော်ဟု ပေးကြလေသည်။

ဌာပနာထည့်ရန် အချိန်ရောက်သောအခါ ကျွန်းသေတ္တာကြီးကို အပေါ်ဆင့်သို့ သယ်တင်သွားကြပြီး အခြားသူများကို ပြန်လွှတ်လိုက်လေသည်။ ဘုရားရင်ပြင်တော်ပေါ်မှာ ဦးသီလ၊ ဦးဗန်ကောင်းနှင့် နီမောင်တို့ သုံးယောက်သာ ကျန်ခဲ့သည်။

နီမောင်သည် ကျွန်းသေတ္တာအဖုံးမဖွင့်ခင်ကပင် စိတ်ထဲမှာ တုန်လှုပ်နေလေသည်။ အဖုံးဖွင့်လိုက်သောအခါ အတွင်း၌ ရွှေငွေရတနာများနှင့် ကြောင်မျက်ရှင်ကို တွေ့ရသည်။ ဦးစွာ ကြောင်မျက်ရှင်ကို ရွှေခွက်နှင့်ထည့်၍ ဌာပနာတိုက်အတွင်းသို့ အရင်သွင်းလိုက်လေသည်။

ထို့နောက် ဦးသီလက သေတ္တာအတွင်းမှ ရွှေငွေရတနာများ



www.burmeseclassic.com

www.burmeseclassic.com



ကို သုံးပုံ ပုံကာ တစ်ပုံကို ဘုရားဌာပနာတိုက်အတွင်း ထည့်သည်။ ကျန်နှစ်စုကို ဦးဗန်ကောင်းကို ပေးသည်။

“ဒီနှစ်စုကို မိတ်ဆွေကြီးယူသွားပါ၊ တစ်စုကို မိတ်ဆွေကြီး ကြိုက်သလို သုံးစွဲနိုင်ပြီး ကျန်တဲ့တစ်စုကိုတော့ သာသနာပြုလုပ်ငန်းတွေ၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးပါ၊ ပြီးရင် ကျုပ်တို့ကို ရည်စူးပြီး အမျှအတမ်းတွေ ဝေပေးပါ”

ဟုပြောကာ အပ်သည်။ နီမောင် သေတ္တာအတွင်းသို့ မဝံ့မရဲဖြင့် လှမ်းကြည့်လိုက်သည်။ သေတ္တာအတွင်းမှာ အခြားပစ္စည်းများ မရှိတော့ပဲ ဝင်းလက်နေသည့် ငွေကြိုးလေးနှစ်ချောင်းသာ ကျန်ခဲ့တော့သည်။

“ကျွန်တော် ဒီငွေကြိုးလေးကို ယူပါရစေ”

ထိုသို့ ခွင့်တောင်းသောအခါ ဦးသီလက သူ့ကို သေသေချာချာ ကြည့်သည်။

“မင်း ဆုံးဖြတ်ပြီးပြီလား”

“ဟုတ်..ဟုတ်ကဲ့ ဆုံးဖြတ်ပြီးပါပြီ”

“ဆုံးဖြတ်ပြီးပြီဆိုရင်လဲ ဒီငွေကြိုးနှစ်ခုအနက် မင်းကြိုက်တာ တစ်ခုကို ရွေးယူခွင့်ပေးပါတယ်”

ဦးသီလ စကားကြားသောအခါ နီမောင်က ကျွန်းသေတ္တာကြီး နံဘေးသို့ ဒူးထောက်ထိုင်ချလိုက်သည်။ တစ်ကိုယ်လုံး ချွေးစေးများ ထွက်နေကာ၊ ခြေလက်များမှာ တဆတ်ဆတ် တုန်နေလေသည်။





သေတ္တာအတွင်းသို့ လက်လှမ်းလိုက်ပြီးမှ မကိုင်ဝံ့သဖြင့် တုန့်ခနဲ ဖြစ်သွားကာ လက်ကို ပြန်ရုတ်လိုက်သည်။

အောက်ဖက်သို့ လှမ်းကြည့်လိုက်တော့ အခြားလူများရှေ့တွင် ရပ်ကာ ဘုရားပေါ်သို့ မော့ကြည့်နေကြသော မြနှင်းဖြူရော မြသင်းကြူကိုပါ လှမ်းမြင်ရသည်။ သူတို့မျက်နှာများကို သေသေချာချာ မမြင်ရသော်လည်း စိုးရိမ်စိတ်များရှိနေကြမည်မှာ သေချာ၏။

နောက်တစ်ကြိမ် သေတ္တာထဲသို့ လက်နှိုက်လိုက်ပြန်သည်။ ငွေကြိုးနှင့် လက်နှင့် ထိကာနီးမှ ဘယ်ကြိုးကိုကိုင်ရမည်မှန်း မသိသဖြင့် လက်မှာ တုန့်ခနဲ ဖြစ်သွားသည်။ နောက်မှ စိတ်ကိုတင်းလိုက်ပြီး မျက်လုံးကိုမှိတ်ကာ သေတ္တာထဲမှ ငွေကြိုးတစ်ချောင်းကို ကောက်ယူလိုက်သည်။

ထိုကဲ့သို့ ကောက်ယူလိုက်စဉ်မှာ လေပြင်းကျသံကဲ့သို့ ဝေါခနဲ အသံမျိုးနှင့်အတူ ဆူဆူညံညံအသံများကိုပါ နားထဲမှာ ကြားလိုက်ရသည်။ အတန်ကြာသည်အထိ မျက်လုံးမဖွင့်သေးပဲ လူမှာလည်း တဆတ်ဆတ် တုန်လှုပ်နေသည်။

ဦးဗန်ကောင်းနှင့် ဦးသီလတို့ကတော့ သေတ္တာထဲမှာ ကျန်နေသော ငွေကြိုးကလေးကို ကောက်ယူကာ ဌာပနာတိုက်အတွင်း ထည့်ကာ ဌာပနာတိုက်ကို ပိတ်နေကြလေပြီ။

အတန်ကြာမှ မျက်လုံးဖွင့်ကြည့်လိုက်တော့ စောစောက မြနှင်းဖြူနှင့် မြသင်းကြူတို့ရပ်နေသော နေရာမှာ လူများဝိုင်းအုံနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သာ တွေ့ရပြီး သူတို့နှစ်ယောက်ကို မတွေ့ရတော့ပေ။ သို့ကြောင့် ငွေကြိုးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အောက်သို့အလျင်အမြန်ဆင်းလာခဲ့သည်။

"မြနှင်းဖြူ…မြနှင်းဖြူ"

အနားရောက်တော့ လူအုပ်ကြီးဝိုင်းအုံနေသည်ကို တိုးဝှေ့ကာ ဝင်ကြည့်လိုက်သည်။

"ဟာ"

အသက်ရှူရပ်လုမတတ် တုန်လှုပ်သွားသည်။ မြေပေါ်မှာ မိခင်ဒေါ်နှင်းကြူက မြနှင်းဖြူကို ပွေ့ထားသည်ကို မြင်ရသည်။

"မြနှင်းဖြူ…မြနှင်းဖြူ"

"သူ့ အသက်မရှိတော့ပါဘူးကွယ်"

ဟု ဒေါ်နှင်းကြူက ငိုသံပါကြီးနှင့် ပြောသည်။

"ဖြစ်ရလေ မြနှင်းဖြူရယ်၊ ဖြစ်ရလေ၊ ကိုယ့်အမှားကြောင့် မြနှင်းဖြူ အခုလို ဖြစ်ရတာ၊ ကိုယ်ဘယ်လို ဖြေရမှာလဲကွယ်"

"ဒါက မင်းရဲ့အပြစ်ကြောင့်မဟုတ်ပါဘူး၊ သူ့ဘဝရဲ့ ကံတရားကြောင့် ဖြစ်ရတာပါ၊ စိတ်ကိုဖြေပါတော့ မောင်ရယ်"

အားလုံးက ဝိုင်းဝန်း၍ ဖျောင်းဖျနှစ်သိမ့်ပေးကြသည်။ အတန်ကြာမှ နီမောင်က မျက်ရည်များကိုသုတ်ကာ နေရာမှထလိုက်ပြီး ကြည့်လိုက်တော့ မိခင်အနီးမှာ မတ်တတ်ရပ်ကာ ငိုကြွေးနေသော မြသင်းကြူကို တွေ့ရသဖြင့် အနီးသို့သွားကာ လက်ထဲမှ ငွေကြိုးလေး



BURMESE CLASSIC .com



ကို မြသင်းကြူလည်ပင်းကို စွပ်ပေးလိုက်သည်။

"မင်းရဲ့ဆန္ဒအတိုင်း ကိုယ် မြသင်းကြူကို တစ်သက်လုံးစောင့်ရှောက်သွားပါ့မယ်၊ မင်းဘဝဟောင်းက ကျေနပ်ပါတော့၊ ကံဆိုးရှာတဲ့ ချစ်သူရယ်"

ဟု တိုးတိုးလေး ရေရွတ်ပြောဆိုလိုက်လေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ကိစ္စအဝဝများ အားလုံးပြီးစီးသွားပြီး ဖြစ်သဖြင့် နီမောင်တို့ လှေကြီးပြန်ထွက်ကြလေသည်။ သူတို့ပြန်တော့ တစ်ရွာလုံးက ကမ်းစပ်ဆင်းကာ နှုတ်ဆက်ကြသည်။ ညနေစောင်း အချိန်တွင် ရွာခြေမှထွက်လာကြရာ လှေသွားရာနောက်သို့ ကမ်းစပ်မှ လိုက်လာသော ဖြူဖြူသဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

"ဟိုမှာ … မမ လိုက်လာပြီး နှုတ်ဆက်နေတယ်"

မြသင်းကြူက ပြောသဖြင့် လှမ်းကြည့်လိုက်တော့ အမှောင်ရိပ်သမ်းစပြုနေသော ကမ်းပေါ်မှ လိုက်လာသော မြနှင်းဖြူ၏ သဏ္ဌာန်ကို ဝိုးတဝါးလှမ်းမြင်ရသည်။

သူတို့လှေကြီး ချောင်းတွင်းမှ မြစ်ပြင်သို့ထွက်သောအခါ ထိုသဏ္ဌာန်မှာ ကမ်းနဖူးထိပ်တွင် ရပ်တန့်ကာ ကျန်ရစ်ခဲ့လေသည်။ ထိုအခါ နီမောင်ရော မြသင်းကြူပါ မျက်ရည်အဝိုင်းသားဖြင့် လက်ပြနှုတ်ဆက်လိုက်ကြရင်း…

"နေရစ်ခဲ့တော့ ကံဆိုးရှာတဲ့ မောင့်ချစ်သူရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု နီမောင်နှုတ်မှ တိုးတိုးလေးရေရွတ်လိုက်သည်။ ထိုမှတစ်ပါး အခြားဘာမှ မတတ်သာတော့ပြီ။ ဤတွင် ကျွန်ုပ်ရေးသားသော (ကြောင်တစ်ရာမျက်ရှင်) ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဃော ဟောတု သုခိအတ္တာနံ ပရိဟာရန္တု

*ကြီးစက္က*

စာပြီးချိန်။ ။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာ (၁၁) ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၁၁) နာရီ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com